www.burmeseclassic.com



# နှုတ်သမီး

မရဏဘိသိက်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီး

မရဏာဘီသိက်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးတာပေ)
အမှတ်- ၅၂၀(က)၊ အခန်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎ : ၀၉ ၄၂၀ ၂၇၃၃ ၂၉
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးတာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
မရဏာဘီသိက်
ဗျူးတာမေ ၊ ၂၀၁၄။
၂၂၄ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) မရဏာဘီသိက်

## အခန်း (၁)

"ဝါး တကယ့်အလန်းလေးပဲ၊ အနီးကပ်မြင်ရရင် ပိုတောင်လှဦးမယ်"

တစ်ဖက်အိမ်သို့ပြောင်းလာကြသော လူသစ်တွေထဲမှ လိပ်ပြာမလေးနှစ်ယောက်ကို မှန်ဘီလူးဖြင့်ချောင်းကြည့်ရင်း မြတ်သော သဘောအကျကြီး ကျနေ၏။

"နှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ လှကြတာပဲ"

**အိမ်ထဲမှာနေရင်း အပျင်းပြေစေမယ့် ပသာဒလေးတွေမို့ မနက်ဖြန်ပေါင်းများစွာအတွက် ကျေနပ်နေမိသည်။**

ဖြစ်နိုင်လျှင် ချက်ချင်းပင်သွား၍ မိတ်ဆက်ပြီး စကားရောဖောရော နေလိုက်ချင်တာ။ အခြေအနေမပေးရင် တစ်ခါတည်း မိတ်ပျက်သွားမည်စိုး၍သာ ဆန္ဒကို ချုပ်ငြိမ်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သော ငါဗိုက်ဆာပြီကွ အဲဒီအခန်းထဲဝင်ပြီး ဘာလုပ်နေတာလဲ မင်းအမေစာအုပ်တွေကို ဖွမနေနဲ့ဦးနော်"

ဧည့်ခန်းထဲမှ အဘိုး၏ အသံပေးမှုကြောင့် တစ်ဖက်ခြံကို မှန်ဘီလူးဖြင့်ချောင်းနေသော မြတ်သော ဖီးလ်ပျက်သွားကာ ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"ကျွတ် စောစောက စားမလား ထမင်းပွဲပြင်ပေးမယ်ဆိုတော့ မစားသေးဘူးတဲ့၊ အခု သူများ အလုပ်လုပ်နေတော့မှ ထမင်းစားမယ်တဲ့ ဗော်ဗော်ဂွကျတဲ့ အဘိုးပဲကွာ"

အဘိုးကို မကျေမနပ် တွတ်ပွတွတ်ပွပြောပြီး လက်ထဲမှ မှန်ဘီလူးကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်တင်လိုက်သည်။

ဒီလိုပါပဲ အသက်ရှစ်ဆယ်ကျော် အဘိုးနှင့် အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် မြတ်သောလို လူငယ်လေးနှင့် ဘယ်မှာလာ စိတ်သဘောထား တိုက်ဆိုင်မှာတဲ့လဲ။

သက်မကို လူကြီးဆန်ဆန် ဟင်းခနဲချပြီး ထမင်းစားခန်းဘက်သို့ ပေစောင်းပေစောင်း ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှာ အဘိုးကို အရမ်းကြီး မကျေနပ်လို့တော့ မဟုတ်။ ကောင်မလေးတွေကို ကြည့်ရတာ အရှိန်ပျက်သွား၍သာ စိတ်ကသိကအောက် ဖြစ်သွားခြင်းသာ ဖြစ်သည်။ သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း အဘိုးအတွက်ဆိုလျှင် မြတ်သောဟာ တစ်ဦးတည်းသော မြေးဖြစ်သလို အလေးထားချစ်ခင်ရသော အတွယ်တာခုံးသူဟုပြောလျှင်မမှား။





အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နားနီးပြီမို့ အဘိုး၏ စိတ်ခံစားမှုတွေသည် အတည်တကျမရှိတော့။ အရပ်စကားပြောရမည်ဆိုလျှင် သူငယ်ပြန်နေသော အရွယ်ဟုပင် ပြောရမည်။

တကယ်လည်း အဘိုး သူငယ်ပြန်နေပါသည်။

သူ မထင်လျှင်မထင်သလို လူငယ်တစ်ယောက်လို ပေါက်ပန်းလေးဆယ်တွေပြောပြီး တစ်ခါတစ်ရံ မြတ်သောကို သူငယ်ချင်းပေါင်းပေါင်းတတ်သည်။

မာမို့အား အမေတစ်ယောက်ကို သားတစ်ယောက်က ဂျီကျသလို ကျတတ်သည်။ မာမီကလည်း ဖခင်တစ်ယောက်မို့ အဘိုးအပေါ်မှာ အလွန်စိတ်ရှည်သည်။ တစ်စက်ကလေးမှ စိတ်ပျက်ငြီးငြင်ခြင်းမရှိ။

တစ်ခါတစ်ရံ မြတ်သောနှင့်အဘိုး စိတ်ကတောက်ကဆတ်ဖြစ်ကြလျှင်တောင် မာမီဟာ အဘိုးဘက်ကနေ ရပ်တည်ပေးပြီး မြတ်သောကို နားလည်သဘောပေါက်အောင် ပြောသည်။

မာမီသည် ရှေ့နေပီပီ စကားပြောရာမှာ အင်မတန် ပါးနပ်လိမ္မာသော သူဖြစ်သည်။

မာမီလိုက်သော အမှုသည်မှန်သမျှသည် အမှုနိုင်ကြသည်ကများသည်။ အမှုကို ကိုင်တွယ်သုံးသပ်ရာတွင် စနစ်ကျသည်။ တိကျမှန်ကန်သည်။ တရားမျှတမှုရှိသည်။ ဘက်မလိုက်။

အမှုသည်တွေအပေါ် မေတ္တာတရား အပြည့်အဝထားပြီး စာနာနားလည်ပေးသည်။ မတရားစွပ်စွဲအရေးယူခံရသည်ဖြစ်စေ၊ မရှဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မရှောင်သာ မှားခဲ့၍ ဥပဒေ၏အပြစ်ကို ခံယူရသည်ဖြစ်စေ မည်သည့်တရားခံကိုမဆို အမှုလိုက်ခဲ့ မတော်မတရား မတောင်းခံတတ်။

"မြတ်သော ထမင်းပွဲ ပြင်ပြီးပြီလား"

ဒုတိယအကြိမ်မြောက် ဂျိုတွန်သံကြောင့် အတွေးတို့ကို ခဏဖြတ်တောက်ကာ

"ဟုတ် ပြင်နေပြီ အဘိုးရေ"

နားသိပ်မကောင်းသော အဘိုးကြားစေရန် အသံကို အနည်းငယ်မြှင့်၍ပြောလိုက်သည်။

ကြက်စွပ်ပြုတ်အိုးကိုနွှေးရန် ဂတ်စ်မီးဖိုခလုပ်ကို ဖွင့်လိုက်သည်။ အဘိုးသည် ဟင်းရည်အေးနေလျှင် မစားတတ်။ ထို့ကြောင့် စိတ်ရှည်လက်ရှည် ပြန်နွှေးပေးနေခြင်း ဖြစ်သည်။

အားလုံးပြီးစီးသွားသည်နှင့် အငွေ့တထောင်းထောင်း ထနေသော ထမင်းပွဲနှင့် ဟင်းပွဲအချို့ကိုကြည့်ကာ အဆင်သင့်ဖြစ်ပြီမို့

"အဘိုးရေ စားလို့ရပြီ"

အဘိုးကို လှမ်းပြောပြီး သိပ်မကြာလိုက် အဘိုး ထမင်းစားခန်းထဲကို ဝင်လာ၏။

"မြေးရော မစားသေးဘူးလား အဖော်ရအောင် တစ်ခါတည်း ဝင်စားလိုက်ပါလား"

"မဆာသေးပါဘူး အဘိုးရာ၊ အဘိုးဖာသာ စားပါ"

"လာပါကွာ ငါတစ်ယောက်ထဲ ပျင်းလို့ပါ"





အဘိုးတို့ ကလေးတစ်ယောက်လို ဂျစ်ကျပြီ။

"ဟာ မဆာသေးပါဘူး အဘိုးရာ၊ ဖြိုးပိုင်တို့လာရင် အပြင်သွားမလို့ စောင့်နေတာ၊ ဒီမနက်အပြင်မှာ စားဖြစ်ဖို့များတယ်"

ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သော အဘိုး ဖင်ပြန်ကြွသွားသည်။

"ဟေ ဟုတ်လား၊ ဒါဆို ငါလည်းမစားသေးဘူး၊ မင်းတို့နဲ့ အတူတူလိုက်မယ်လေ ငါ့ကိုခေါ် သိလား"

အရွယ်နှင့်မလိုက်အောင် တက်ကြွသွားသော အဘိုးကိုကြည့်ပြီး မြတ်သော ရယ်ချင်သွားသည်။

"ဟာ အဘိုးကလည်း ဖြိုးပိုင်က သူ့ကောင်မလေးနဲ့ သွားတွေ့မှာ သားက အဖော်လိုက်သွားပေးရုံလေးပဲ"

"အံမယ် မင်းငါ့ကိုညာပြန်ပြီ မင်းနဲ့ဖြိုးပိုင် မနက်က ဖုန်းပြောနေတာ ငါကြားပြီးသားပါ၊ ဘာတဲ့ ဆံပင်ကေသွားရှိုင်းပြီး Skin Care လုပ်မယ်ဆိုလား၊ မင်းတို့က မမိုက်ဘူး ငါ့ကိုကျတော့ ခေါ်ထားခဲ့တယ်၊ မင်းတို့ကျတော့ ပွေးချင်ရာကို လျှောက်ပွေးတယ်ပေါ့"

အရွယ်နှင့်မမျှသော စကားတွေဖြင့် စကားနာထိုးနေသော ကြောင့် ပြောမိတာမှားပြီဟုပဲ ကိုယ့်ကိုကိုယ် အပြစ်ပြန်တင်လိုက်ရင်း

"ပွေးတာမဟုတ်ပါဘူး ဘိုးရာ ဖြိုးပိုင်က သူ့အိမ်က လူကြီးတွေ တွေ့သွားရင် မြေးကောင်မလေးလို့ လွှဲချလို့ရအောင် အဖော်ခဏ လိုက်ပေးရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟုတ်လား အဲဒီကောင်မလေးနဲ့ သဘောမတူလို့လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ သဘောမတူတာလဲ"

ထမင်းစားစရာရှိ မစားဘဲ အသေးစိတ် စပ်စုနေသော အဘိုးကြောင့် မြတ်သော စိတ်လေစွာ ခေါင်းကို ခပ်ဖွဖွကုတ်လိုက်ပြီး

"ကောင်မလေးက ဆင်းရဲလို့"

"ဩော် ဆင်းရဲတာ မချမ်းသာလို့ပေါ့ ခိခိ ခိ လူတွေ လူတွေ ခုထိကို အကျွတ်တရားမရသေးဘူး။ ဒါအမိုက်မှောင်လောဘပဲ သေရင်ကိုယ့်နောက်ဘာမှမပါဘူး။ လောကကြီးထဲမှာ ချမ်းသာခြင်း ဆင်းရဲခြင်းထက် ရင်ဘတ်ထဲကလာတဲ့ အချစ်က ပိုပြီးလေးနက်ခိုင်မာမှုရှိတယ် ဆိုတာ သူတို့ သဘောမပေါက်ကြသေးဘူး"

တရားသဘောဖြင့် တဖန်ပြောင်း၍ ပြောနေသော အဘိုး၏ အမူအရာသည် ပြန်၍ လူကြီးဆန်နေသဖြင့် ခေါက်ထားခဲ့လို့ရသည့် အခြေအနေဟု တွေးပြီး လှစ်ထွက်ရန် ပြင်လိုက်သည်။

"ဟော့ နေဦးလေ ငါ့စကားမှ မဆုံးသေးတာ"

"ဗျာ"

"ငါ့စကား မဆုံးသေးဘူး"

"ဟုတ် ပြော ပြောလေ"

"ငါပါ အဖော်လိုက်ပေးမယ်၊ အကယ်၍ ဖြူးပိုင် မိဘတွေ မြင်သွားရင် အဲဒီကောင်မလေးက ငါ့ကောင်မလေးဆိုပြီးသာ လွှဲချလိုက်





ငါလုံးဝ စိတ်မဆိုးဘူး ဟဲ ဟဲ ဟဲ ဟဲ"

အဘိုးစကားကြောင့် မြတ်သော မျက်လုံးပြူးသွားကာ အကြီးအကျယ် စိတ်လေသွားသည်။

ဆယ်ကျော်သက် အရွယ်တွေကြားထဲ ကန့်လန့်ကန့်လန့် ပါချင်ရုံတင်မက ကိုယ့်မြေးအရွယ်ကို သူ့ကောင်မလေးဟု လွှဲချစေချင်သေးသည်။

တော်တော် လောဘကြီးသည့် အဘိုး . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"အန်တီနု ယသော့်အရုပ်တွေကို အဲဒီဗီရိုထဲ မထည့်ထားနဲ့လေ သူတို့ အရမ်းမွန်းကျပ်သွားမှာပေါ့လို့"

သေတ္တာကြီးထဲမှ အရုပ်တွေကို မှန်ဗီရိုထဲ ပြောင်းထည့်နေသော အန်တီနု ယသော် စကားကြောင့် တွန့်သွားသည်။ ပြီးမှ ယသော့်ကို လှည့်ကြည့်ပြီး ပြုံးကာ

"ယသော်လေးရယ် အရုပ်က အသက်မှ မရှိတဲ့ဟာ ဘယ်လိုလုပ် အသက်ရှူကျပ်ရမှာလဲကွယ် အဟင်း ဟင်း ဟင်း၊ ငါ့တူမလေးကလေ သိပ်ပြီး ရှိမန့်ဆန်တာပဲကွယ်"

"ရှိမန့်ဆန်တာ မဟုတ်ပါဘူး အန်တီနုရယ်၊ အဲဒီအရုပ်ကလေးတွေက ယသော် ငယ်ငယ်ကတည်းက အဖော်လုပ်လာတဲ့ အရုပ်ကလေးတွေပါ၊ ယသော့် သူငယ်ချင်းတွေဆိုရင်လည်း မမှားပါဘူး"





အန်တီနု လက်ထဲမှ ဝက်ဝံမွေးပွရုပ်ကြီးကို လှမ်းယူကာ ပြောလိုက်သော ယသော် မျက်နှာပေါ်မှာ နူးညံ့သိမ်မွေ့ခြင်းတွေ စီးမျောကာ အသံတို့သည် တိုးသက်ညင်သာ၍ နေသည်။

မျက်ဝန်းလေးက လက်ဖြာနေပေမယ့် မျက်နှာလေးမှာ ဖြူဖျော့နေသည်မို့ အန်တီနု ယသော်နှင့်ဆက်ပြီး အငြင်းမပွားလိုပါ။ ထို့ကြောင့် ယသော့် ဆန္ဒအတိုင်းပင် အရုပ်တွေကို မှန်ဗီရိုထဲ ဆက်မထည့်တော့ဘဲ ထည့်ပြီးသား အရုပ်တွေကိုပါ ပြန်ထုတ်လိုက်သည်။

ဒီတော့မှ ယသော့်မျက်နှာလေး ခပ်ဖျော့ဖျော့ပြုံးလာပြီး အန်တီနုကို ကျေးဇူးတင်စွာ ကြည့်လိုက်သည်။

"ပစ္စည်းတွေ ယသော်ပဲ ဝိုင်းသိမ်းပေးပါ့မယ်၊ အန်တီနုရယ်"

"အမလေး နေပါ မသိမ်းပါနဲ့၊ အန်တီနု လုပ်နိုင်ပါတယ်၊ သမီးညီမလေးလည်း ရှိတာပဲ"

"အို ဒီအိမ်ကြီးတစ်အိမ်လုံး ပြောင်းလာတဲ့ ပစ္စည်းတွေကို အန်တီနုတို့ သားအမိနှစ်ယောက် ဘယ်လိုသိမ်းမလဲ၊ ကိုကိုကလည်း ဘာမှအဖော်ရတာ မဟုတ်ဘူး။ ဒီနေ့အိမ်ပြောင်းရမယ်ဆိုတာ သိသိကြီးနဲ့ ဘယ်ကိုထွက်သွားမှန်းကို မသိဘူး၊ တော်သေးတာပေါ့ လေးလေးပြည့်ရဲ့ရုံကအလုပ်သမားတွေ ဝိုင်းကူပြောင်းပေးလို့ပေါ့၊ နို့မို့ဆို မလွယ်ဘူး"

အန်တီနုတို့ သားအမိအလုပ်တွေရှုပ် ပင်ပန်းနေလေ ကိုကို့ကို ဒေါသထွက်လေ ဖြစ်နေသည်။

"ဩော် သမီးရယ် နေပါစေ၊ သူ့ကို တွက်ကပ်မနေပါနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီအတိုင်းပဲ နေတတ်တာ သိရဲ့သားနဲ့၊ အန်တီနုတို့ ဖြည်းဖြည်း ချင်း သိမ်းမှာပေါ့"

"ယသော်ပါ ဝိုင်းသိမ်းပေးမယ် အန်တီနု"

"အို အမလေး ငြိမ်ငြိမ်လေးနေပေးပါ၊ ငါ့တူမလေး လက်တွေ နာကုန်ပါ့မယ်ကွယ်"

"မနာပါဘူး အန်တီနုရယ်၊ ဒီအတိုင်းအလကား ငြိမ်နေတာ ထက်စာရင် ကိုယ်လက်လှုပ်ရှားမှုလေး ဖြစ်သွားအောင် ဝိုင်းလုပ်လိုက် တော့ ပိုပြီးနေလို့ကောင်း ကောင်းသွားဦးမယ်"

လက်ထဲမှ မွေးပွရုပ်ကိုချကာ အဝတ်သေတ္တာကို လှမ်းဆွဲ နေသော ယသော့်လက်ကို အန်တီနု အတင်းဆွဲထားလိုက်ပြီး

"တောင်းပန်ပါတယ် ယသော်လေးရယ်၊ သမီးကို ဆရာဝန်ကြီး က ပင်ပန်းတာတွေ မလုပ်ရဘူးလို့ မှာထားတယ်လေ၊ သမီးသာ တစ်ခု ခုဖြစ်ရင် ကိုကိုကြီးနဲ့မကြီးက အန်တီနုကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"

ငယ်စဉ်ကတည်းက ချစ်ကြောက်ရိုသေခဲ့ရသော အစ်ကိုနှင့် ယောက်မ၏ အပြစ်တင်စကားကို မကြားလိုသလို သမီးအရင်းကလေး လို စောင့်ရှောက်ခွင့်ရခဲ့သော ယသော်လေး တစ်ခုခုဖြစ်သွားမှာကိုလည်း ဒေါ်နုနုသက် မလိုလားပါ။

"ဩော် အန်တီနုရယ် ယသော်ကို လူမမာကြီးလို မဆက်ဆံ ပါနဲ့လို့"

"ဒါပေမဲ့ သမီးမှ အမောမခံနိုင်တာ နှလုံးရောဂါသမားဆိုတာ





ပင်ပန်းတဲ့အလုပ် မလုပ်ရဘူး၊ အမြဲတမ်း သက်သောင့်သက်သာ နေရတယ်"

"ဟုတ်တယ် ယသော်ရဲ့၊ ယသော်ပျင်းရင် အိမ်သူတို့သားအမိ ပစ္စည်းတွေ နေရာချနေတာကို ထိုင်ကြည့်ပြီး ညွှန်ကြားပေါ့ နော် မေမေ"

အိမ်သူပါ အနားရောက်လာပြီး ဒေါ်နုနုသက်နှင့် တစ်လေ သံတည်းတူအောင် ယသော် အလုပ်ကူလုပ်မှာကို ကန့်ကွက်၏။ ယသော့် အပေါ်မှာ အမေအရင်းထက်တောင် ပိုပြီး ဂရုစိုက်သော အန်တီနုနှင့် ညီမအရင်းလေးလို အနစ်နာခံပြုစု စောင့်ရှောက်ပေးသော အိမ်သူလေး ကို ယသော့်စိတ်ထဲမှာ နှစ်နှစ်ကာကာကို သံယောဇဉ် တွယ်မိနေတာပါ။

ခုလိုအခြေအနေမျိုးမှာ အန်တီနုနှင့် အိမ်သူသာလျှင် ယသော့် ရဲ့ အရင်းနှီးဆုံး သွေးသားတွေပါပဲ။

ယသော့် မိဘတွေက နိုင်ငံရပ်ခြားမှာ စီးပွားရှာနေ၍ ယသော် နှင့် ကိုကို့ကို ငွေကြေးဥစ္စာပြည့်စုံအောင် ထားနိုင်ပေမယ့် အနီးကပ် နေထိုင်ပြီး မိဘ၏ ရင်ငွေ့ကို မပေးနိုင်။

တကယ်တမ်း ယသော်တို့ ရင်ငွေ့ခိုလှုံခွင့်ရခဲ့တာက အန်တီနု၏ မေတ္တာရင်ခွင်ကိုသာ ခိုလှုံခွင့်ရခဲ့တာပါ။

"ယသော် ဒီပြတင်းပေါက် လိုက်ကာလေးကို ဘာအရောင် ဘပ်ပေးရမလဲ"

အိမ်သူ့အမေးကြောင့် ပီတိတွေဖြင့် ချိုမြိန်နေသော အကြည့် ဖြင့် အိမ်သူ့ကို လှမ်းကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မိုးပြာရောင်လေး တပ်လိုက်ပါလား အိမ်သူ၊ ဒီလို ဆောင်းဦးရာသီက မိုးပြာရောင်လေးနဲ့ သိပ်လိုက်ဖက်တာ၊ အပြင်ရှုခင်းကို မိုးပြာရောင် ခန်းဆီးလိုက်ကာကတစ်ဆင့် ကျော်ကြည့်ရတဲ့ အရသာက ရင်ကို ချမ်းမြေ့မှုတွေ ပေးနိုင်တယ်လေ"

"အမလေး စိတ်ကူးလေးက ဆောင်းလေနဲ့အတူ လတ်ဆတ်လိုက်တာ ဒါဆို မိုးပြာရောင် ဖဲသားလိုက်ကာလေးပဲ တပ်လိုက်တော့မယ်နော် သိလား၊ အိပ်ရာခင်းတွေကိုလည်း မိုးပြာရောင်လေးပဲ ခင်းလိုက်တော့မယ်"

"အင်းပါ အိမ်သူသဘော ဪ ဘွန်ဆိုင်းပင်လေးတွေကို အခန်းထဲမှာ ထည့်ထားပေးနော် အိမ်သူ"

"စိတ်ချ ခန်းဆီးလိုက်ကာတွေ တပ်ပြီးတာနဲ့ ဘွန်ဆိုင်းပင်လေးတွေကို ဒီအခန်းထဲမှာ ထည့်ထားပေးမယ်၊ ငါးကန်ကိုတော့ ယသော်အခန်းရဲ့ လသာဆောင်လေးမှာ ထုတ်ထားလိုက်မယ်နော်"

အမြဲတမ်း ယသော့်စိတ်တိုင်းကျ လုပ်ပေးသော အိမ်သူကို ကျေးဇူးတင်စွာဖြင့် ပြုံး၍ကြည့်လိုက်သည်။

မေတ္တာစေတ်သည် လူတွေ၏ စိတ်နှလုံးကို နူးညံ့စင်ကြယ်အောင် လုပ်ပေးနိုင်စွမ်းရှိသည်ပဲ။

အိမ်သူဟာ ယသော့်ညီမအရင်းလေးပဲ ဖြစ်လိုက်ပါတော့။



## အခန်း (၃)

"ဟာ အဘိုးက ဘာဖြစ်လို့ ပါလာရတာလဲ"

ကောင်မလေးနှင့်အတူ ထိုင်နေသော ဖြိုးပိုင်မှာ မြတ်သောနှင့် အတူပါလာသော အဘိုးကိုမြင်သည်နှင့် စိတ်လေသွားဟန်ဖြင့် မေးလိုက်သည်။

"ဟာ ငါလည်း မင်းတို့နဲ့အတူ လျှောက်လည်ဖို့ အခွင့်အရေးရှိတယ်လေ၊ လောကကြီးရဲ့ အလှအပတွေကို မင်းတို့ချည်းပဲ ခံစားလို့ရမလား။ ဟဲ ဟဲ ဒါနဲ့ မင်းကောင်မလေးက အလန်းဇယားလေးပဲ မိတ်ဆက်ပေးဦး"

အရွယ်နှင့်မလိုက်အောင် ခေတ်ဆန်သော လူငယ်စတိုင်လူငယ်ဟန်ဖြင့် ပြောနေသော အဘိုးကို ဖြိုးပိုင်၏ ကောင်မလေး တအံ့တသြကြည့်ပြီး မျက်နှာပေါ်မှာ ရယ်ချင်ရိပ်ကို မနည်းထိန်းထားရပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သွားသည်။

ဖြိုးပိုင်လည်း ဘာပြောရမှန်းမသိအောင် ယောင်နန ဖြစ်သွားပြီး မြတ်သောကို မော့ကြည့်ပြီး အရိပ်အကဲကို မျက်ရိပ်ဖြင့်လှမ်းမေးသည်။

မြတ်သော ပခုံးတစ်ချက် မာန်ပါပါတွန့်ပြီး ဟက်ခနဲရယ်ကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကဲ အဘိုး ဘာမှာမလဲ"

"အသည်းပုံ ကော်ဖီမှာလေ"

"ခိ ခိ ခိ"

ကောင်မလေးထံမှ ရယ်သံထွက်ပေါ်လာသည်။

"ဟော့ ညီမလေး ဘာရယ်တာလဲ၊ ကိုယ့်ရဲ့ ဝတ်ပုံစားပုံကို ခိုက်သွားလို့ မဟုတ်လား"

"အဟင်း အဘိုး ပုံစံက ရက်ပါပဲ"

အနီရောင်ပေါ်မှာ နုတ်ခမ်းဒီဇိုင်းတွေ ရှုပ်ယှက်ခပ်နေသော အင်္ကျီပွပွကြီးကို အောက်မှ ကျွဲတားဘောင်းဘီအတို ပွပွကြီးနှင့် တွဲဝတ်ထားပြီး ဦးထုပ်ကို နောက်ပြန်ဆောင်းထားသော အဘိုး၏စတိုင်မှာ ဒီခေတ် ရက်ပါ ကောင်မလေးတွေ၏ စတိုင်မျိုး။ စီးထားသော ဝေါကင်းရှူးပေါ်မှ ခြေသလုံးသားပိန်ပိန်တွေက ဇရာတွေဖော်ပြနေပေမယ့် အဘိုးကတော့ သူ့ကိုယ်သူ လူငယ်လေးတစ်ယောက်လို မြူးကြွ သွက်လက်နေ၏။





လက်ချောင်းတွေက စားပွဲခုံပေါ်သို့ တဒေါက်ဒေါက်ခေါက်ကာ ကော်ဖီဆိုင်လေးမှ သီချင်းမြူးဇစ်ကို စည်းချက်လိုက်နေသည်။ တစ်ခါတစ်ရံ ခပ်တိုးတိုးပင် လိုက်ညည်းလိုက်သေးသည်။

မြတ်သောနှင့်ဖြိုးပိုင်က အဘိုးအကြောင်းကို သိထားပေမယ့် ဖြိုးပိုင်၏ ကောင်မလေးက အဘိုးအကြောင်းကို သိမထားသဖြင့် အဘိုး၏ လှုပ်ရှားမှုတွေကို အထူးအဆန်းဖြစ်ပြီး တအံ့တသြ ကြည့်နေရှာ၏။

မြတ်သော ကော်ဖီမှာလိုက်သဖြင့် စားပွဲထိုးလေးမှာ ကော်ဖီနှင့် ဘာဂါ လာချပေးသည်။ အဘိုးပြောသလိုပင် ကော်ဖီခွက်ထဲမှာ အသည်းပုံ ဒီဇိုင်းလေးနှင့်မို့ အဘိုးသဘောကျနေ၏။

"မြတ်သော မင်းအသည်းပုံက သိပ်မလှဘူး ငါ့အသည်းပုံက မှ ပိုမိုက်တာ ဟား ဟား ဟား"

"ကိုဖြိုး ဒီအဘိုးပုံစံက ပုံမှန်မဟုတ်ဘူးလား"

ကောင်မလေးမှ ဖြိုးပိုင်ကို အသံခပ်အုပ်အုပ်ဖြင့် မေးသည်။

"မဟုတ်ဘူး အသက်ရှစ်ဆယ်ကျော်ပြီဆိုတော့ သူငယ်ပြန်နေပြီ ဒါကြောင့် ပေါက်ကရတွေ လျှောက်ပြောနေတာ"

"ဩော် ဒါကြောင့်ကို ခစ် ခစ် ခစ် ပုံစံက ရယ်ရတယ်နော်"

ကောင်မလေး သဘောတကျရယ်ရင်း အဘိုးကို ပြုံးကြည့်နေ၏။

ထို့နောက် လူငယ်တွေ စကားဝိုင်းမှာ အဘိုးသည် သူ့ကိုယ်သူ လူငယ်တစ်ယောက်ဟု သတ်မှတ်ကာ သိတာတွေရော မသိတာတွေရော



www.burmeseclassic.com

www.burmeseclassic.com



ရောယောင်ပြီး လျှောက်ပြောနေသဖြင့် မြတ်သောအဖို့ စိတ်ပျက်စရာတစ်ဝက် ရယ်စရာတစ်ဝက်ပါပဲ။

အမူသည်ကိစ္စဖြင့် နယ်ကိုရောက်နေသော မာမို့ကိုသာ ဟစ်ဟစ်ပြီး တလိုက်ချင်တော့၏။

ကိုယ့်သားကို မာမို့အဖေ အမွေစိန်ကြီးနဲ့မှ ထားသွားရက်လေခြင်းဟု။

■ ■ ■



## အခန်း (၄)

"ကိုကို ယသော်ကို ဒီနေ့ ရှော့ပင်လိုက်ပို့ပေးပါလား ဝယ်စရာလေးတွေ ရှိလို့"

ကားသော့ တရမ်းရမ်းဖြင့် အပြင်ထွက်ဖို့ပြင်နေသော နန္ဒမှာ ယသော်ကို ရှုပ်ရန်ကောဟူသော အကြည့်ဖြင့် ငဲ့ကြည့်ပြီး ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"လုပ်ပါ ကိုကိုရယ် ယသော် ကားမမောင်းချင်လို့ပါ"

ကားတွေ အရမ်းရှုပ်လာပြီးကတည်းက ယသော်မေ ကားကို ကိုယ်တိုင်မမောင်းတော့

"ဒါဆိုရင်လည်း အိမ်သူကို လိုက်ပို့ခိုင်းပါလား သော်လေးရာ၊ ငါ ဘော်ဒါတွေနဲ့ ချိန်းထားလို့ပါ"

ညီမအပေါ် အမြဲတမ်း စိတ်မရှည် တာဝန်မယူတတ်သော



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနန္ဒကို ယသော် အမြဲမကျေမနပ် ဖြစ်ရသည်။

မိဘတွေ အဝေးရောက်နေ၍ ညီမ ရောဂါသည်လေးကိုများ ဂရုစိုက်မလားမှတ်တယ်၊ သူ့ရည်းစားတွေ သူငယ်ချင်းတွေလောက် ယခုသော် အရေးမပါခဲ့။

"ကိုကိုဟာလေ ယသော့်ကိုဆိုရင် လုံးဝစိတ်မရှည်ဘူး။ ဘာကာကွယ်မှုမှလည်း မပေးဘူး။ ခုနေ ယသော် ဘုန်းခနဲ လဲသေသွားရင်တောင် ကိုကို ယသော့်ကို လှည့်ကြည့်ပါ့မလား ဟင်"

ဒေါသထွက်လာရင် အသံတွေပင် မာဆတ်၍သွားသည်။

"ဟာ ဘာတွေလာလျှောက်မေးနေတာလဲ သော်လေးရာ၊ အဓိပ္ပါယ်မရှိ နင်ကဘာလို့သေရမှာလဲ၊ မဖြစ်စလောက် နှလုံးရောဂါလေးကို ပုံကြီးချဲ့ပြီး လူမမာ ရောဂါသည်တစ်ယောက်လို နေမနေနဲ့၊ တစ်ခါတလေလည်း ကိုယ့်အားကိုယ်ကိုး ကြည့်ပါလား။ တော်ပြီ တော်ပြီ ညည်းနဲ့စကားပြောနေတာနဲ့တင် ချိန်းထားတဲ့ အချိန်ကျော်နေပြီ၊ ငါလစ်တော့မယ်၊ ဒီညပြန်အိပ်ချင်မှ ပြန်အိပ်မှာနော်"

ပိုပင်ဆိုးသွားသဖြင့် ယသော် ဘာမှမပြောချင်တော့။ ပြော၍လည်း ရမှာမှမဟုတ်တာ။

ခပ်သုတ်သုတ် ထွက်သွားသော ကိုကိုနန္ဒ ကျောပြင်ကိုသာ ငေးကြည့်ရင်း စိတ်မောစွာ သက်မတစ်ချက် ဟင်းခနဲ ချလိုက်သည်။

အနားသို့ အိမ်သူရောက်လာသည်။ ကိုကိုနန္ဒနှင့် ယသော်ပြောဆိုနေတာကို ကြားပုံပေါ်သည်။





"ယသော် ဒီနေ့ဈေးဝယ်ထွက်ရင် အိမ်သူ လိုက်ပို့ပေးမယ်လေ ဘာဖြစ်လို့ ကိုကိုနန္ဒကို ပြောနေရတာလဲကွယ်"

"အိမ်သူ တစ်နေကုန် ပင်ပန်းနေလို့ သူ့ကိုပြောကြည့်လိုက်တာပါ"

"အမလေး ယသော်ရယ် ငါးရှဉ့်လိုဖမ်းရခက်တဲ့လူကို သွားပြောတာကိုက ယသော့်အမှား။ တကယ်ပဲ ဘယ်တုန်းကမှ မိသားစုအတွက်ဆို ခေါင်းထဲရှိတာ မဟုတ်ဘူး"

အိမ်သူပါ ကိုကိုနန္ဒကို ရောပြီး မကျေမနပ်ဖြစ်၍ နေသည်။

သို့သော် ပြောပိုင်ခွင့်မရှိ၍ ပေါ်တင်တော့ မပြောရဲ။ ကွယ်ရာမှာပဲ ပြောရဲပါသည်။

အမြဲတမ်း ဂျစ်ပစီလိုနေတတ်သော ကိုကိုနန္ဒ၏ ညီမဖြစ်ခွင့်ရသည်ကိုက ယသော် ကံဆိုးတာပင်။

"ကဲ ယသော် ဘယ်အချိန်သွားမလဲ အိမ်သူ လိုက်ပို့ပေးမယ်လေ"

"အဟင်း နောက်ဆုံးတော့ အိမ်သူပဲ မဲကျတာမဟုတ်လား"

အားနာစွာဖြင့် ရယ်သွမ်းသွေးကာ ပြောလိုက်သဖြင့် အိမ်သူ ပေါ့ပါးစွာ ရယ်လိုက်ပြီး

"ဒီက ယသော့်အတွက်ဆိုရင် အရိုးကြေကြေ အရေခမ်းခမ်း တာဝန်ကျေပွန်ပြီးသားပါနော် ကဲ ခုလောလောဆယ် ခြံထဲမှာ သစ်ရွက်တွေ ပွင့်နေပြီ သွားကြည့်ကြမယ် လာ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူ ဆွဲခေါ်ရာနောက်သို့ ယသော် ခြေလှမ်းကျဲဖြင့် လိုက်ပါလာသည်။

"ညောင် ညောင် ညောင် ညောင်"

သစ်ခွစင်ဘက်သို့ လျှောက်လာနေသော ယသော့် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပြီး ကြောင်အော်သံရှိရာသို့ ရှာလိုက်သည်။

"ဟယ် ဟိုမှာ ကြောင်လေး"

"အယ် ဟုတ်ပါရဲ့ ကြောင်ပေါက်ကလေး"

ယသော် ပြသောနေရာသို့ အိမ်သူပါကြည့်ပြီး တအံ့တဩ ဖြစ်သွားသည်။

ချစ်စရာကောင်းသော ကြောင်ဖြူလေးတစ်ကောင် ပန်းအိုးကြားမှာ ကုတ်နေပြီး ယသော်နှင့် အိမ်သူကိုကြည့်ပြီး တညောင်ညောင်နှင့် အော်နေ၏။

"ချစ်စရာ ကောင်းလိုက်တာ အိမ်သူရယ်"

ကြောင်ပေါက်စလေးနားသို့ လျှောက်သွားပြီး ညင်သာစွာ ပွေ့ခေါ်လိုက်သည်။

"ညောင် ညောင် ညောင်"

တယုတယ ပွေ့ချီလိုက်သော ယသော့်စိတ်ကို ကြောင်ကလေး သိနေ၍လားမသိ အားကိုးတကြီး အကူအညီ တောင်းနေသလို ခံစားရ၏။

"နို့ရော ခွဲပြီးရဲ့လား မသိဘူးနော် ယသော်"





"အင်း ဟုတ်တယ်၊ လုံးလုံးကစ်ကစ်ကလေးနဲ့ ချစ်ဖို့ကောင်းလိုက်တာ၊ သူလမ်းပျောက်ပြီး မပြန်တတ်တာဖြစ်မယ်၊ အတော်ပဲ ယသော်လည်း ပျင်းနေတာနဲ့ ဒီကြောင်ဖြူလေးကို ယသော့်နားမှာ အဖော်ခေါ်ထားရမယ်"

"ကောင်းတယ် ကောင်းတယ် အိမ်သူလည်း ဝိုင်းထိန်းပေးမယ် သိလား ယသော်"

"ကဲ ကြောင်လေးရေ မင်းအမေနဲ့ မတွေ့ခင် မမတို့နဲ့နေရမယ်နော် မင်းကို အစားတွေ အလျှံအပယ်ကျွေးမယ်၊ ပျော်အောင်လည်း ထားမယ်နော် သိလား"

ကြောင်ပေါက်စလေးနှင့် စကားတွေပြောနေသော ယသော့်ကို ကြည့်ကာ အိမ်သူ ကရုဏာသက်စွာ ပြုံးလိုက်သည်။

အထီးကျန်ဆန်လွန်းသော ယသော့်ဘေးမှာ ပျော်ရွှင်မှုတွေ၊ စိတ်ချမ်းမြေ့မှုတွေ ပေးနိုင်သော အရာမှန်သမျှ မြန်မြန်ရောက်ရှိလာပါစေဟုပဲ အိမ်သူ ဆုတောင်းမိပါသည်။

ယသော် ပျော်နေတာကို မြင်နေရလျှင် အိမ်သူလည်း ပျော်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ဟာ အဘိုး ဒါဘာလုပ်နေတာလဲ''

''ချောင်းနေတာလေ''

မှန်ဘီလူးကိုင်ကာ တစ်ဖက်ခြံကို ချောင်းနေသော အဘိုးမှာ မြတ်မသော ဝင်လာ၍ အချောင်းမပျက်ဘဲ ခပ်အေးအေး ပြန်ဖြေသည်။

လူငယ်ဟန်ဖြင့် တော်တော်လေး တက်ကြွနေသော အဘိုးကို ကြည့်ပြီး မြတ်သော စိတ်လေမိတာတော့ အမှန်။ သူငယ်ပြန်နေသော အဘိုးဖြစ်နေ၍ အပြစ်ကလည်း မပြောရက်။

''ဟာဗျာ အဘိုးရယ် ဘာကိုချောင်းနေတာလဲ လူမြင်လို့ မကောင်းပါဘူးဗျာ''

''အံမယ် ငါချောင်းတာတော့ လူမြင်မကောင်းဘူးပေါ့ မင်း





ချောင်းတာတော့ လူကြည့်ကောင်းတယ်ပေါ့ ဟုတ်လား''

ချက်နှင့်လက်နှင့် ပြန်ပြောသော အဘိုးစကားကြောင့် မြတ်သော ပါးစပ်အဟောင်းသား ဖြစ်၍သွားသည်။

''အယ် ဒါကတော့ ကျွန်တော်က လူငယ်လေ''

''ငါလည်း လူငယ်ပဲဟာ ခုမှ ဆယ့်ရှစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာကို''

''ဗျာ ဘယ်လို အဟက် ဟီး ဟီး ဟီး အရေတွေက ဆွဲဆန့်ရင်တောင် သုံးလက်မလောက် ရှည်ထွက်နေတဲ့ ဒီအရွယ်ကို ဆယ့်ရှစ်နှစ် ဟုတ်လား ဟား ဟား ဟား ရယ်ရတယ်''

''ရယ်ပေါ့ ငါကလည်း ရယ်ချင်တယ် မင်းတို့လို မနူးမနပ် ကလေးတွေကိုကြည့်ပြီး ဟား ဟား ဟား ခွီး ခွီး ခွီး အလကား စော်ကြည်တဲ့ရုပ်လည်းမဟုတ်တဲ့နဲ့ ပဲတွေများ အိုဗာတင်းတွေဖျော်နေတာ''

''ဩော် ဟုတ်ပါပြီ ဟုတ်ပါပြီ အဘိုးက စော်တွေကြည့်လွန်းလို့ သပ်တောင်ချနေရတာကိုး''

''ဒါ ငါ့အစွမ်းအစလေ မင်းတို့ ရည်းစားများတာလောက်ကို သနားတယ်၊ ဟော့ကောင် သက်တွန်းဆိုတဲ့ ငါလိုကောင်က အရွယ်မတိုင်ခင်ကတည်းက သားမက်ဖမ်းချင်တဲ့ သမီးရှင်တွေ နည်းတာမှမဟုတ်တာ''

''ခွီး ခွီး ခွီး''

မြတ်သော မအောင့်နိုင်တော့ ရယ်ချလိုက်သည်၊ ခါးကရှုံ့ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆံပင်တွေ ဖြူဖွေးနေသော အဘိုးကို သားမက်ဖမ်းချင်တဲ့ သမီးရှင်တွေရှိသေးသတဲ့။ ရယ်စရာပင်ကောင်းနေသော အဘိုး၏စကားကြောင့် တခွီးခွီးနှင့် ရယ်ချလိုက်သည်။

"အံမာ မရယ်နဲ့ ငါတကယ်ပြောတာ မင်းတို့ စော်ကြည်ခံရတာလောက်ကို ငါက စာကိုမဖွဲ့တာ"

"ကဲပါ ဟုတ်ပါပြီ ဒါနဲ့ ဟိုဘက်အိမ်ကို လှမ်းချောင်းတော့ ဘာတွေ့လဲ"

"အမွှေးလေးတွေ ထောင်နေတာပဲ ချစ်စရာလေး"

အဘိုးစကားကြောင့် မြတ်သော ခေါင်းမွှေးတွေ ထောင်ထသွားရသည်။

"ဗျာ အာ အဘိုး နိုင် နိုင်ငံရေးတွေ မပါနဲ့လေ အဲဒါတော့ နည်းနည်း များသွားပြီဗျ။ အဘိုးကြောင့် ကျွန်တော်ပါရောပြီး သိက္ခာကျကုန်တော့မှာပဲဗျာ"

"ဘာနိုင်ငံရေးလဲ ခုငါပြောနေတာ လွှတ်တော်အကြောင်းမပါဘူး၊ ကုန်ဈေးနှုန်းအကြောင်းလည်း မဟုတ်ဘူး။ မြေယာသိမ်းတဲ့ ခရိုနီတွေအကြောင်းလည်း မပါဘူး၊ ဟိုဘက်အိမ်က ချစ်စရာကောင်းတဲ့ ကြောင်ဖြူဖြူလေးအကြောင်း ပြောနေတာကွ"

"ဩော် အဲဒီလိုလား အဘိုးက အစကတည်းက ရှင်းအောင် ပြောပါလားဗျာ"

"ဒီထက်ရှင်းချင်ရင် ဓားနဲ့ရိတ်ပြီးပြောမှ ရတော့မယ်"





ခပ်ရွှံ့ရွှံ့ပြောလိုက်သော အဘိုးစကားကြောင့် မြတ်သော ရယ်မိပြန်သည်။

အသက်သာကြီးတယ် ခေတ်နှင့်အညီတော့ ပြောတတ်သားပဲ ဟု စိတ်ထဲက ဝေဖန်လိုက်သည်။

"မြတ်သော ငါ့ကိုလည်း ကြောင်လေးတစ်ကောင်လောက် မွေးပေးပါလား"

ကလေးတစ်ယောက်လို ဂျစ်တိုက်ပူဆာနေသော အဘိုးကြောင့် မြတ်သော ခေါင်းကိုစုံကုတ်လိုက်ပြီး

"ဟာ ကြောင်မွေးတာ ဘာကောင်းလို့လဲ အဘိုးရာ၊ ကြွက်တွေခုတ်၊ ဟင်းတွေခိုးစား။ ဟိုနေရာသေးပန်း ဒီနေရာသေးပန်း၊ ကောင်းတာ တစ်ကွက်မှရှိတာမဟုတ်ဘဲနဲ့"

"ဟ ဘာလို့မရှိရမှာလဲ၊ မင်းရဲ့ရှုပ်ပွနေတဲ့ အခန်းထဲက ကြွက်တွေကို ဒီကြောင်တွေက နှိမ်နင်းပေးရမှာလေ၊ မင်းအတွက် အရှုပ်တွေ ရှင်းဖို့နဲ့ ငါ့အတွက် အဖော်ရအောင် ကြောင်တစ်ကောင်တော့ မွေးသင့်တယ်"

အကြောင်းပြချက်ခိုင်လုံစွာတောင်းဆိုနေသော အဘိုးကိုကြည့်ပြီး မြတ်သော ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

အဘိုးကတော့ မြတ်သောကို တစ်နေ့တစ်မျိုး မရိုးရအောင်ကို အလုပ်တွေပေးနေတာပဲ။ ခုချိန်မှာ မြတ်သော အမျှော်လင့်ဆုံးက မာမီ မြန်မြန်ပြန်လာဖို့ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မြတ်သောရေ ဖြိုးပိုင် ငွေးတစ်ကောင် ငြိနေတယ်"

သူငယ်ချင်းတွေ ဆုံဖို့စုသားရင်းမှ ရေကြီးသုတ်ပျာ ဝင်လာသော ကိုဖင့်စကားကြောင့် အောင်ဇော်နှင့် မြတ်သော ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကြသည်။

"ဘာလို့ ငြိတာလဲ ဘယ်မှာလဲ"

"ကာရာအိုကေ ခန်းထဲမှာလေ သူကောင်မလေးနဲ့ အရင်ငြိခဲ့တဲ့ ပုံပဲ"

"ဟာ ဇာတ်ရှုပ်ပဲကွာ အဲဒါ ငါတို့နဲ့ဘာဆိုင်လဲကွာ သူ့ဟာသူရှင်းမှာပေါ့"

အောင်ဇော်စကားကို ကိုဖင် လက်မခံ။

"ဟာကွာ မင်းကလည်း သော်ဒါအချင်းချင်း အဲလိုတော့





မရှောင်သင့်ပါဘူး။ အေးအတူ ပူအမျှပဲဟာ၊ မင်းမနှစ်က ကျော်စွာတို့နဲ့ ငြိတုန်းက ဒီကောင်ဝင်ဖိုက်ပေးတဲ့ မျက်နှာကိုတော့ ထောက်ပေါ့ကွာ"

ကိုဖင် မကျေမနပ်နှင့် အတိတ်အကြောင်း ပြန်လှန်ပြီး စကားနာထိုးတော့ အောင်ဇင် ငြိမ်သွားသည်။ မြတ်သောလည်း နာစေးနေ၍ မရတော့။ ပြဿနာမဖြစ်ချင်ပေမယ့် သူငယ်ချင်းအတွက်ဆိုတော့ ဝင်ပြီး ဖျန်ဖြေသင့်လျှင် ဖျန်ဖြေရမည်။

"ကဲပါကွာ လာ ပြဿနာရှင်းတာ ရန်ဖြစ်စရာမှ မလိုတာ ငါတို့ပြေပြေလည်လည် ညှိပေးလို့ရတာပဲ အဓိကတရားခံ ဟိုကောင်မလေးပဲ သူ့ဘက်က မပြတ်သားရင် ဖြိုးပိုင်ကို လက်လျှော့ခိုင်းလိုက်ရုံပေါ့"

"ဟုတ်တယ် မြတ်သော ငါလည်းမင်းလိုပဲ တွေးတယ်၊ ဒီကိစ္စက ဖြိုးပိုင်အမှားမှမဟုတ်တာ၊ ကဲပါ လာကွာ ကြာတယ်၊ ဟိုမှာငြိတော့မယ့် အရေးမြင်လို့ ငါ ကမန်းကတမ်း ထွက်လာတာ၊ ဖိုက်ကုန်ရင် ဟိုကောင် ဘစ်ယောက်ထဲ"

အလောတကြီးထွက်သွားသော ကိုဖင့်နောက်ကို မြတ်သောနှင့် အောင်ဇော်ပါ ခပ်သုတ်သုတ်လိုက်လာခဲ့ကြသည်။

အမှန်ဆို မြတ်သော ရန်မဖြစ်ချင်ပါ။ မာမီသိလျှင်လည်း လုံးဝ ခွင့်လွှတ်မည်မဟုတ်။

ရန်ဖြစ်ရမည့်ပွဲဆိုလျှင်တောင် ဒါဟာ မြတ်သောအတွက် ပထမဦးဆုံး ရန်ပွဲဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"နင် ငါ့ကိုလာမရစ်နဲ့ နန္ဒ၊ နင်နဲ့ငါနဲ့ ဖာတ်လမ်းကပြီးခဲ့ပြီလေ"

ဖြိုးပိုင် လက်မောင်းကို မလွှတ်တမ်းဆုပ်ကိုင်ထားပြီး ခပ်တင်းတင်း တုန့်ပြန်နေသော မြတ်နိုးသူကိုကြည့်ပြီး နန္ဒ စိတ်တွေအတော်လေး ခံပြင်းနေသည်။

"အဲဒါ နင့်အပိုင်းလေ၊ ငါ့ဘက်က နင့်ကိုမှမပြတ်သေးတာ ငါတို့ တစ်ယောက်ကိုတစ်ယောက် လမ်းခွဲကြမယ်လို့ မပြောထားခဲ့ကြဘူးလေ"

"အို ပါးစပ်က မပြောကြပေမယ့် နင်နဲ့ငါနဲ့ မဆုံဖြစ်ကြဘူးလေ နင်လည်း နောက်တစ်ယောက်တွဲသွားတယ်၊ ငါတွေ့နေရပေမယ့် နင့်ငါပြဿနာ လာမရှာဘူး၊ လွှမ်းလည်းမပြဘူး"

မြတ်သောတို့ ကာရာအိုကေခန်းထဲ ဝင်လာသည်အထိ ဖြိုး





ကောင်မလေး မြတ်နိုးနှင့် နန္ဒ၏ အခြေအတင်ပွဲက အဆုံးမသတ်သေး။

"ဒါဆို ငါဝယ်ပေးထားတဲ့ Laptop နဲ့ Note book ပြန်ပေးလိုက်လေ၊ နင့်ဘက်က ဖာတ်လမ်းပြတ်ပြီလို့ ယူဆထားရင် ငါနဲ့ပတ်သက်တဲ့ အရာတွေရှိနေဖို့မှ မလိုတော့တာ။

လူပုံအလယ်မှာ အရှက်ခွဲခံလိုက်ရသော မြတ်နိုး၏ မျက်နှာမှာ ညှိုးမည်းသွားသည်။

ဖြိုးပိုင် ငြိမ်နားထောင်နေရာမှ ဆက်ပြီး သည်းခံနိုင်စွမ်း မရှိတော့။

"ကဲ မြတ်နိုး ဘာတွေလဲကွာ ရှုမှမလို ငါ့အိုးပုတ်ပြန်ပေးဆိုတဲ့ အထာတွေနဲ့ ကလေးကွက် လာနင်းပြနေကြတယ် တကယ် စိတ်လေတယ်"

ဖြိုးပိုင်စကားကြောင့် နန္ဒ ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်သွားသည်။

"ဘာ ငါက ကလေးကွက်လာနင်းပြနေတယ် ဟုတ်လား၊ မင်းရဲ့ စကားကို ဆင်ခြင်ပြီး ပြောလိုက်စမ်း၊ ငါက မင်းလို မလောက်လေး မလောက်စားကောင်နဲ့ယှဉ်ပြီး ရည်းစားလာလုနေတာ မဟုတ်ဘူး၊ ဒီမိန်းမကို ငါပေးထားတဲ့ဟာတွေ လာပြန်တောင်းတာ၊ ဒီမိန်းမက မိန်းမလည်း တစ်ခါအနမ်းခံရင် အခွင့်အရေးတစ်ခုပေးရတယ်၊ ငါသူ့ကို Laptop ဝယ်ပေးခဲ့တုန်းက နမ်းရုံတင်မဟုတ်ဘူး၊ ဒီထက်ပိုပြီး သူ့ဆီက ပေးခဲ့တယ်ကွာ၊ ရှင်းလား အဲဒါဆို သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"နင် နင်တော်တော့နော် နန္ဒ"

"တောက် မင်းလူယုတ်မာပဲ"

အရက်မမူးဘဲ ကျွဲခိုးပေါ်ကုန်သော နန္ဒစကားကြောင့် မြတ်နိုး မတ်မတ်ပင် မရပ်နိုင်တော့၊ ငြင်းချက်လည်း ပြန်မထုတ်။

အခြေအနေက ပို၍ တင်းမာလာသော အခြေအနေမို့ မြတ်သော ကြားဝင်ရတော့မည်။

"ဒီမှာ သူငယ်ချင်း ခုချိန်မှ ဒါတွေလာရှုတ်ပြနေတာက တစ်ဖက်သားကို မလိုတမာစိတ်နဲ့ အရက်ခွဲရာရောက်သလို ယောကျ်ားတစ်ယောက်ရဲ့ အရည်အသွေးကိုလည်း ရစရာမရှိအောင် စုတ်ပြတ်သတ်စေတယ်ဆိုတာ သဘောပေါက်လိုက်ပါကွာ၊ မင်း သူ့အတွက်အကုန်ကျခံခဲ့တယ်ဆိုရင်တောင် သူ့ဆီက မင်းပြန်ပြီး ယူပြီးလောက်နေပြီပဲ၊ ရှော်လိုက်ပါတော့ လူကြားလို့မကောင်းပါဘူး"

ဆရာကြီးလေသံဖြင့် ဝင်ဖျန်ဖြေသော မြတ်သောထံသို့ နန္ဒ၏ ဒေါသတွေ အသွင်ပြောင်းလာကြပြန်သည်။

"မင်းက ဘာကောင်မို့ ဆရာကြီးဝင်လုပ်နေပြန်တာလဲ အဟက် ငါသုံးပြီးလို့ ဖွတ်လာဘတ်ကြေနေတဲ့ မိန်းမတစ်ယောက်ကို မက်မောနေကြတဲ့ သောက်ရူးတွေ ရှိစေတော့၊ မြတ်နိုးသူ မင်းငါ့လိုကောင်ဆီက ဒီတစ်ကြိမ်ပဲ ချူလို့ရမယ်၊ နောက်တစ်ကြိမ်ဆိုတာ ရှိမလာစေရဘူး။ ဒီတစ်ခါ ဒီသောက်ရူးကောင်တွေဆီက ငွေအသစ်တွေ ထပ်ဖန်လိုက်ဦး ပေါ့ ဟား ဟား ဟား ဟော့ကောင်တွေ ဒီမိန်းမလည်ကြောင့် ငါလက်





သွေးမစွန်းချင်လို့ မင်းတို့သက်သာတယ်မှတ်၊ နောက်တစ်ခါဆိုရင်တော့ အသေပဲ ထွီး"

မကျေမနပ်ဖြစ်ကာ အနိုင်ပိုင်းပြောသွားသော နန္ဒစကားကြောင့် အားလုံးဒေါသထွက်ကြရပေမယ့် ပြဿနာတွေ အရှည်အရှည် ဖြစ်မနေချင်တော့၍ ဒေါသကို ထိန်းလိုက်ကြရသည်။

မြတ်သော သက်ပြင်းကို ဟင်းခနဲချကာ ဖြိုးပိုင်ကို နှစ်သိမ့်သည့်အနေဖြင့် ပခုံးကို ဆုပ်ကိုင်လိုက်ပြီး

"ပြဿနာတစ်ခုကို သွေးပူပူနဲ့ ဖြေရှင်းမှာထက်စာရင် စိတ်ကို ငြိမ်ထားပြီး အမှန်တရားတစ်ခုကို ရှာဖွေလိုက် သူငယ်ချင်း၊ မင်းရင်ထဲက ခံစားချက်အစစ်အမှန်ကသာ မင်းအတွက် အမှန်တရားတစ်ခုပဲ"

ဆောက်တည်ရာမရ ဖြစ်နေသော ဖြိုးပိုင် အံကိုခပ်တင်းတင်း ကြိတ်လိုက်သည်။ မြတ်နိုးကတော့ ဖြိုးပိုင်ကို ရဲရဲပင် မကြည့်ဝံ့။

သူတို့အချင်းချင်း ပြေလည်အောင်ညှိဖို့ မြတ်သောတို့သုံးယောက် ရှောင်ထွက်ပေးမှ ဖြစ်တော့မည်မို့ ကိုဇင်နှင့် အောင်ဇော်ကို မျက်ရိပ်ပြပြီး ရှေ့မှဦးဆောင်၍ ထွက်ခဲ့လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီနေ့ တစ်နေကုန် သူငယ်ချင်းတွေနှင့် အချိန်ကုန်နေ၍ တင်ဖက်ခြံထဲသို့ မကြည့်ဖြစ်သေး။ ထို့ကြောင့် အဘိုးနှင့် ထမင်းအတူစားပြီးသည်နှင့် မြတ်သော အခန်းထဲ တန်းဝင်ခဲ့လိုက်သည်။

မှန်ပြတင်းနားတွင်ရပ်ကာ ဝိတ်ဆားသော ပြတင်းတံခါးကိုဖွင့်ပြီး လိုက်ကာစကို ဆွဲဖွင့်လိုက်သည်။

ညကောင်းကင်မှ ကြယ်တွေကို အရင်ဆုံးမော့ကြည့်လိုက်သည်။ တဖျတ်ဖျတ်လက်နေသော ကြယ်တွေသည် ည၏ အေးချမ်းခြင်းသချင်းကို ဖော်ဆောင်နေသည်။

အကြည့်တွေက ကောင်းကင်မှ တဖြည်းဖြည်းရွေ့ကာ တင်ဖက်ခြံ၏ ပြတင်းဆီသို့ ရောက်သွားသည်။





"ဟင်"

ကိုယ့်လိုပင် ပြတင်းဝမှာရပ်၍ ကြယ်တွေကို ငေးကြည့်နေသော ယသော်မေကိုတွေ့ပြီး မြတ်သော ပြုံးလိုက်သည်။

သူလည်း ကြယ်တွေ၏ အလှအပကိုထွက်ပြီး ခံစားနေတာပါလားဟုတွေးကာ နှုတ်ဆက်ဖို့ လမ်းကြောင်းရှာလိုက်သည်။

"ဟိုင်း မင်္ဂလာပါ"

ထမင်းစားပြီးပြီလား။ နေကောင်းလားဟူသော လောကွတ်စကားကို မမေးချင်၍ အွန်လိုင်းပေါ်မှာ သူငယ်ချင်းတွေ နှုတ်ဆက်ကြသလိုပင် လက်ပြ၍ နှုတ်ဆက်လိုက်သည်။

အလင်းကို ကျောပေးပြီး ရပ်နေ၍ ကောင်မလေးနှစ်ယောက်ထဲက ဘယ်တစ်ယောက်လဲဆိုတာ မျက်နှာမသဲကွဲပေမယ့် တစ်ယောက်ကတော့ သေချာသည်။

"ဟိုင်း ဒွတ်နိုက်"

လက်ပြပြီး ပြန်၍ နှုတ်ဆက်သံကြောင့် မြတ်သော ပျော်သွားသည်။ ဒီတစ်ညတော့ မြတ်သောအဖို့ အပျင်းပြေပြီ။

"မအိပ်သေးဘူးလား"

အခြေအနေကောင်းသည်မို့ တစ်ဆင့်တက်၍ မေးလိုက်သည်။

"ဟင့်အင်း အစောကြီး ရှိသေးတာကို"

တိုးသက် သိမ်မွေ့သော အသံကြည်ကြည်လေးမို့ ကြားရတာ ဆွေးနှစ်စရာ။ ည၏ လေပြည်နှင့် လိုက်ဖက်လွန်းသော ဂီတသံလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်လိုပင်။

"ကြယ်တွေကို ရေတွက်ကြည့်ဖူးလား"

စကားမရှိ စကားရှာပြီး မေးလိုက်သည်။ နည်းနည်းတော့ ကလေးကလား ဆန်ကောင်းဆန်နေလိမ့်မည်။

"ဟင့်အင်း ယသော်က ပျင်းစရာကောင်းတဲ့ အလုပ်ဆို မလုပ်ဘူး"

"ဒါဆို ဘာလုပ်လဲ အဲ ဘာဝါသနာပါလဲ"

"dancer"

"ဝါး မိုက်တယ် မင်းတို့လို အလန်းလေးတွေကရင် လေထဲမှာ ပိုးပဝါစလေး လွင့်နေသလိုမျိုး ကြည့်ကောင်းမှာပဲနော်"

မြှောက်ပြောလိုက်ခြင်းမဟုတ်။ တမင်ပင် ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"အဲလောက်လည်း မဟုတ်ပါဘူး။ ဒီက ဝါသနာပါလို့ ကနေတာ သက်ပဲ ပရော်ဖက်ရှင်နယ်တော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် အနုပညာစိတ်တော့ ရှိသေးတာပဲ"

"အင်း ဟုတ်မယ်ထင်တယ် ယသော်က မြူးဇစ်နဲ့အကကို တွဲပြီး ခံစားတတ်တယ်"

"အာရယ်ဟန်းဒိုး အကရော ကတတ်လား"

ကိုယ်ကြားဖူးသော အကနာမည်တစ်ခုကို မေးလိုက်သည်။

"ဪ ကျူးဘားယဉ်ကျေးမှုအကကို ပြောတာလား။ အဟင်း





ကတော့ ကတတ်တယ်၊ ဒါပေမဲ့ ယသော်လို နှလုံးဝေဒနာရှင်ကျတော့ စိတ်ရောကိုယ်ပါနှစ်ပြီး ကရလို့ အဆင်မပြေဘူး"

နှလုံးရောဂါ ဝေဒနာသည်ဟု စကားထဲက သဲလွန်စပါလာ၍ မြတ်သောရင်ထဲ နာကျင်သလိုလို နမြောသလိုလို ခံစားသွားရသည်။

"နှလုံးရောဂါ ရှိလို့လား"

"အင်း ဟုတ်တယ်"

"ဒါဆို ယောဂ ကျင့်ကြည့်ပါလား"

"အင်း ဒေါက်တာ ဦးမင်းနိုင်ကတော့ ပြောပါတယ်၊ ဒါပေမဲ့ ယသော်အတွက် နည်းနည်းတော့ခက်တယ်"

"နည်းမသိလို့လား"

"ဟုတ်တယ်"

"ဒါဆို ကိုယ် ကူညီပေးရမလား"

"ရပါတယ် ယသော်အတွက် တကယ်လိုအပ်မယ်ဆိုရင်တော့ ယောဂသင်တန်းဆရာကို ခေါ်ပြီး သင်လို့ရပါတယ်"

"နာမည်က ယသော်တဲ့လား"

"နာမည် အပြည့်အစုံက ယသော်မေပါ"

"ကိုယ့်နာမည်က မြတ်သော ဘွဲ့တစ်ဘွဲ့တော့ ရပြီးပြီ နောက် တစ်ဘွဲ့တွက် ဂျပန်မှာ ကျောင်းသွားတက်ဖို့ ရည်ရွယ်ချက်ရှိတယ်"

"ဒါဆို ဂျပန်စာ သင်ရဦးမှာပေါ့"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အားကျလိုက်တာ"

"ဘာကိုလဲ"

"ရှင် ပညာတော်တာကိုပါ ယသော်က စီးပွားရေးနဲ့ ကျောင်းပြီးထားတယ်၊ ကျန်းမာရေးမကောင်းလို့ ဘာအလုပ်မှ လုပ်ခွင့်မရဘူး"

"အားကျလိုက်တာ"

မြတ်သောက တဖန်ပြန်၍ အားကျတော့ ယသော် မျက်ဝန်းလေး ဝိုင်းသွားကာ

"ဟင် ဘာကိုအားကျတာလဲ"

"အလုပ်မလုပ်ဘဲ ထိုင်စားတာကိုပေါ့"

"ဩော် အဟင်း ခစ် ခစ် ခစ်"

"ရယ်သံလေးက နားထောင်လို့ကောင်းတယ်နော် နတ်ပြည်က သုခိတာ နတ်သမီးတီးတဲ့ စောင်းသံလိုမျိုးပဲ နားဝင်ချိုတယ်"

"ဟင် ရှင်က နတ်ပြည်က စောင်းသံကို နားထောင်ဖူးတယ်ပေါ့လား"

တမင်ဖောရှောပြောလိုက်သည်မှာ အရှိန်လွန်သွားသဖြင့် ယသော့်အမေးကို ခပ်ဟဟရယ်ရင်း

"နားထောင်ဖူးတာပေါ့ ဟဲ ဟဲ အိပ်မက်ထဲမှာလေ"

"ဩော် တကယ်များလားလို့ အဟင်း ဟင်း ဟင်း"

ကြယ်ရောင်တွေ လက်ပတွန်းတောက်နေသော ညချမ်းနှင့် ယသော်မေ၏ ရယ်သံသည် အလွန်လိုက်ဖက်သည်ဟု မြတ်သော





စိတ်ထဲက တိတ်တိတ်လေး မှတ်ချက်ချလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ မှန်ဘီလူး အကူအညီမလိုတော့ဘဲ တိုက်ရိုက်စကားပြောခွင့်ရသည့် အခြေအနေမို့ နောက်တစ်နေ့တွေမှာလည်း ယသော်မေနှင့် စကားပြောခွင့်ရဦးမည်မို့ ကလေးတစ်ယောက်လို ပျော်ရွှင်ကျေနပ်နေမိသည်။

ဖြစ်နိုင်လျှင် တစ်ညလုံးမအိပ်ဘဲနှင့် စကားတွေ တစ်ဝကြီး ပြောချင်တာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အံမယ် အံမယ် မနက်စောစောစီးစီး သီချင်းတွေ ဘာတွေ ညည်းလို့ပါလား။ ကောင်း ညကအိပ်မက်လှလှတွေမက်တယ်ထင်ပါရဲ့"

မနက်ခင်းစာစားရန် လာခေါ်သော အိမ်သူမှာ မှန်တင်ခုံရှေ့ထိုင်ကာ အလှပြင်ရင်း သီချင်းညည်းနေသော ယသော်ကို အရွှန်းဖောက်ကာ နောက်လိုက်သည်။

ယသော် အရှက်ပြေရယ်ရင်း မှန်တင်ခုံမှ ထလိုက်သည်။

"အိပ်မက်လှလှမက်တာ မဟုတ်ဘူး အိမ်သူရဲ့၊ အိပ်ရာမဝင်ခင် စကားပြောဖော်ရသွားလို့ ဒီနေ့ည အိပ်ရတာ နှစ်နှစ်ခြိုက်ခြိုက်ပဲ"

"ဟင် ဟုတ်လား ကျားသားမိုးကြိုးပါလား။ ကိုကိုနန္ဒက ဒီတစ်ခါတော့ သူ့ညီမကို အဖော်လာလုပ်ပေးတယ်ပေါ့ ဟုတ်လား"





"အို မဟုတ်တာ သူလား စကားပြောဖော်လာလုပ်ပေးမှာ ဟွန်း ညက အိမ်မှာတောင် ပြန်အိပ်ရဲ့လား"

"ဟင် ဒါဆိုရင် ဘယ်သူလဲ၊ သြော် သိပြီ ပုစုလေးနဲ့ စကားတွေပြောကြတယ်ပေါ့"

"အိမ်သူရယ် ဘယ်သူလဲလို့ မမေးဘဲနဲ့ ထင်ကြေးတွေနဲ့ပဲ စွတ်ပြောနေတော့တာပဲ၊ အိမ်သူပြောတဲ့လူတွေ တစ်ယောက်မှမဟုတ်ဘူး သိလား၊ ညက ယသော် သူငယ်ချင်းအသစ်တစ်ယောက်ရတယ်"

"သြော် အွန်လိုင်းပေါ်ကကိုး"

ထပ်လှဲပြန်ပြီမို့ ယသော် တခစ်ခစ်ဖြင့် ထပ်ရယ်လိုက်ပြန်သည်။

"အယ် မဟုတ်ပြန်ဘူးလား ယသော်ရယ်"

"မဟုတ်ဘူး ညက ယသော် အွန်လိုင်းပေါ်မတက်ဘူး"

"ဒါဖြင့် ဘယ်သူလဲ ဘယ်က မိုးကျရွှေကိုလဲ အမလေး စိတ်ပူလိုက်တာ"

"မပူပါနဲ့ အဝေးကြီးပါ"

"ဒါဖြင့်ပြော ဘယ်သူလဲ"

"ဟိုတက်အိမ်ကလူ"

"အမလေး ဗုဒ္ဓေါ ဟိုတက်အိမ်ကလူနဲ့ ဘယ်လိုလုပ်သိသွားဘာလဲ၊ သူနဲ့စကားပြောဖော်ရတယ်ဆိုတော့ မ မဟုတ်မှလွဲရော ယသော် အခန်းထဲကို အဲဒီလူက ဖွတ်အတင်းဝင်လာလို့များလားဟင်၊ ပြောပြီး အမလေး ရှော့ကအကြီးကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူ၏စိုးရိမ်မှုတွေ လွှန်ကဲကာ ထိတ်ထိတ်ပျာပျာဟန် ကြောင့် ယသော် ခပ်လွှင်လွှင်လေးရယ်ကာ

"ဘာတွေ လျှောက်ထင်ပြန်ပြီလဲ၊ အိမ်သူရယ် ဟိုဘက် ပြ တင်းပေါက်နဲ့ ဒီဘက်ပြတင်းပေါက် လှမ်းပြောကြတဲ့ဟာကို"

"အလို ဘုရားရေ အဲ အဲလိုလား ဘယ်အရွယ်လဲ"

"အိမ်သူတို့ ယသော်တို့လို အရွယ်မျိုးပဲထင်တယ်၊ အသံက တော့ သြသြကြည်ကြည်လေးပဲ၊ မျက်နှာကတော့ ယသော်လည်း သဲသဲ ကွဲကွဲမမြင်ရဘူး။ အလင်းကို ကျောပေးထားတာဆိုတော့လေ"

"ဩော် ယသော်ရယ် မျက်နှာသေချာမမြင်ရဘဲနဲ့များ စကား တွေပြောကြတယ်လို့ ဘယ်လိုများ သိသွားကြပါလိမ့်ကွယ်"

"ယသော်က ပြတင်းပေါက်မှာထွက်ရပ်နေတာ အဲဒီတိုက်က လူကလည်း ပြတင်းပေါက်မှာ ထွက်ရပ်တော့ သူကစပြီး ယသော်ကို နှုတ်ဆက်တာလေ"

"ဩော် ဒါနဲ့ပဲ ယသော်ကလည်း နှုတ်ဆက်လိုက်တယ်ပေါ့ ဟုတ်လား"

"အင်းပေါ့ သူက အနှောင့်အယှက်ပေးတဲ့ပုံမဟုတ်ဘဲ ယဉ်ယဉ် ကျေးကျေးနှုတ်ဆက်တော့ ယသော်လည်း အိမ်နီးနားချင်းဆိုတဲ့အမြင်နဲ့ ပြန်ပြီးနှုတ်ဆက်လိုက်တာလေ၊ မဆိုးပါဘူး ခင်ဖို့ကောင်းတယ်၊ ယသော် အပေါ် မရိုးသားတဲ့စိတ်ခံစားမှုမျိုး လုံးဝမခံစားရဘူး။ ပြီးတော့ ဂျပန်မှာ ကျောင်းသွားတက်ဖို့စီစဉ်နေတာတဲ့၊ ပညာတတ်တစ်ယောက်ပါပဲ၊ ကိုက်





နှနှလို ဂျစ်ပစီတော့ မဟုတ်လောက်ဘူး"

လူတိုင်းအပေါ် အကောင်းမြင်တတ်သော ယသော့်ကို အိမ်သူ စိုးရိမ်စိတ်လွှန်ကဲသော ကန့်ကွက်မှုမျိုးလုပ်ဖို့ မလိုတော့၍ ယသော် ပြောတာကိုပဲ ငြိမ်နားထောင်နေလိုက်သည်။

ယသော့်မျက်နှာလေးသည် ခါတိုင်းနေ့တွေထက်ပို၍ ကြည်လင် တောက်ပနေသည်ဆိုတာ ငြင်းဖွယ်ရာမရှိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟိတ် ဟိတ် ဒါ ဘာလုပ်တာလဲ ဒါ ဘာလုပ်တာလဲလို့"

အနားကိုရောက်လာပြီး အလောတကြီးမေးလိုက်သော အဘိုး၏အမေးကြောင့် သစ်ခွတွေညှပ်နေသော မြတ်သော တွန့်ခနဲ ဖြစ်သွားသည်။

နိုးရှုးပါသည်ဆိုမှ တရာပွကြီးနှင့်မှ တန်းတိုးရတယ်လို့။

"ဘု ဘုရားသွားလျှုမလို့လေ အဘိုးရဲ့ အာ ကျွတ် ပန်းရှုးတာ များ အဘိုး မီးခံသေတ္တာဖွင့်တယ်များ မှတ်နေလား ဟမ်"

"အေး ငါ့မီးခံသေတ္တာကို မင်းနိုးဖွင့်ရင်တောင် ငါက မသိချင် ဟန်ဆောင်လိုက်ဦးမှာ၊ သေရင် ဒီပစ္စည်းဥစ္စာက ကိုယ့်နောက်ပါမှာမဟုတ် ဘူးကွ၊ ဒါကြောင့် မက်ကို မမက်တာ ရှင်းလား"

"ဒါဆိုရင်လည်း ကျွန်တော် သစ်ခွပန်းတွေခူးတာ အဘိုးမသိ





ချင်ဟန်ဆောင်နေလေဗျာ"

ညှပ်လက်စ အခိုင်ကို ပန်းညှပ်ကပ်ကြေးနှင့် ညှပ်လိုက်ပြီး ခ်အေးအေး ပြန်ပြောလိုက်သည်။

"အေး ဒါတော့ မရဘူးကွ၊ ဒီပန်းတွေကို ထိန်းသိမ်းစောင့် ရှောက်ခွင့် ငါ့ကိုပေးထားတာ၊ ငါ့တာဝန် ငါကျေရမယ်လေ၊ မင်းအမေ ပြန်လာလို့ သူ့သစ်ခွတွေ ပျောက်တာမြင်ရင် ငါ ရှင်းရမှာ"

"ဒီလောက်များတဲ့သစ်ခွ ဘယ်လိုလုပ်ပြီး မာမီက မှတ်မိမှာလဲ အဘိုးရာ"

"မင်းမာမီ မမှတ်မိပေမယ့် ငါ မှတ်မိတယ်ကွ"

"အဘိုးပြောတော့ သေရင် ကိုယ့်နောက်မပါဘူးဆို၊ ဒီသစ်ခွ လေး ရှစ်ခက်ကိုးခက်လေးခူးတာ အဘိုးက ဘာကိုမက်နေတာလဲ"

"အောင်မာ မင်းကများ ငါ့ကို ဟွန်း"

လူကြီးစိတ်ဝင်နေသော အဘိုးကို ဒီတစ်ခါ ဘာနဲ့များရမလဲ သိ၊ ရှတ်တရက် အကြံတစ်ခုက လှစ်ခနဲ ဝင်လာသည်။

"အဘိုးကလေ စေတနာကို တကယ်စော်ကားတယ် သိလား"

"အံမယ် လာ လာချည်သေး မင်းက ငါ့ကိုဘာများစေတနာ လို့လဲ"

"အခု ထားနေတာလေ အဘိုးပြောတော့ ကြောင်လေးတစ် င်လောက် မွေးချင်လှချည်ရဲ့ဆို၊ မြေးလုပ်တဲ့သူက ကြောင်သွား င်းပေးမလို့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



တင်းမာနေသော အဘိုး၏မျက်နှာထားတစ်မျိုးပြောင်းသွား၏။

"ဘာရယ် ကြောင်သွားတောင်းမလို့ ဟုတ်လား။ ဘယ် ဘယ်မှာသွားတောင်းမှာလဲ"

အဘိုး သစ်ခွပန်းကိုစွ မေ့သွားပုံရသည်။

"ကျွန်တော့်သူငယ်ချင်း ဝေဝေစိုးတို့အိမ်မှာလေ၊ ဝေဝေစိုး အဘွားက အဘိုးလိုပဲ ကြောင်သိပ်ချစ်တာ၊ အဲဒီအိမ်မှာ မွေးထားတဲ့ ကြောင်လေးတွေက နိုင်ငံခြားကြောင်မျိုးစပ်ထားလို့ လှမှလှ၊ ကျားပေါက်ကလေးတွေအတိုင်းပဲ"

"ဟေ ဟုတ်လား၊ ငါ ငါမွေးချင်လိုက်တာကွာ၊ ငါ့ကို တောင်းပေးပါလား"

အဘိုး၏အညာကို အလွယ်တကူ ကိုင်နိုင်ပြီမို့ မြတ်သော စိတ်ထဲမှ ကြိတ်ပြီးရယ်ချင်နေသည်။

"ဒီလောက်မျိုးကောင်း မျိုးသန့်ကြောင်ကို တောင်းချင်တိုင်း တောင်းလို့ရမလား အဘိုးရဲ့ ကဲပါ ရော့ အဘိုးရဲ့သစ်ခွတွေ ကျွန်တော် မယူတော့ပါဘူး။ ပထမတော့ ကြောင်တောင်းလို့ရအောင် ဒီသစ်ခွလေး လာဘ်ထိုးပြီး တောင်းလာမလို့ အခု အဘိုးက ဒီသစ်ခွလေးမှုး အဖြစ်သည်းနေတော့ မယူတော့ဘူး။ အပင်မှာပြန်ချည်ထားလိုက်တော့

မင်သေသေမျက်နှာထားဖြင့် အဘိုးလက်ထဲ သစ်ခွတွေပြန်ထ ပေးခဲ့ကာ အဘိုးရှေ့မှ လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ဟေ့ နေဦး နေဦး"





မြတ်သော၏အကျီလည်ကုတ်ကို အဘိုးလှမ်းဆွဲပြီးတားသဖြင့် ...တိုးမရဘဲ ကော့လန်ကော့လန် ဖြစ်နေ၏။

"အာ ဘာလို့ ဂုတ်ကိုဆွဲထားတာလဲ အဘိုးရ"

"နေဦး ရော့ ဒီသစ်ခွတွေ ယူသွား"

"မယူချင်တော့ဘူး"

"မယူလို့မရဘူး။ ဒီသစ်ခွပေးမှ ကြောင်ရမယ်ဆိုရင် ယူကို ...သွားရမယ်"

"မယူချင်တော့ဘူး။ တော်ကြာ မာမီပြန်လာရင် သူ့သစ်ခွတွေ ...ပျောက်တယ်ဆိုပြီး ကျိုင်ပူနေလိမ့်မယ်"

"မပူဘူး ရတယ် ငါ ကြည့်ရှင်းလိုက်မယ်"

"ဟာ မယူဘူး"

"မယူလို့မရဘူး ယူ"

ဖွတ်အတင်းထိုးပေးနေသဖြင့် တမင်မူလိုက်ခြင်းဖြစ်သည်။

"ဒါဆို ဒီသစ်ခွ ကျွန်တော်ခူးတာမဟုတ်တော့ဘူးနော်၊ အဘိုး ...ာ ဖြစ်သွားပြီ"

"အမ် ဒီကောင် လူလည်ပဲ၊ ခူး ခူးတာက မင်းလေ"

"ဟုတ်တယ်လေ အဘိုးကြောင်ကြောင့် ခူးရတာ၊ ကျွန်တော့် ...ိုရင် ဒီပန်း ဘာလုပ်ဖို့လဲ"

"အေးပါ ဒါဆိုလည်း ငါခူးတယ်လို့ပဲ သဘောထားလိုက်တော့ ...ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မာမီပြန်လာလို့ သူ့သစ်ခွတွေပျောက်တယ်လို့ပြောရင် အဘိုးက ဘာပြောမလဲ"

"ငါခူးတယ်လို့ပြောလိုက်မယ်ကွာ"

"အိုကေ ဟုတ်ပြီ ဒါဆိုရင်တော့ ပေး ကျွန်တော် ကြောင်သွားတောင်းပေးမယ်"

အဘိုးဆီမှ သစ်ခွပန်းခက်တွေကို လှမ်းယူလိုက်ပြီး ခြံထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်သည်။

■ ■ ■

## အခန်း (၁၁)

"အိမ်ရှင်တို့ အိမ်ရှင်တို့"

"တင်းတောင် တင်းတောင် တင်းတောင်"

လှမ်းလည်းအော် ဘဲတီးရင်းနှင့် ယသော်တို့ခြံရှေ့မှာ မြတ်သော တစ်ယောက် ဂနာမငြိမ်ဖြစ်၍နေသည်။

အဆက်မပြတ်တီးနေသော လူခေါ်ဘဲလ်သံကြောင့် အိမ်ကြီးထဲမှ အိမ်သူထွက်လာသည်။

တစ်ခြံနှင့်တစ်ခြံ အုတ်တံတိုင်းတွေ အမြင့်ကြီးခတ် သူ့ဟာသူနေ ကိုယ့်ဟာကိုယ်နေမို့ အိမ်နီးနားခြင်းဟူသည်ပင် မသိတော့။

"ဘာကိစ္စရှိလို့လဲ"

"ယသော် ရှိလား"

သူစိမ်းယောကျ်ားတစ်ယောက်က ယသော့်ကိုမေးနေ၍ အိမ်သူ အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယသော်မေကို မေးတာလား"

"ဟုတ်တယ်"

"ဘာလုပ်မလို့လဲ ရှင်က ဘယ်သူလဲ"

သံသယအကြည့်ဖြင့် အိမ်သူ မေးသည်။

"ကျွန်တော်က ဟိုဘက်တိုက်ကပါ"

"ဪ"

"ယသော်မေကို သစ်ခွပန်းတွေပေးချင်လို့"

မြတ်သော လက်ထဲမှ သစ်ခွပန်းတွေမြင်ပြီး အိမ်သူ့မျက်နှာလေး ပြုံးသွားသည်။ မိန်းကလေးဆိုတာ ပန်းကြိုက်သည့်အမျိုးဆိုတာ ရှေးကတည်းက သတ်မှတ်ပြီးသားဆိုတာ ယခုလက်တွေ့။

"ရှင့်ကို ယသော် မှာထားလို့လား"

"မမှာပါဘူး၊ ဒီပန်းတွေက ကျွန်တော်တို့ခြံက ပွင့်တာလေ၊ အိမ်မှာပန်းကြိုက်တဲ့သူတစ်ယောက်မှ မရှိဘူးဆိုတော့ ဒီဘက်ခြံက လူသစ်တွေပြောင်းလာလို့ အိမ်နီးချင်းမိတ်ဖွဲ့တဲ့အနေနဲ့ ပန်းလက်ဆောင်လာပို့တာပါ"

"ဪ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သံပန်းတံခါးကြားမှ သစ်ခွပန်းတွေကို လှမ်းယူရန် အိမ်သူ့လက်တွေ လှမ်းလိုက်သည်။

"အိမ်သူ ခြံတံခါးဖွင့်ပေးလိုက်ပါလား"

အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရောက်နေသော ယသော်အမိန့်





ကြောင့် သစ်ခွတွေလှမ်းယူနေသော အိမ်သူ့လက်တွေပြန်၍ ဆုတ်သွားပြီး ခြံတံခါးသော့ကို ဖွင့်လိုက်သည်။

အခြေအနေက ကိုယ့်ဘက်ပါနေပြီမို့ ခြေလှမ်းတွေကို နောက်မကျစေဘဲ စိတ်လိုလက်ရ ဖွင့်ပေးတုန်း ခြံထဲကို သုတ်ခနဲ လှမ်းဝင်လိုက်သည်။

ကြောင်ဖြူလေးတစ်ကောင်ကို ပိုက်ပြီး ကြိုဆိုနေသော ယသော့်အပြုံးတွေက နွေးမြနေသည်။

"အသံကြားလို့ ထွက်ကြည့်တာ ရှင်ဖြစ်နေတယ်၊ ညက ယသော် စကားတွေအများကြီးပြောလိုက်လို့ အိပ်ရေးပျက်သွားလား မြတ်သော"

"ဟာ မပျက်ပါဘူး၊ ယသော်နဲ့စကားပြောရတာ စိတ်ဝင်စားစရာကောင်းတယ်"

"ပန်းတွေက အရမ်းလှတယ်နော်"

ယသော့်အာရုံတွေက သစ်ခွပန်းတွေဆီသို့ ရောက်သွားသည်။

"ဟုတ်တယ် ကျွန်တော် စိုက်ထားတာလေ"

"ရှင်က ပန်းစိုက်တာလည်း ဝါသနာပါလား"

"အင်း ကိုယ့်ဝါသနာတွေထဲက တစ်ခုပေါ့"

"ဪ ဒါဆို ရှင့်ကိုစိတ်ထားနူးညံ့တဲ့သူလို့ မှတ်ချက်ချလို့ ရပြီပေါ့"

"ယသော့်သဘောပါ ရော့ အလှဆုံးအခက်တွေကို ရွေးလာ



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ကျေးဖူးအရမ်းတင်တယ်"

အိမ်သူ ကိုကာကိုလာဘူး လာချပေးသည်။

"ယသော်တို့ သူငယ်ချင်းအသစ်ရသွားပြီဆိုတော့ အိမ်သူ့ကို တောင် အဖော်အဖြစ်လိုပါတော့မလား"

ခင်မင်မှုများကြား အိမ်သူကပါဝင်၍ ရင်းနှီးမှုရယူ၏။ မြတ်သော ရယ်လိုက်သည်။

"ကျွန်တော်က ခင်တတ်ပါတယ်"

"ဒီကလည်း ခင်တတ်ပါတယ်နော်၊ ပန်းလာပေးတဲ့အတွက် ကျေးဇူးအထူးတင်တယ်"

"ရပါတယ် နောက်ပွင့်ရင်လည်း လာထပ်ပေးပါမယ်"

"တကယ်"

"ကျွန်တော် မညာတတ်ပါဘူး"

"ကျွန်မနာမည် အိမ်သူပါ၊ ယသော်ရဲ့ညီအစ်မဝမ်းကွဲတော်တယ် လေ၊ မင်းသမီးလေးရဲ့အထိန်းတော်ပေါ့"

"အို အိမ်သူကလည်း ဘာမင်းသမီးလဲ၊ ရောဂါသည်ကိုပြ ရတဲ့နာ့စ်လို့ပြောတာကမှ ပိုမှန်ဦးမယ်"

"အိမ်သူက ကြောင်လေးတွေကိုလည်း ချစ်တတ်တယ် ထ တယ်"

"အင်း ဒီကြောင်လေးက ယသော် အိမ်ကိုရောက်တာ မကြာ





သေးဘူး။ မျက်စိလည်လမ်းမှားလာလို့ ယသော် ခေါ်မွေးထားတာ၊ အရမ်း လိမ္မာတယ်၊ ရှင်ရော ရှင့်အိမ်မှာ ခွေးလေးတွေ ကြောင်လေးတွေ ရှိလား"

"မရှိဘူး ကျွန်တော်လည်း ကြောင်လေးတစ်ကောင်လောက် မွေးရင် ကောင်းမလားလို့ အိမ်မှာကြွက်တွေ တအားသောင်းကျန်းလို့ လေ"

ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောရင်း အဘိုးကိုကတိပေးခဲ့ သည်ကို သတိရသွားမိသည်။

ကြောင် ပါမသွားရင် တစ်နေကုန် ဂျစ်တိုက်တော့မှာ ကျိန်းသေ သည်။ ယသော့်ဆီမှ ထိုကြောင်ကလေးကို အိမ်လည်ခေါ်သွားမည်ဆိုလျှင် အဘိုးနှင့်လတ်တလော ပြဿနာကိုတော့ ဖြေရှင်း၍ ရနိုင်သည်။

"ကျွန်တော် အကူအညီတစ်ခုလောက် တောင်းလို့ရမလား"

ယသော့်လက်ထဲမှ ချစ်စရာကောင်းသော ကြောင်ဖြူလေးကို ကြည့်ကာ အရဲစွန့်လိုက်သည်။

"ပြောကြည့်လေ မြတ်သောရဲ့ ယသော်တို့ ဘာကူညီရမလဲ"

ယသော်ရော အိမ်သူပါ မြတ်သော တောင်းလာမည့်အကူအညီ ကို စိတ်ဝင်တစား နားစွင့်နေကြသည်။

"ဟိုလေ ကြောင် ကြောင်ခဏငှားလို့ ရမလားလို့ပါ"

"ရှင်"

နှစ်ယောက်သား မျက်လုံးအဝိုင်းသားဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်ငှားမယ်တဲ့၊ တစ်မျိုးပဲနော် ခစ် ခစ် ခစ်"

အိမ်သူ မကြားတကြား ပြောကာ ရယ်သည်။

"ခ ခဏ ခေါ်သွားမယ်လို့ပြောတာပါ။ ကျွန်တော်အိမ်မှာ ကြွ
တွေအရမ်းသောင်းကျန်းလို့ ကြောင်ကို အယောင်လေးပြရုံပါ၊ ကြွက်
တာ ကြောင်ကိုကြောက်တဲ့အမျိုးလေ၊ ကြောင်သံကြားရင် ငြိမ်သွား
မှာ"

"ရပါတယ် ခေါ်သွားပါ၊ မြတ်သောရဲ့ ယသော် ခွင့်ပြုပါတယ်

"ဟာ ကျေးဇူးတင်လိုက်တာ ယသော်ရယ်၊ ဒါဆို ကျွန်တေ
ခဏခေါ်သွားမယ်နော်၊ မနက်ဖြန် ပြန်လာပို့ပေးပါ့မယ်"

ရသည့်အခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်သည်မို့ ယသေ
မွေ့ချီထားသော ကြောင်ဖြူလေးကို တယုတယဟန်ဖြင့် လှမ်းခေါ်လို
သည်။

"ဒါဆို ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ပန်းတွေလာပေးတဲ့အတွက် ကျေးဇူးတင်ပါတ
မြတ်သော"

ယသော်၏ကျေးဇူးတင်စကားကို မြတ်သောက အားနာစွာ
ပြန်ငြင်းသည်။

"မလိုပါဘူး ကျွန်တော်ကတောင် ကြောင်ငှားလိုက်တဲ့အတွ
ကျေးဇူးတင်ရဦးမှာ"

အပြန်အလှန်တွေ ကျေးဇူးတင်ကြရင်း မိတ်ဆွေဖြစ်ခဲ့ကြသ





အခွင့်အရေးက မြတ်သောအဖို့ ဘယ်လိုမှတန်ဖိုးမဖြတ်နိုင်။

အိမ်အပြန်လမ်းမှာ ကြောင်ပိုက်၍ ပျော်ရွှင်နေသူက မြတ်သော ပင်ဖြစ်သည်။ အဘိုးကိုတော့ ကြောင်ခဏငှားလာသည်ဟု ပြောမနေဘဲ အပြီးတောင်းလာသည့်ပုံစံမျိုးနှင့်ပြောရမှာပင်။ အချိန်မှာ၌ ကြောင်ကို ပြန်ပေးရမည့်အချိန်ကျတော့လည်း ကြောင်က သူ့အလိုလိုပျောက်သွားတယ်ပေါ့။

အဘိုးကိုဖြီးလုံးရှိုးလုံးတွေနှင့် နပ်ချရဦးမည်မို့ မြတ်သော ဟက်ခနဲ ရယ်လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟာ မင်းပြောတော့ ကျားပေါက်ကလေးတွေနဲ့တူတယ်ဆို အခု ဘယ့်နှယ်ကြောင့် ယုန်တစ်ကောင်လို ဖွေးဖွေးဖြူနေတဲ့ကြောင် ဖြစ်နေရတာလဲ"

"အဘိုးကလည်း ရတဲ့ကြောင်ကို ယူလာရတာလေ၊ အဖြူလေး လည်းလှပါတယ်၊ ဒီကောင်က ညာဉ်ကောင်းတယ်၊ ကျားပေါက်နဲ့တူတဲ့ ကောင်တွေက တအားသောင်းကျန်းတယ် အဘိုးရဲ့ ဟိုနေရာ အီးပါ ဒီနေရာ အီးပါလုပ်ရုံတင်မဟုတ်ဘူး ဟင်းလည်းခိုးစားတယ်တဲ့ ဒါကြောင့် ဒီကြောင်ဖြူလေးပဲခေါ်လာတာ"

အဘိုးယုံအောင် ရှီးရှမ်းနေရသည့်အတွက် မြတ်သောလည်း လှူလိမ်ကြီးလုံးလုံးကိုဖြစ်နေရသည်။

ဘာပဲဖြစ်ဖြစ် သူလိုချင်သော ကြောင်ရသွား၍ အဘိုး တော်





တော်လေး ကျေနပ်နေပုံရသည်။

"အေးပါ ဒါဆိုလည်း ဒီကြောင်ဖြူလေးကိုပဲ မွေးပါတော့မယ် ဟဲ ဟဲ ဟဲ ကြောင်ဖြူလေးကို နာမည်ပေးရမယ်၊ ဘာနာမည်ပေးရင် ကောင်းမလဲ၊ အဲ နေပါဦး အထီးလား အမလားလဲမသိဘူး၊ မြတ်သော ဒီမှာလာကြည့်စမ်း ကြောင်ကအထီးလား အမလားလို့"

"အာ အဘိုးကလည်း အထီးအမခွဲတာပဲ ကိုယ့်ဟာကိုယ်ကြည့် လည်းရတာပဲ"

"ငါကြည့်ရမှာရှက်လို့ပေါ့ကွ၊ လုပ်စမ်းပါ လာကြည့် ငါနာမည် ပေးကင်ပွန်းတပ်လုပ်မလို့"

"ကြောင်ကိုအထီးနဲ့အမခွဲကြည့်ဖို့ကြည့်တာများ ရှက်နေရသေး သလား အဘိုးရာ ကျိုင်ပဲ"

သူငယ်ပြန်နေ၍ စိတ်ထင်တိုင်းပြောနေသော အဘိုးကိုကြည့် ပြီး စိတ်လေရသူက မြတ်သောပင်ဖြစ်သည်။

"ဟကောင် ငါမနက်က ငါးပါးသီလခံထားလို့ပေါ့ကွ ကဲ လာပါ လာကြည့်"

ဖွတ်အတင်းကြည့်ခိုင်းနေ၍ အဘိုးနားပြန်လျှောက်လာပြီး မဝံ့ မရဲဖြစ်နေသော ကြောင်ဖြူလေးနားသို့ ထိုင်ချလိုက်သည်။ ကြောင်ကို ဘက်လက်လှန်လိုက်ပြီး

"အမ,လေး အဘိုးရ"

"ဟေ ဟုတ်လား အေး အေး ဒါဆိုရင် စန္ဒီကိုက်လို့ပဲ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်မယ်၊ စနိုးဂိုက်လေးရေ စနိုးဂိုက်လေးရေ ဒီနေ့ကစပြီး ငါတို့ ဘော်ဘော်တွေဖြစ်သွားပြီ၊ ညဘက်ကလပ်သွားရင် အဖော်လိုက်ခဲ့ရမယ် နော်၊ ကြားလား စနိုးဂိုက်လေး ဟား ဟား ဟား ဟား''

သူ့ဟာသူနာမည်ပေး သူ့ဟာသူ အဖော်လုပ်ပြီး စကားတွေ ဖောင်ဖွဲ့အောင် ပြောနေရှာသော အဘိုးကိုကြည့်ပြီး ရယ်စရာကောင်း နေတာလား သနားစရာကောင်းနေတာလားဟုပင် မြတ်သော မခွဲခြား ချင်တော့။

မြတ်သောလည်း အဘိုးအရွယ်ရောက်လျှင် ထိုသို့ သူငယ်ပြန် ရောဂါဖြစ်နိုင်သည်မို့ ကိုယ်ကိုယ်တိုင် သူငယ်ပြန်ရောဂါရလျှင် ဘယ်လို နေမလဲဟု မျက်လုံးထဲပြန်မြင်ယောင်ပြီး အသက်ကြီးရမှာပင် ကြောက်ရွံ့ လာသည်။

မာမီ သူငယ်ပြန်လျှင်ရော အဘိုးလို ပေါက်ကရတွေလျှောက် လုပ်မှာလား။

''အဟက် ဟား ဟား ဟား''

တွေးရင်းဖြင့် မအောင့်အီးနိုင်စွာ ရယ်လိုက်သည်။

■ ■ ■

## အခန်း (၁၃)

''မြတ်သော မြတ်သော''

''ဒုန်း ဒုန်း ဒုန်း ဒုန်း''

''ဒီကောင် အိပ်ပုပ်ကြီးတယ်ကွာ''

အခန်းတံခါးထုသံကြောင့် အိပ်ရာမှဖျတ်ခနဲ လန့်နိုးလာပြီး ဆတ်ခနဲ ထထိုင်လိုက်သည်။

မနက်စောစောစီးစီး ကိုဖင်နှင့်ဖြိုးပိုင်၏အသံကြောင့် အိပ်မှုံ မျှားဖြင့် တံခါးထဖွင့်ပေးလိုက်သည်။

''သူများအိပ်မှာ မနက်စောစောစီးစီး ဘာတွေလာသောင်းကျန်း နေကြတာလဲကွာ''

''ဘာ မနက်စောစောစီးစီးလဲ အချိန်ကိုလည်း ကြည့်ဦး နေက



www.burmeseclassic.com

www.burmeseclassic.com



မင်းဖင်ကိုထိုးရုံတင်မဟုတ်ဘူး ဖင်စအိုဝကဝင်ပြီး ပါးစပ်ပေါက်ကတောင် ပြန်ပြီးထွက်တော့မယ်''

ဖြိုးပိုင်နှင့်ကိုဖင် ပြောကာဆိုကာဖြင့် မြတ်သောအခန်းထဲ တိုး ဝင်လာပြီး ကွန်ပျူတာစားပွဲရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်ကြသည်။

''ငါက မင်းတို့လို ဖိမ်နဲ့အိပ်ရတဲ့ကောင်မဟုတ်ဘူးကွ၊ ခြောက် လသားအရွယ်ထက်ဆိုးတဲ့ ငါတို့အဘိုးက မနက်မိုးလင်းတာနဲ့ ဗိုက်ဆာရင် ဂျီကျတတ်လို့ အဘိုးစားဖို့ မနက်ခင်းစာတွေ ဘာတွေပြင်ဆင်ပေးပြီးမှ ပြန်အိပ်ရတာကွ၊ ညသန်းခေါင်ဆိုရင်လည်း ငါ့အဘိုးက တော်တော်နဲ့ မအိပ်ဘူး''

''မအိပ်ဘဲ ဘာလုပ်လဲ''

''ဘောလုံးပွဲလေ ဘောပွဲထိုင်ကြည့်တာ သူမအိပ်တော့ ငါပါ မအိပ်ရဘူးကွာ၊ ငါ ဘောလုံးဝါသနာမပါတာ မင်းတို့လည်းသိသားနဲ့''

သူ့ဒုက္ခတွေ ရေရွတ်ပြလိုက်တော့မှ မြတ်သောကို သနားသော အကြည့်ဖြင့် ငုံ့ကြည့်လိုက်ကြပြီး

''မင်းမားသားကြီးကရော ပြန်မလာသေးဘူးလား''

''အမှုကိစ္စတွေ မပြတ်သေးလို့ ပြန်မလာသေးဘူးတဲ့ကွာ၊ ငို့ မာမီပြန်မလာမချင်း ငါတိုင်ပတ်နေတာကွာ၊ မာမီပြန်မလာမချင်း ငါမှာ အပြင်သိပ်ထွက်လို့မရဘူး၊ ခြေချုပ်မိနေတာ သင်တန်းကလည်း ရှေ့ဆ တောက်ရပြီ''

''ဒါဆို မင်းဘာယ်လိုလုပ်မလဲ''





''မားသားကြီးကတော့ အမြိပြန်လာမယ်လို့တော့ ပြောတာပဲ၊ ဒီအတောအတွင်းတော့ အဘိုးက တော်တော်မွှေတာကွာ၊ တကယ့်မှုကြို ကျောင်းတက်တဲ့ ချာတိတ်တစ်ယောက်လိုကို ဂျစ်ကျတာ''

ခေါင်းကိုတဖျင်းဖျင်းကုတ်ပြီး စိတ်ပျက်စွာပြောနေသော မြတ် သောကိုကြည့်ပြီး ကိုဖင် နှီးခနဲရယ်လိုက်ပြီး

''မင်းအဘိုး ခမဲလိုနေလားမှမသိတာ၊ ဒီတော့ သူနဲ့ရွယ်တူ အဘွားကြီးတစ်ယောက် ရှာပြီး ချိတ်ပေးလိုက်ပေါ့''

''ဟာ နေပါကွာ သူငယ်ပြန် အဘိုးကြီးနဲ့အဘွားကြီးကြားမှာ ငါလည်း စအူတွေချောင်ပြီး စိတ်ကျန်းမာရေးဟိုတယ်ကို ဂိုးရလိမ့်မယ်''

''ဒါနဲ့ မင်းငါတို့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲ''

အဘိုးအကြောင်းပြောနေရင်းမှ လမ်းကြောင်းလွှဲသွားသော ကြောင့် စိတ်အာရုံတွေက မျက်နှာမသစ်ရသေးခင်မှာ ယသော်ဆီသို့ ရောက်သွားသည်။

စိတ်တွေက စောစောကလို နောက်ကျိမနေတော့တဲ လေပြည်လို သတ်ဆတ်သွားသည်။

''ငါ ပန်းပွင့်လေးတစ်ပွင့်နဲ့ သူငယ်ချင်းဖြစ်သွားပြီ''

''ဟင် ပန်းပွင့်ဟုတ်လား၊ ဘာပန်းလဲ ဂန္ဓမာလား နှင်းဆီလား ဘယ်လား''

''ယသော်မေ''

''အမ် ယသော်မေ ငါ ဒီပန်းနာမည်မျိုး မကြားဖူးဘူး ခနော်



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပိုင်''

ကိုဇင့်အမေးကို ဖြိုးပိုင် ရယ်ကျဲကျဲနှင့် ခေါင်းညိတ်လိုက်ပြီး

''ကြွေပြီးသားပန်းလား မကြွေရသေးတဲ့ပန်းလား ဒါမှမဟုတ် နမ်းရှိုက်ပြီးသားပန်းလား''

ဖြိုးပိုင်အမေးကို သဘောပေါက်လိုက်သည်မို့ မြတ်သော ဂုဏ်ယူစွာပြုံးလိုက်ပြီး

''ရှုမှင့်အာစ ပန်းကလေး ကြွေဖို့နေနေသာသာ အနမ်းတောင် မခံရသေးတဲ့ပန်းလေးတစ်ပွင့် အရမ်းလှတယ်၊ သူ့အလှတွေက လေးနက် သိမ်မွေ့တယ်၊ အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ ပန်းချီကားတစ်ချပ်လိုပဲ ကြာကြာကြည့်လေ အဓိပ္ပာယ်တွေနဲ့ပြည့်နှက်နေလေပဲ''

''ဝါး တကယ့်ကိုညွှန်းတာပဲ၊ တစ်ခါလောက် မိတ်ဆက်ပေးလေ''

''မင်းတို့ကို စိတ်မချပါဘူး၊ မင်းတို့က ဓာတ်တိုင်ထဘီပတ်ပေးရင်တောင် အလွတ်ပေးမယ့်ကောင်တွေမဟုတ်ဘူး''

''အောင်မာ စော်ကားတယ်ပေါ့''

ယသော်မေ့အကြောင်းပြောဖို့ အရှိန်ယူတုန်းရှိသေးသည် အဘိုး အခန်းထဲဝင်လာသည်။

ငိုမဲ့မဲ့မျက်နှာကြောင့် မြတ်သော၏ပြောလက်စ စကားတို့ရပ်ကာ

''အဘိုး ဘာဖြစ်လို့လဲ''

''စနိုးပိုက်လေး မရှိတော့ဘူး''





''ဟင် မရှိတော့ဘူး ဟုတ်လား၊ မနေ့ညကတောင် အဘိုးခုတင် ခြေရင်းမှာ အိပ်နေသေးတယ်လေ''

''ဟုတ်တယ် ငါလည်းတွေ့တယ်၊ မနက်က ငါ အိပ်ရာနိုးပြီး တတည်းက မတွေ့တာ၊ ခြံထဲဆင်းပြီး အံပေါ့အလေးသွားတယ်ထင်ပြီး အမှုမဲ့အမှတ်မဲ့နေလိုက်တာ ခုထိကို မတွေ့တော့တာ''

ပြောရင်းဖြင့် အဘိုး မျက်ရည်ရစ်ဝိုင်းလာ၏။

ဒီလိုကျပြန်တော့ မြတ်သော အဘိုးအတွက် စိတ်မကောင်း ဖြစ်ရပြန်သည်။ အမှန်ဆို စနိုးပိုက်လေးကို မြတ်သောကိုယ်တိုင် ယသော်တို့အိမ်ကိုပြန်ပေးလိုက်တာ ဖြစ်သည်။

အဘိုးအမြင်မှာတော့ စနိုးပိုက်လေးပျောက်သွားတယ်ပေါ့။

''ပြန်ရှာပေး ငါ့စနိုးပိုက်လေးကို ပြန်ရှာပေးစမ်းပါကွာ''

ကလေးငယ်တစ်ယောက်လို စိတ်မကောင်းဖြစ်နေသော အဘိုး ကို ချော့သိပ်ဖို့ စကားလုံးတွေ အပြေးအလွှား စဉ်းစားလိုက်ပြီး

''စိတ်ချ အဘိုး ကျွန်တော် တွေ့အောင်ရှာပေးမယ်နော် အဘိုး''

''တကယ်ရှာပေးနော်၊ သူက အဖော်ရတယ်ကွ၊ ငါ သူ့ကိုစကား တွေပြောရင် တညောင်ညောင်နဲ့ပြန်ပြောတယ်၊ ငါမုန့်ကျွေးရင်လည်း ဘာမှ မငြင်းဘူး အကုန်စားတယ်၊ ငါဒေါသထွက်နေရင်လည်း ငါ့ကိုပြန် ပြီး ရန်မတွေ့ဘူး၊ မျက်နှာငယ်လေးနဲ့မော့ပဲကြည့်ရှာတာ၊ စိတ်လည်း ကောက်တတ်ဘူး''

အဘိုး၏တွတ်တီးတွတ်တာ စကားကြောင့် ကိုဇင်ရော ဖြိုးပိုင်



www.burmeseclassic.com

www.burmeseclassic.com



ရော ရယ်ချင်ပေမယ့် မရယ်ရက်။

သူငယ်ပြန်နေသော အဘိုးကို ကရုဏာသက်နေကြသည်။

■ ■ ■

## အခန်း (၁၄)

"ဆိုက္ကား အားလား"

"အားတယ် အစ်ကို"

"အားရင် လိုက်ပို့စမ်းကွာ"

ဆိုက္ကားသမား ဆိုက္ကားရပ်လိုက်သည်နှင့် အဘိုး ဆိုက္ကား ခုံမှာ တက်ထိုင်လိုက်သည်။

"ဘယ်ကိုနင်းရမလဲ အဘိုး"

"ငါ့အိမ်ကို"

"အဘိုးအိမ်က ဘယ်မှာလဲ"

တစ်ခုချင်းမေးနေသော ဆိုက်ကားသမားကို အဘိုးစိတ်မရှည် မော့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင်းမှာသာ နင်းစမ်းပါကွာ၊ ငါ့အိမ်ကို ငါလမ်းညွှန်မှာပေါ့ကွ"

"ဗျာ ခြေဘ် ဟုတ်ကဲ့ အဘိုး"

ဆိုက္ကားသမား အဘိုးကိုထပ်မမေးရဲတော့ဘဲ ဆိုက်ကားကို သာ လမ်းမကြီးအတိုင်း ခပ်မှန်မှန်နင်း၍လာသည်။

တိတ်ဆိတ်သော လူကုံထန်ရပ်ကွက်မှ ဆိုက်ကားနင်းလာသော ကွန်ကရစ်လမ်းတွေမှန်သမျှ တိတ်ဆိတ်အေးချမ်း၍နေသည်။

ခုချိန်ထိ အိမ်ကိုမညွှန်သေးသော အဘိုးကိုကြည့်ပြီး ဆိုက်ကား သမား ဘယ်သွားမှာလဲဟု မမေးရဲ။ လမ်းမကြီးတွေသာ တစ်လမ်းပြီး တစ်လမ်း ဖြတ်နင်းလာသည်။ ဘယ်လမ်းကိုချိုး ဘယ်လမ်းကိုကွေ ဘယ်အိမ်ဟာ ငါ့အိမ်ဟု မပြောသေး။

ကြာတော့ဆိုက္ကားသမား မောဟိုက်စပြုလာပြီး

"အဘိုးအိမ်က မရောက်သေးဘူးလား"

မနေနိုင်သည့်အဆုံး အော်ချင်လည်းအော်ပစေဆိုပြီး အရဲ ၍ မေးလိုက်သည်။ အဘိုးမှာ ဟိုဟိုဒီဒီ ဝေ့ကြည့်ကာ

"အေး ငါလည်း ငါ့အိမ်ကို ခုချိန်ထိ မတွေ့သေးလို့ ရှာနေ ကွ"

"ဗျာ"

ဆိုက်ကားသမား မျက်လုံးအပြူးသားဖြင့် အဘိုးကိုကြည့်

"မင်းရော ငါ့အိမ်ကိုသိလား"

အဘိုး၏အူကြောင်ကြောင် အမေးကြောင့် ဆိုက်ကားသ





ခေါင်းကိုတဗျင်းဗျင်း ကုတ်လိုက်ပြီး

"ဟာဗျာ အဘိုးရယ် ကာယကံရှင်အဘိုးကတောင် ကိုယ်နေတဲ့ အိမ်ကိုမမှတ်မိမှတော့ ကျွန်တော်က အဘိုးအိမ်ကို ဘယ်လိုသိမှာလဲ ခုက္ခပါပဲဗျာ"

"ဒါဆိုလည်း မောင်းကွာ"

"ဘယ်ကို နင်းရမလဲ"

"ငါ့အိမ်မတွေ့မချင်း နင်းပေါ့ကွာ၊ မင်းကလည်း လာပြီးရစ်နေ နေပြီ"

"အယ် ဒုက္ခပါပဲ၊ မနက်ကတည်းက ဈေးဦးမပေါက်သေးလို့ ပေါက်တယ်ဆိုပြီး ပျော်နေတာ၊ သွားပါပြီ ဆိုက္ကားခမရတဲ့အပြင် သက်ကျားရွယ်အိုကြီးကို ဘယ်လိုက်ပို့လို့ ပို့ရမှန်းမသိပါဘူး"

ဆိုက္ကားသမား ခပ်တိုးတိုးညည်းနေတာကို အဘိုးမကြား။ အိမ် ဘယ်မှာလဲဆိုတာကို တော်တော်ခက်ခက်ခဲခဲ စဉ်းစားနေပုံရ၏။

အိမ်က ဘယ်လိုမှကို စဉ်းစား၍မရ။

"အဘိုးနေတဲ့ လမ်းကိုရော သိလား အဲ လမ်းနာမည်ကိုပြော ..."

"မသိဘူး မေ့နေပြီ"

"ဒါဆို ဖုန်းနံပါတ်ရော အဘိုးအိမ်သားတွေရဲ့ ဖုန်းနံပါတ်လေ"

ဆိုက္ကားသမား သူ့ဉာဏ်မီသလောက် ဝိုင်းပြီးစဉ်းစားပေးရှာ၏။

"အေး ဖုန်းနံပါတ်တွေတော့ ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားသမား မျက်နှာမှာ ထွက်ပေါက်ရှာတွေ့သွားသူလို ပျော်သွားကာ သူ့ခါးကြားမှ ဖုန်းကိုဖြုတ်ယူကာ

"ပြော အဘိုးနံပါတ်ပြော ကျွန်တော်ဖုန်းဆက်ပြီး အကြောင်းကြားပေးမယ်"

"အံမယ် မင်းကဘော့စ်ပဲ၊ ဖုန်းတွေဘာတွေတောင် ကိုင်နိုင်တာပဲ"

"ဟာဗျာ အဘိုးကလည်း လမ်းဘေးက ပလုံကောက်တဲ့လူတွေတောင် ဖုန်းကိုင်နိုင်နေတာ ဘာဆန်းလဲ၊ ကဲ ပြော အဘိုးအိမ်ရဲ့ ဖုန်းနံပါတ်"

"ဇီးရိုးဝမ်း အဲ ဇီးရိုးဝမ်းပြီး နောက်ကနံပါတ်တွေက ဘာပါလိမ့်"

တဖန် ခပ်တွေတွေပြန်စဉ်းစားနေရ၍ ဆိုက္ကားသမားစိတ်လေသွားသည်။

"ကျွတ် ဒါလည်း မမှတ်မိဘူးပေါ့၊ ဒါ ဒါဆို နောက်နံပါတ်တစ်ခုကိုပြော"

"ငါ့မြေးဖုန်းနံပါတ် ဟုတ်ပြီ ဇီးရိုးနိုင်းကစတာ"

"ဟုတ်ပါပြီ နောက်ဂဏန်းတွေပြောပါ"

"ဒါ ဒါလည်း မမှတ်မိတော့ဘူးကွ"

ဆိုက္ကားသမား သူ့နဖူးကို ခပ်နာနာရိုက်လိုက်ပြီး

"ဟာဗျာ တိုင်တော့ပတ်ပါပြီ၊ ကျွန်တော် ခုထိဈေးဦးမပေါက်





သေးဘူးဗျ၊ ခုချိန်ထိ အိမ်ကိုဈေးဖိုးပြန်မပေးရသေးဘူး၊ အဘိုးတစ်ယောက်ထဲနဲ့ အချိန်ကုန်ခံနေရတယ်၊ ခြေထောက်တွေလည်း ညောင်းလာပြီ"

နို့တစ်ကောင် ညည်းသလို ညည်းတွားနေသော ဆိုက္ကားသမားကို အဘိုးပေစောင်းစောင်းကြည့်လိုက်ပြီး

"အံမယ် မင်းကမျှား ငါ့ကိုမခန့်လေးစား ပြောရဲတယ်ပေါ့ဟုတ်လား၊ တော်ပြီ မင်းဆိုက္ကား လုံးဝမစီးတော့ဘူး၊ ရပ် ဆင်းမယ် ခုချက်ချင်းဆင်းမယ်"

အဘိုး၏မကျေမနပ်စကားကြောင့် ဆိုက္ကားသမား ထကမတတ်ကို ဝမ်းသာသွားသည်မို့ ဆိုက္ကားကို ကျွိခနဲရပ်ပေးလိုက်သည်။

"အမလေး ကျေးဇူးတွေတင်လိုက်တာ အဘိုးရယ် ဆင်းပါမြန်မြန်လေးဆင်းပါ"

"ဆင်းမယ် ဆင်းမယ်"

အဘိုး ဆိုက္ကားပေါ်မှ ခပ်ဆောင့်ဆောင့် ဆင်းလိုက်သည်နှင့် ဆိုက္ကားသမားမှာ နောက်ကြောင်းကိုပင် ပြန်လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်း လစ်ပြေးတော့၏။

လမ်းလယ်ခေါင်မှာ အဘိုးတစ်ယောက်ထဲ ထီးထီးကြီးရပ်၍ ကျန်ခဲ့သည်။

"တောက် တော်တော်ဆိုးတဲ့ဆိုက္ကားသမား ငါနေတဲ့အိမ်ကလေးကိုတောင် ရှာမပေးနိုင်ဘူး ဟွန့် ကောင်းတယ် ဆိုက္ကားခတောင် ပေးစရာ



www.burmeseclassic.com

www.burmeseclassic.com



ခလိုက်သွား လစ်သွားပြီ အဟား ဟား ဟား''

လမ်းမမှာ တစ်ယောက်ထဲရပ်ပြီး စကားတွေပြောနေ၏။

ထိုစဉ် ကားတစ်စီး မောင်းလာသဖြင့် အခွင့်အရေးကိုလော်

လွှတ်မခံ။ တုတ်ကောက်နှင့် လှမ်း၍တားလိုက်သည်။

ကားလေးတစ်စီး အဘိုးရှေ့ငြိမ့်ခနဲ ရပ်လိုက်သည်။

ကားခေါင်းခန်းထဲမှ အိမ်သူ ခေါင်းပြူထွက်လာကာ

''အဘိုး ဘယ်ကိုသွားမှာမို့လဲ''

အိမ်သူ ယဉ်ကျေးစွာဖြင့်မေးလိုက်သည်။

''အိမ်ပြန်မလို့ လမ်းကြုံလိုက်မယ်''

''ဩော် ဟုတ်ကဲ့ ယသော် လမ်းကြုံလိုက်မလို့တဲ့၊ ခေါ်ခဲ့လိုက်

မယ်ဟာ၊ သနားပါတယ် အဘိုးတစ်ယောက်ထဲ လမ်းမကြီးပေါ်မှာ''

ယသော့်ဆီမှာ ခွင့်ပြုချက်လှမ်းတောင်းနေသဖြင့် ယသော်

အပြုံးလေးဖြင့် ခေါင်းဆတ်ပြလိုက်ပြီး

''အင်း ခေါ်လေ ယသော်တို့သွားမယ့်လမ်းနဲ့ကြုံလို့နေမှာပေါ့

သနားပါတယ် ခေါ်ခဲ့လိုက်ပါ''

ယသော်ဆီမှ ခွင့်ပြုချက်ရပြီမို့ အိမ်သူ အဘိုးဘက်ကိုလှည့်ကာ

''လာလေ တက်ပါ အဘိုး''

ကားကြုံလိုက်ခွင့်ရ၍ အဘိုးမျက်နှာကျေနပ်ပြုံးတွေကို ခပ်မိန့်

မိန့်ပြုံးကာ နောက်ခန်းတံခါးဆွဲဖွင့်၍ ဝင်ထိုင်လိုက်သည်။

အဘိုး ကားပေါ်မှာ ခပ်မိန့်မိန့်ဝင်ထိုင်ပြီးသည်နှင့် အိမ်သူ





ကားကိုငြိမ့်ခနဲ မောင်းထွက်ခဲ့လိုက်သည်။

တော်တော်ဝေးဝေးထိ မောင်းလာပြီးမှ အဘိုးဘယ်သွားမလဲ

ဆိုသော သိချင်စိတ်ဖြင့် နောက်ကြည့်မှန်မှတစ်ဆင့် အဘိုးကို လှမ်း

ကြည့်ပြီး

''အဘိုးအိမ်က ဘယ်လမ်းလဲ''

အိမ်သူ့အမေးကြောင့် အဘိုးမျက်မှောင်စုကျုံ့လိုက်ပြီး

''အေး အဲဒါခက်တာပဲ မြေးတို့ရဲ့၊ အဘိုးလည်း အဲဒီအိမ်

ဘယ်မှာရှိလဲဆိုတာ စဉ်းစားနေတာ စဉ်းစားလို့ကိုမရဘူး''

''ဟော့တော်''

အိမ်သူရော ယသော်ပါ မျက်လုံးပြူးကာ တစ်ယောက်မျက်နှာ

တစ်ယောက်ပြိုင်တူကြည့်လိုက်ကြသည်။

''ယသော်ရေ ဘယ်လိုလုပ်ကြမလဲ''

''သေချာအောင် မေးကြည့်ပါဦး အိမ်သူရယ် ကိုယ်နေတဲ့အိမ်

ကို မသိဘူးဆိုတာတော့ မဖြစ်နိုင်လောက်ပါဘူး''

ယသော့် စကားကြောင့် အိမ်သူ အဘိုးဘက်ကိုပြန်လှည့်၍

''အဘိုး ဘယ်လမ်းမှာနေတာလဲ အိမ်သူတို့ အဲဒီလမ်းထဲ

ထိုက်ပို့မယ်လေ''

အိမ်သူ့အမေးကြောင့် အဘိုးမျက်မှောင်ကျုံ့ကာ ခပ်တွေတွေ

ငေးစားပြီး ခေါင်းကိုခပ်လေးလေး ခါလိုက်သည်။

''လမ်းနာမည်လည်း မေ့နေတယ်ကွ၊ အင်း ငါ ဘယ်လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေပါလိမ့်၊ မနက်ကတင်ပဲ အိမ်ကထွက်လာတာ ခုစဉ်းစားလို့မရဘူး''

အိမ်သူစိတ်ပျက်စွာ ခေါင်းခါလိုက်ပြီး ယသော်ကိုမေးဆတ်ပြ ကာ

''ဘယ်လိုလုပ်မလဲ ယသော်၊ လမ်းနာမည်လည်းမသိ ဘယ် အိမ်မှာနေလဲဆိုတာလည်းမသိဘူးဆိုတော့ ငါတို့ဒီအဘိုးကို ဘယ်ကိုပို့ကြ မလဲ''

''ငါလည်း မစဉ်းစားတတ်တော့ဘူး အိမ်သူရယ်၊ ပုံစံကြည့် တာ ဒီအဘိုး ဦးနှောက်တွေ နည်းနည်းချောင်နေလို့များလား မသိဘူး''

''ဒါဆိုလည်း ကားမှတ်တိုင်တစ်ခုခုမှာ ချပေးခဲ့လိုက်မယ်ဟာ''

''အဲ အဲလိုလည်း မလုပ်ပါနဲ့ အိမ်သူရယ်၊ အဘိုးပုံစံကြည့် တာ ပိုက်ဆံချမ်းသာတဲ့အသိုင်းအဝိုင်းကထင်တယ်၊ လက်မှာဝတ်ထား တဲ့လက်စွပ်ရဲ့တန်ဖိုးက မနည်းဘူး၊ ဒီအတိုင်း လမ်းပေါ်ချပေးခဲ့ရင် အဘိုးအတွက်အန္တရာယ်များတယ်''

ယသော်ပြောတာလည်း ဟုတ်နေ၍ အိမ်သူ စဉ်းစားရကျပ် သွားသည်။

''ဒါဆို ဘယ်လိုလုပ်ကြမလဲ ယသော်''

အိမ်သူ့အမေးကြောင့် စဉ်းစားရကျပ်ဟန်ဖြင့် သက်မခ်ချ မျှင်းချကာ

''ကဲ မတတ်နိုင်တော့ဘူး အိမ်သူရယ်၊ ငါတို့အိမ်ကိုပဲ ခေါ် ခဲ့လိုက်တော့ အိမ်ရောက်မှပဲ သေသေချာချာ မေးမြန်းစုံစမ်းပြီး





မိသားစုတွေကို အကြောင်းကြားပေးကြတာပေါ့''

ကရုဏာရှင်မလေး ယသော်မေ၏ဆုံးဖြတ်ချက်အတိုင်း ကား ကိုအိမ်သို့ ဦးတည်၍ မောင်းလိုက်သည်။

အဘိုးကတော့ သူ့အိမ်ကိုမှတ်မိတော့၍ မျက်လုံးလေး ကလယ် ကလယ်နှင့်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီအဘိုးက ဘယ်ကလဲ"

နန္ဒ၏ဘုဆတ်ဆတ်အမေးကြောင့် ယသော်နောက်မှ လိုက်ဝင်လာသော အဘိုး ခြေလှမ်းတုံ့သွားပြီး

"မင်းကရော ဘယ်သူလဲ၊ ဘာကြောင့် ဒီအိမ်ထဲရောက်နေတာလဲ"

နန္ဒ မျက်လုံးပြူးသွားသည်။ ကိုယ့်အိမ်ကိုလာပြီး ကိုယ့်ကိုမေးခွန်းတွေပြန်ထုတ်နေသဖြင့် ဟက်ခနဲ တစ်ချက်မဲ့လိုက်သည်။

"ဒါ ကျွန်တော့်အိမ်ပေါ့"

"ကိုကိုနန္ဒ အဘိုးက ညည်းသည်ပါ၊ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ လာ လာ ယသော် ရှင်းပြမယ် အိမ်သူရဲ အနေအထားကို ပြောပြီး အဘိုးအတွက် နေရာစီစဉ်ပေးလိုက်ပါဦး"





"စိတ်ချ ယသော် အိမ်သူပဲ စီစဉ်လိုက်ပါမယ်"

ယသော် ကိုကိုနန္ဒကိုရှင်းပြဖို့အတွက် ညေ့ခန်းအပြင်ဘက်ဝရန်တာသို့ ထွက်လာလိုက်သည်။ လမ်းမှာဖြစ်ပျက်ခဲ့တာတွေကို အသေးစိတ် ပြန်ရှင်းပြလိုက်သည်။ ကိုကိုနန္ဒမျက်နှာပေါ်မှာ အလိုမကျရိပ်တွေ ဆင်ဟပ်၍နေ၏။

"ကျွတ် ယသော်ရယ် နင်ကလေ တော်တော်ရှုပ်ရှုပ်ယှက်ယှက်နိုင်တာပဲ၊ တော်တော်အိုနေတဲ့အဘိုးကြီးကိုခေါ်လာပြီး အိမ်မှာသောင်တင်နိုင်းလို့ ဖြစ်မလား"

"ဪ ကိုကိုရယ် ခဏခေါ်ထားတာပါ၊ အဘိုးပုံစံကြည့်ရတာ အသက်ကြီးလာလို့ အခန်းတစ်ခန်းလောက် လွတ်သွားတဲ့ပုံစံပါ၊ သူ့အိမ်သားတွေကို သူမှတ်မိပြီး ဆက်သွယ်လို့ရတဲ့အချိန်ကျရင် ပြန်ပို့ပေးလိုက်ရုံပဲလေ"

"အေး နင်ပြောတော့ လွယ်တယ်၊ ဒီအဘိုးကြီးအိမ်မှာလာနေတဲ့အချိန် တစ်ခုခုဖြစ်သွားရင် ဒီမသာကြီးက ကိုယ့်အိမ်မှာအဖတ်တင်နေမယ်"

ရင့်သီးသော စကားကြောင့် ယသော် ရင်ဘတ်ဖိကာ

"မပြောကောင်းမဆိုကောင်း ကိုကိုရယ်၊ ဒုက္ခရောက်နေတဲ့သူကို ကူညီတာ ကောင်းတဲ့အလုပ်ပါ၊ ကိုကိုသာ ညဘက်တွေမှာဂျစ်ပစီလို လျှောက်သွား ပြန်လာရင် အပေါင်းအသင်းပေါင်းစုံခေါ်လာနေတာ မဟုတ်ဘူး"

www.burmeseclassic.com



ပြန်၍ ကြေးတိုက်လိုက်သဖြင့် နန္ဒဒေါသဖြစ်သွားပြီး ယသော်ကို မကျေမနပ် စွေကြည့်ကာ

"အဲဒါ ဘာဖြစ်လဲ ငါ့ဘော်ဒါတွေက အချိန်တန် သူတို့အိမ်သူတို့ ပြန်သွားတာ၊ ဘာအကန့်မှမရှိဘူး။ ခု ဒီဟာက အဘိုးကြီးကိုယ့်လက်ထဲရောက်မှ တစ်ခုခုဖြစ်ကြည့် အားလုံး အလုပ်တွေရှုပ်ကုန်မှာ"

မောင်နှမနှစ်ယောက်၏အခြေအတင်စကားပြောခန်းက ပြီးမှာမဟုတ်၍ ယသော်ကပဲ အဆက်ဖြတ်ကာ

"ကဲ တော်ပြီ ကိုကို ယသော်က လူတစ်ဖက်သား ဒုက္ခရောက်နေတာကို ကူညီခဲ့တာ၊ ဒါဟာ ကောင်းတဲ့အလုပ်မို့ ကိုကို ပြောသလိုဖြစ်စရာအကြောင်းကိုမရှိဘူး"

အနိုင်ပိုင်းပြောကာ ချာခနဲ လှည့်ထွက်လာသော ယသော့်ကို မကျေမနပ်ကြည့်ရင်း နန္ဒတက်တစ်ချက်ခေါက်လိုက်သည်။

"တောက်"

ဧည့်ခန်းထဲတွင် တစ်ချိန်လုံး ငြိမ်၍ ထိုင်နေသော အဘိုးကို ယသော် အိမ်သူနှင့်အန်တီနု စောင့်ကြည့်အကဲခတ်နေကြပြီး အဘိုး၏ အိမ်လိပ်စာကို ချော့မေးနေကြသည်။

"အဘိုး ဖျော်ရည်လေးသောက်လိုက်ပါဦး"

အန်တီနု အဘိုးရှေ့သို့ ပန်းသီးဖျော်ရည် ဖန်ခွက်ချပေးရာ အဘိုး ယူသောက်လိုက်ပြီး





"အောင်မလေး အရသာရှိလိုက်တာ၊ ရင်ထဲမှာ အေးစိမ့်ချမ်းမြေ့သွားတာပဲ"

"အဘိုးအိမ်မှာရော အဘိုးမိန်းမက ဖျော်မတိုက်ဘူးလား"

သတိမေ့နေသော အဘိုး၊ တစ်စုံတစ်ခုကို သတိရလိုရငြား ချည့်ပတ်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"အယ် အဘိုးက မိန်းမမရှိဘူး၊ လူပျိုကြီး လူပျိုကြီး ဟဲ ဟဲ အခုမှ အသက်ဆယ့်ရှစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာ"

အဘိုးစကားကြောင့် ယသော် ခစ်ခနဲ ရယ်လိုက်သည်၊ အသက်ကြီးလာ၍ ဦးနှောက်အာရုံကြောတွေ ချို့ယွင်းလာသော အဘိုးအိုကိုကြည့်ပြီး ယသော် သနားမိတာတော့ အမှန်ပင်။

"ဟင် စနီးပွိုက် စနီးပွိုက်လေးပါလား"

အဘိုးထိုင်နေသော ဆိုဖာခုံဘေးနားသို့ လာထိုင်သော ကြောင်ဖြူလေးကိုတွေ့သည်နှင့် လက်ထဲမှ ပန်းသီးဖျော်ရည်ခွက်ကို ကမန်းကတန်းချပြီး အငမ်းမရကောက်ချီလိုက်သည်။

"မင်းဘယ်တွေသွားနေတာလဲ၊ ငါ့မှာမင်းကိုလိုက်ရှာနေတာကွ"

ကြောင်ဖြူလေးကို ရင်ခွင်ပိုက်ကာ အလွမ်းသည်နေသော အဘိုးနှင့် ကြောင်ဖြူလေး၏ပတ်သက်မှုကို ယသော်ရော အိမ်သူပါ အံ့သြကြသည်။

"ယသော် အဘိုးက ဒီကြောင်ရဲ့ပိုင်ရှင်ထင်တယ်"

အန်တီနုအမေးကို ယသော် ထင်ကြေးဖြင့်ခေါင်းဆတ်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ဟုတ်မယ်ထင်တယ် အန်တီရေ၊ ဒါဆို ဒီအဘိုးက ယသော်တို့အနီးအနားပတ်ဝန်းကျင်အိမ်တစ်အိမ်ကပဲ ဖြစ်ရမယ်"

"တော်ပါသေးရဲ့ ရှာဖို့မခက်တော့ဘူး"

အိမ်သူ ခုမှပင် ဟင်းချနိုင်တော့၏။

■ ■ ■

## အခန်း (၁၆)

"တွေ့လား မင်းအဘိုးကိုတွေ့လား မြတ်သော"

"မတွေ့ပါဘူးကွာ၊ နေရာတွေလည်းနှံ့နေပြီ"

ကားပေါ်မှ စိတ်ဓာတ်ကျနေသည့်ခြေလှမ်းဖြင့် ဆင်းလာသော မြတ်သော၏မျက်နှာပေါ်မှာ စိုးရိမ်ပူပန်စိတ်တွေနှင့် မှုန်မှိုင်း၍နေသည်။

"ကျိုင်ပဲကွာ မင်းအဘိုး ဘယ်ကိုများသွားနေပါလိမ့်၊ သူ့မိတ်ဆွေတွေအိမ်ကိုရော စုံစမ်းပြီးပြီလား"

"အေး အားလုံးကို ဖုန်းဆက်မေးပြီးပြီ မလာဘူးတဲ့၊ နောက်ပြီး မနေ့က လမ်းလျှောက်ထွက်မယ်လို့ပဲ ပြောတာ သူ့အသိအိမ်တွေသွားလည်မယ်လို့ ပြောတာမဟုတ်ဘူး"

"မင်းကရော ဘာလို့လမ်းလျှောက်ထွက်ခွင့်ပေးတာလဲကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် သူငယ်ပြန်နေတဲ့အဘိုးကြီး တလွဲလုပ်တော့မှာပေါ့''

ကိုဇင့်ထံမှ အပြစ်တင်စကားစထွက်လာသည်။

''အေးလေ လမ်းလျှောက်ထွက်ခိုင်းတဲ့ မင်းရဲ့အပြစ်ကိုက မ
ကင်းတာ၊ အခုံပါရဲ့ အိမ်မှာတောင် ဖြောင်းဆန်အောင်မွှေနေတဲ့မင်းအဘိုး
လမ်းပေါ်ရောက်မှတော့ စိတ်ထင်တိုင်းလျှောက်သွားတော့မှာပေါ့''

ဖြိုးပိုင်ကပါ ကိုဇင့်လေသံနှင့်တစ်ထပ်တည်း။

''စိတ်ထင်တိုင်းလျှောက်သွားလို့ပြီး အိမ်ကိုတန်းတန်းမတ်မတ်
ပြန်လာရင် ကိစ္စမရှိဘူးကွ၊ တန်းတန်းမတ်မတ် ပြန်မလာဘဲ မတော်
တရော်တွေနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ ညကလည်း ဘယ်မှာအိပ်ပြီး
ဘယ်လိုစားလဲမသိဘူး''

တစ်ယောက်တည်း တွတ်ပွတွတ်ပွ ညည်းညူကာ အဘိုးအ
တွက် တော်တော်လေးကို စိတ်ပူနေမိတာတော့ အမှန်ပင်။ ကိုဇင်ရေ
ဖြိုးပိုင်ပါ မြတ်သောနှင့်အတူဝိုင်းပြီး စိတ်ပူပေးနေကြသည်။

မြတ်သော အဘိုးကိုမတွေ့လျှင် မြတ်သော ခေါင်းကျိန်းပြီ
အရင်ဦးဆုံး အပြစ်ပြောမည်က မာမီပင်ဖြစ်သည်။

''မင်း မင်းမာမီ ဘယ်အချိန်ပြန်လာမှာတဲ့လဲ''

''ဒီနေ့ညနေ ရာဇာမင်းကားနဲ့ ပြန်လာလိမ့်မယ်''

''မင်းဖုန်းဆက်လိုက်လို့လား''

''ငါ ငါလည်း အဘိုးကို တစ်ညလုံး ရှာမတွေ့တော့ စိတ်ရှေ
ထူပူပြီး မာမ့်ဆီလှမ်းဆက်မိတယ်''





မျက်နှာငယ်ဖြင့် ဆောက်တည်ရာမရဖြစ်နေသော မြတ်သော
ကိုကြည့်ပြီး ကိုဇင်ရော ဖြိုးပိုင်ပါ သက်ပြင်းကိုယ်စီချလိုက်ကြသည်။

''သိပ်လည်း စိတ်မပူပါနဲ့ကွာ၊ ငါတို့လည်း မင်းအဘိုးပုံကို
Facebook ပေါ်တင်ပြီး လိုင်းပေါ်က သူငယ်ချင်းတွေကို ရှာခိုင်းထားတယ်၊
တွေ့တာနဲ့ သူတို့ ငါ့ကိုပြောမှာပါ ဟဲ ဟဲ ဟဲ ခုချိန်မှာတော့ မင်းအဘိုး
က Fb မင်းသားကြီးပေါ့ကွာ''

''မင်းသားကြီးဖြစ်တာထက် မြန်မြန်ရှာတွေ့ပါစေလို့ပဲ ဆုတောင်း
ရတော့မှာပဲကွာ၊ ငါ့မာမီပြန်လာရင်လည်း ငါ့မှာအပွားခံရဦးမယ်''

အဘိုးမွှေသွားပုံများ မြတ်သော တစ်ယောက် ဟစ်တိုင်တက်
ပြီးတော့သာ ငိုလိုက်ချင်တော့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အဘိုး ထမင်းစားလို့ရပါပြီ"

စနိုးဝိုက်လေးကိုချိုပြီး တီဗွီထိုင်ကြည့်နေသော အဘိုးသည် အန်တီနုအသံကြောင့် သမင်လည်ပြန်မော့ကြည့်ပြီး ဝမ်းသာအား မျက်နှာဖြင့်

"ငါ့အိမ်ကို ပြန်တွေ့ပြီလား"

"ရှင်"

အန်တီနု ကြောင်အမ်းအမ်းဖြစ်သွားသည်။

"သြော် နားမကောင်းဘူးထင်တယ်၊ ငါ့ရဲ့အိမ်ကိုတွေ့ပြီလားလို့ မေးတာ"

လေသံမြှင့်၍ ပြောလိုက်သော အဘိုး၏စိတ်သိပ်မရှည်ဟန် ကြောင့် အန်တီနု မျက်နှာရှုံ့မဲ့သွားသည်။





"အဘိုးရယ် ဘယ်လိုလုပ်တွေဦးမှာလဲ၊ ကာယကံရှင်ကိုယ်တိုင် တောင် ကိုယ့်အိမ်ကိုယ် မမှတ်မိရင် ကျွန်မတို့က ခုမှအဘိုးကိုမြင်ဖူးတဲ့ သူတွေလေ ဒီရပ်ကွက်ဆိုတာကလည်း ပိုက်ဆံရှိလူကုန်ထံတွေနေတဲ့ ရပ်ကွက်၊ တစ်အိမ်နဲ့တစ်အိမ် ပတ်သက်မှုရှိကြတာမဟုတ်ဘူး၊ နောက် ပြီး ကျွန်မတို့က ပြောင်းလာတာလည်း မကြာသေးတဲ့ လူသစ်တွေ အဘိုးရဲ့၊ အဘိုးရဲ့အိမ်နီးနားချင်းတွေနဲ့တောင် စကားဟဟပြောဖူးတာ မဟုတ်ဘူး"

သူငယ်ပြန်တာလား ဦးနှောက်ချို့ယွင်းတာလား မသိသော အဘိုးကို အန်တီနု စိတ်ရှည်လက်ရှည် ရှင်းပြရသည်။ အဘိုးကတော့ နားလည်မလည်မသိ။ မျက်လုံးပေကလပ် ပေကလပ်နှင့် စဉ်းစားဟန်ပြုပြီး

"ဒါဆိုရင် ငါ ပီဇာစားချင်တယ်"

"ရှင် ပီဇာစားချင်တယ် ဟုတ်လား"

"ဟုတ်တယ် ငါက ပီဇာသိပ်ကြိုက်တာ"

အန်တီနု တစ်ခါစိတ်ရှုပ်ရပြန်သည်။ အဘိုး စားချင်သော ပီဇာက အိမ်မှာအဆင်သင့်မှမရှိတာ။ တော်တော် အကောင်းကြိုက်တဲ့ အဘိုးဟု စိတ်ထဲက ဝေဖန်ပြစ်တင်လိုက်သည်။

"ဟိုလေ ပီဇာတော့ အိမ်မှာမရှိဘူး အဘိုးရဲ့၊ ပေါင်မုန့်ကိုမီးကင် ပြီး ထောပတ်သုပ်ထားတာရှိတယ်၊ ကြွက်ကီးရှိတယ် ဒိုးနပ်ရှိတယ်"

"အာ အဲဒါတွေ ငါမကြိုက်ဘူး၊ ငါက ပီဇာနဲ့ဘာဂါပဲ စားတာ"

"ဟွန်း တော်တော် အကောင်းကြိုက်တဲ့အဘိုးပဲ၊ အခု ခု



www.burmeseclassic.com

www.burmeseclassic.com



ခုမှသေချာကြည့်မိတယ် ဒါ ဒါ နန္ဒရဲ့အဝတ်အစားတွေပဲ''

အန်တီနု မျက်စိမျက်နှာပျက်ပြီး အဘိုးကိုယ်ပေါ်က အပြာနုရောင်အော်တာရှပ်နှင့်ဆင်စွယ်ရောင်ကွာတားဘောင်းဘီအတိုကို အသေအချာကြည့်ကာ အလန့်တကြား ပြောလိုက်သည်။

အန်တီနု အမူအရာက ထိတ်လန့်နေသလောက် အဘိုးက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည့်ဟန်ဖြင့် ဂိုက်ပေးကြမ်းကာ တဟဲဟဲဖြင့် ရယ်ပြီး

''ဘယ်လိုလဲ ငါ အရမ်းမိုက်သွားပြီမဟုတ်လား ဟား ဟား ဟား''

''ဘယ် ဘယ်ကလာ မိုက်ရမှာလဲ၊ အဲဒါ ပြဿနာအကြီးကြီးဖြစ်မှာ''

''မဖြစ်ဘူး စိတ်ချ ဘာမှမစိုးရိမ်နဲ့''

အဘိုး၏စကားပင်မဆုံးလိုက် ဧည့်ခန်းထဲသို့ နန္ဒခြေလှမ်းကျဲကြီးဖြင့်ဝင်လာပြီး

''အန်တီနု ကျွန်တော့်အခန်းထဲက ဗီရိုကို ဘယ်သူမွှေထားတာလဲ မွစိကျဲနေတာပဲ''

အန်တီနု အဘိုးကိုဖျတ်ခနဲ လှမ်းကြည့်ပြီး နန္ဒအမေးကို ဘယ်လိုဖြေရမှန်းမသိဖြစ်နေသည်။ နန္ဒပါ အဘိုးဆီအကြည့်ရောက်သွားပြီး

''ဟင် ဒီ ဒီအင်္ကျီနဲ့ဘောင်းဘီက ကျွန်တော့်ဟာတွေပဲ ဟာကွာ





ဘာလဲ ဒီအဘိုးကြီးက ဘယ်ကလဲ''

သူ့အင်္ကျီကိုအဘိုးဝတ်ထား၍ ဒေါသဖြင့် အင်္ကျီကိုဆောင့်ဆွဲ ဆိုက်ရာ အဘိုးကိုယ်မှာယိုင်သွားသည်။

''ဟေ့ ဘာအဘိုးကြီးလဲ၊ ငါ့အသက်က ခုမှ ဆယ့်ရှစ်နှစ်ကျော် ကျော်ပဲရှိသေးတာ မင်းရုပ်ကသာ အဘိုးကြီးရုပ်ပေါက်နေတာကွ''

''ဟ ဘာလိုင်းကြီး လာခွပ်နေပါလား အန်တီနု ဒီအဘိုးကြီး က ဘယ်သူလဲ၊ ဘာကြောင့် ကျွန်တော့်အခန်းထဲ ဝင်မွှေပြီး ကျွန်တော့် အင်္ကျီတွေ ဝတ်ထားရတာလဲ''

အန်တီနုကို မေးသော နန္ဒ၏အသံမှာ ဒေါသသံပါနေ၏။

''ဒီ ဒီလိုပါ တူလေးရယ်၊ ဒီအဘိုးက သူငယ်ပြန်အဘိုးကြီးပါ၊ ယသော်နဲ့ အိမ်သူ ဈေးဝယ်ထွက်ပြီး ပြန်လာတော့ သူ့အိမ်သူ ပြန်မမှတ်မိတော့တဲ့ လမ်းမပေါ် ယောင်လည်လည် ဖြစ်နေတာနဲ့ သနားပြီး ခေါ်လာခဲ့တာလေ''

''ဟာကွာ ယသော်တို့ကတော့ ဖယားရှုပ်တွေကို အိမ်ပေါ်ခေါ်တင်တာပဲ''

ယသော့်ကို မကျေမနပ် အပြစ်တင်နေသော နန္ဒကို အဘိုးဘုကြည့်ကြည့်လိုက်ပြီး

''အံမယ် အံမယ် ဘာဓာတ်ရှုပ်လဲ မင်းကွာ လူတစ်ဖက်သားကို အဲလိုမျက်နှာသေးသပ် မပြောသင့်ပါဘူးကွ၊ ငါကမင်းရဲ့ဘောင်းဘီတွေထဲက မွှေထားတဲ့ အဝတ်ကိုဝတ်ချင်လို့ မဟုတ်ဘူး၊ ရေချိုးပြီး ဝတ်စရာ



www.burmeseclassic.com

မရှိလို့ ယူဝတ်ရတာ၊ အဲဒီအတွက် ဖြောက်ကလီတောင်ဆန်သေး၊ ငါဆိုတဲ့ ကောင်က သူများကိုယ်ပေါ်ရောက်ပြီးသား အဝတ်ကို ဝတ်ဖူးတဲ့ကောင် မဟုတ်ဘူး။ တကယ့်အမှန်အကန် Brand တွေကိုမှ ဝတ်တဲ့သူကွ''

အဘိုးကြီးဟု မထင်ရလောက်အောင် လူငယ်ဟန်ဖြင့် မခံချိမခံသာ ပြောနေသောအဘိုးကိုကြည့်ပြီး နန္ဒ ဒေါသတွေ ဝုန်းခနဲခုန်ထလာကာ အဘိုးနားသို့ ဆွေ့ခနဲရောက်သွားပြီး

''ဟာကွာ ဒီအဘိုးကြီး သူများအဝတ်လည်း ယူဝတ်ထားသေးတယ်၊ လူကိုလည်း စော်ကားတယ် ဟွန်း၊ ဟွန်းအရွယ်မတူလို့ပေါ့ကွာ အရွယ်သာတူလို့ကတော့ သွားတွေနောက်စေ့ကျွံထွက်ကုန်လောက်ပြီ''

''အေး ငါကလည်း မင်းလောက်ကို သနားလွန်းလို့ တတောင်မဖွဲ့ဘူး ရှင်းလား ဟား ဟား ဟား''

''အယ် အန် အန်တီန တွေ့လား အန်တီနအဘိုးကြီး လူကို စော်ကားနေတာတွေ့လား''

ဒေါသတကြီးနှင့် အန်တီနကို တိုင်တည်ပြောလာသော နန္ဒကို ကြည့်ပြီး အန်တီန ဘာပြန်ပြော၍ ပြောရမှန်းမသိ။

''အဲ ဟို ဟိုလေ သားရယ်''

''ဟာ ကြာပါတယ်ဗျာ၊ ဒီအိမ်မှာဆက်ပြီး ခေါ်မထားနဲ့တော့ ကျွန်တော်လုံးဝကို ခွင့်မပြုဘူး အန်တီန၊ မိယသော် အမွေစိန်မကြောင့် ကိုယ့်ဟာကိုယ် အိမ်မှာနေရင်းက သူများအစော်ကားကို ခံနေရတာ''

''အေး ငါကလည်း မလောက်လေး မလောက်စားက စော်ကား





လို့ ခံရခက်သကွ''

''တော် တော်ကြပါတော့ နန္ဒ အန်တီန တောင်းပန်ပါတယ် ကွယ်၊ ဟိုလေ အဘိုးက သူငယ်ပြန်နေတဲ့သူမို့ နန္ဒကပဲ ခွင့်လွှတ်လိုက်ပါ ကွယ်၊ ခမျာမှာလေ သူ့စကားသူ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း သိရှာတာ မဟုတ်ပါဘူးကွယ်''

''အောင်မယ် ဒီမှာအမိ လူကိုအဲလို အထင်စမောလ်တဲ့ စကားမျိုးနဲ့ မနှိမ့်ချပါနဲ့၊ ကျုပ်ပြောတဲ့စကားက ဟောဒီအိမ်ကနေပြောရင် အင်းစိန် ပေါက်တောဝအထိ ရောက်ပါတယ်''

''ကဲပါ အဘိုးရယ် ကိုယ်နဲ့အရွယ်တူတာလည်း မဟုတ်ဘဲနဲ့ ဖက်ဖြစ်မနေပါနဲ့''

''ဖက်မဖြစ်ပါဘူး၊ သူနဲ့ခပ်ချာချာပြောနေတာပါ၊ သူ့ကိုဖက်စရာ သား၊ ကျုပ်ချစ်သူ လီဒါပေးမှ မဟုတ်တာ''

ပါးစပ်ထဲတွေ့ကရာ အနိုင်ပိုင်းစကားတွေ ပြောနေသော အဘိုးနှင့်ဖက်ပြီး မဖြစ်ချင်တော့၍ နန္ဒ မကြည့်ကြည့်ကြည့်ကာ တက် တစ်ချက်ခပ်ပြင်းပြင်း ခေါက်ပြီး လှည့်ထွက်ခဲ့လိုက်သည်။

''တွေ့မယ် မိယသော် ဒင်းမွေလို့ အိမ်ပေါ်ကို အရှုးတက်နေ တာ''

■ ■ ■

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာသည်နှင့် မြတ်သော ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ဒါဟာ မာမီပြန်လာတာပဲ ဖြစ်ရမည်။

အပြေးအလွှား စဉ်းစားရင်း အိမ်ပေါက်ဝမှာရပ်ပြီး ကြိုလိုက်သည်။ ကားရပ်သည်နှင့် ဒေါ်ခင်ငြိမ်းချမ်း ကားပေါ်မှ ပျာယိပျာယာ ဆင်းလာသည်။

"သား မင်းအဘိုး မင်းအဘိုးကို တွေ့ပြီလား"

အလောတကြီးနိုင်သော အမေးကိုဖြေဖို့ မြတ်သောမှာ အင်အားမရှိ။

"မတွေ့သေးဘူး မာမီ၊ သားလည်း ဒီနေ့တစ်နေ့လုံးလိုက်ရှာနေ





တာ၊ သူငယ်ချင်းတွေလည်း ဝိုင်းရှာပေးကြတယ်"

"အမလေး ကိုယ်ကျိုးတော့ နည်းပါပြီသားရယ်၊ ဒယ်ဒီက စိတ်သိပ်မှန်တာ မဟုတ်ဘူး၊ လမ်းမှာ ကားတွေဘာတွေ အတိုက်ခံရလို့ အသက်ရှင်လျက်ရော ရှိပါဦးမလားကွယ်၊ မင်း ဆေးရုံတွေကိုရော စုံစမ်းပြီးပြီလား၊ ဖြစ်ဖြစ်ချင်း စခန်းမှာ တတ်ပုံပြပြီး အကြောင်းကြားထားရမှာ"

မာမီပြောမှပင် ဆေးရုံတို့ စခန်းတို့ကို အကြောင်းကြားဖို့ သတိရတော့၏။

"အဲဒီနေရာတွေကိုတော့ မစုံစမ်းရသေးဘူး မာမီ"

"သြော် မြတ်သောရယ် မင်းပေါ့ဆလိုက်တာ ကိုယ့်အဘိုးတစ်ယောက်လုံးပျောက်သွားတာကို အဓိက နေရာတွေမှာ မစုံစမ်းဘဲ ဘယ်လိုရှာနေသလဲကွယ်"

မာမီအပြစ်တင်လည်း ခံရတော့မည်မို့ မြတ်သော ဘာမှ စောဒကတက်မနေတော့။ မြတ်သောက မာမို့လောက် အရှည်ကြီးမှမတွေးတာ။

"ဒါဆို ခုပဲသွားရှာကြမယ်လေ မာမီ"

"အေးပေါ့ ရှာရမှာပေါ့၊ မင်းနှယ့်ကွယ် ဒီအဘိုးတစ်ယောက်သေးပဲရှိတာကို သေသေချာချာ မစောင့်ရှောက်နိုင်ဘူး၊ မင်းကရော ဘာတွေလုပ်နေလဲ"

မာမို့အပြစ်တင်သံတွေက စက်သေနတ်ပစ်သလို တဒင်္ဒဲဒက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီမို့ မြတ်သော ခေါင်းတဖျင်းဖျင်းကုတ်လိုက်သည်။

မာမှီအမေ အသေဘသနတာကို မာမီမှမသိတာဟု စိတ်ထဲကပင် ပြန်၍ ပြောလိုက်သည်။

■ ■ ■

## အခန်း (၁၉)

ဒီနေ့တစ်နေ့လုံး အဘိုးကိုပတ်ရှာထားရ၍ မြတ်သော လှုပ်ကို လှုပ်ချင်တော့။ မာမှီရှေ့မှာလည်း ကြာကြာမနေချင်တာမို့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ပြီး ခုတင်ပေါ်ပစ်လှဲချလိုက်သည်။

စိတ်ရှုပ်ထွေးခြင်းတွေ စိုးရိမ်ပူပန်ခြင်းတွေ ပင်ပန်းနွမ်းနယ်ခြင်း တွေကြောင့် ခေါင်းတွေပင် အုံခဲ၍နေသည်။

ထို့ကြောင့် မျက်နှာကို ခေါင်းအုံးမှာအပ်ကာ မျက်လုံးအစုံကို မှိတ်လိုက်သည်။

"ဘုတ်"

"ဟင်"

ဗိုက်ပေါ်ကို ကျလာသော အရာတစ်ခုကြောင့် မျက်နှာပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးကိုဖယ်ပြီး ခေါင်းထောင်ကြည့်လိုက်သည်။

ကျောက်ခဲလေးတစ်လုံးဖြစ်နေ၍ ခုတင်ပေါ်မှ ဖျတ်ခနဲထကာ ကျောက်စရစ်ဖြူဖြူခဲလေးကို ယူကြည့်လိုက်သည်။

"ဟင် ကျောက်ခဲပေါ် စာရေးထားတာပဲ"

'ရှင် အိပ်ပြီလား' ဟူသော စာတန်းကိုမြင်ကာ မြတ်သော ပြတင်းပေါက်ရှိရာသို့ ဝေါက်ခနဲ ထလာလိုက်သည်။

ဟုတ်သားပဲ ခုတလော အဘိုးကိုစွနှင့်အလုပ်တွေရှုပ်နေ၍ ယသော်နှင့်စကားမပြောဖြစ်ကြ။ သူ့ဘက်မှစတင်မိတ်ဖွဲ့လာမှပင် ယသော်နှင့်စကားပြောဖို့ အချိန်ပေးရမှန်း သတိရတော့သည်။

ပြတင်းပေါက်မှာထွက်ရပ်ပြီး ယသော်ကို လက်ပြလိုက်သည်။ ည၏လအလင်းရောင်သည် ပတ်ဝန်းကျင်တခွင်လုံး ဖြန့်ကျက်နေ၏။

"ရှင်အိပ်နေပြီလား ယသော့်ကြောင့် အိပ်ရေးပျက်သွားပြီ ထင်တယ်"

"မပျက်ပါဘူး၊ ကိုယ်မှ အိပ်မပျော်သေးတာ၊ အိပ်လို့လည်း မရပါဘူးကွာ"

"ဘာဖြစ်လို့လဲ ကောင်မလေးနဲ့အဆင်မပြေဘူးလား"

"ဟာ ဘယ်ကလာ ကောင်မလေးဆိုလို့ အခု ကိုယ်နဲ့ရပ်ပြီး စကားပြောနေတဲ့ ယသော်မဆိုတဲ့ကောင်မလေးပဲရှိတယ်"

"အို ယသော်က မြတ်သောကောင်မလေးမှ မဟုတ်တာ"

"ကိုယ့်သူငယ်ချင်း ကောင်မလေးပဲလေ"





"အဲလို ရှင်းရှင်းပြောပါလား၊ ဒီကပြောတာက ရှင့်ချစ်သူ ကောင်မလေးပါ"

"ဘယ်ကလာချစ်သူရှိရမှာလဲ၊ ပြောရင် ယုံပါ့မလား၊ ကိုယ့်မှာ ခုချိန်ထိ ချစ်သူကိုမရှိသေးတာ၊ ယသော်ရော လရောင်အောက်မှာချစ်သူ ကို ထိုင်လွမ်းနေတာလား"

တစ်ယောက်နှင့်တစ်ယောက် ချစ်သူတွေကိုယ်စီ ရှိ မရှိကို အစ်အောက်မေးနေသော အဖြစ်ကိုယ်စီကြောင့် စိတ်ထဲမှာပင်ကြိတ်ပြီး ပြုံးလိုက်မိကြသည်။

"ဟင့်အင်း ယသော့်လို ရောဂါသည်ကို ဘယ်သူကချစ်မှာလဲ လို့ နောက်ပြီး ယသော်က အချစ်ဆိုတာကို နားမှမလည်တာ၊ ချစ်ရမှာ လည်းကြောက်ပါတယ်"

"ကိုယ်ကတော့ မကြောက်ပါဘူး၊ အချစ်ဆိုတာ ကြောက်စရာ မှမဟုတ်တာ ရင်ခုန်ဖို့ပဲ"

"အလဲ့ တယ်လာတဲ့ စကားပဲ၊ ရှင် ရင်တော့ခုန်ဖူးမှာပေါ့"

"အဟက် လူတိုင်းရင်ခုန်ဖူးတယ်၊ ရင်မခုန်ရင် ဘယ်လို အသက်ရှင်မလဲ ယသော်ရ ဟား ဟား ဟား"

ယသော်နှင့်စကားတွေပြောနေရ၍ မြတ်သော၏ရှုပ်ထွေးနောက်ကျိနေသောစိတ်တွေ ပြန်လည်၍ ကြည်လင်လန်းဆန်း၍လာသည်။

လရောင်အောက်မှာ ဟိုဘက်တိုက်နှင့် ဒီဘက်တိုက် ပြတင်းပေါက်ကိုယ်စီမှာရပ်ကာ စကားတွေဖောင်ဖွဲ့အောင်ပြောရသည့်အရသာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြတ်သော တန်ဖိုးထားနှစ်သက်တတ်လာ၏။

"အို ယသော်ပြောတာ အသက်ရှူတဲ့ နှလုံးခုန်သံကို ပြောတာ မဟုတ်ဘူး၊ အချစ်နဲ့ပတ်သက်တဲ့ ခံစားမှုကြောင့်ဖြစ်တဲ့ ရင်ခုန်သံကို ပြောတာ"

"ဒါဆိုရင် သေချာတယ်၊ ခုချိန်ထိ အဲ ခုချိန်မတိုင်ခင်အထိ အဲ ဒါလည်းမဟုတ်သေးဘူး၊ ဟိုလေ ယသော်မေနဲ့မတွေ့ခင်အချိန်အထိ တော့ လုံးဝ လုံးဝကို ရင်ခုန်စိတ်လှုပ်ရှားတယ်ဆိုတာ မရှိသေးဘူး"

အခွင့်အရေးရတုန်း ကမ်းလှမ်းလိုက်သော ရင်ခုန်သံသွယ်ဝိုက် တောင်းဆိုသော စကားကြောင့် ယသော့်ထံမှ ဘာစကားမှထွက်မလာဘဲ တိတ်ဆိတ်သွားသည်။

ယသော့်မျက်နှာလေး ပန်းရောင်သမ်းသွားနိုင်သည်မို့ အနီးကပ် မြင်ချင်သည့်ဆန္ဒတွေ ရင်ထဲမှာ ရုတ်တရက် ဖြစ်ပေါ်လာ၏။ ဒီတော့ ပြောလက်စနှင့်မထူးတော့ပြီမို့

"ယသော်ရော ကိုယ်နဲ့စကားပြောရင် ရင်ခုန်တာတို့ ဘာတို့ ဖြစ်လား"

"ရှင် ဘာတွေမေးနေတာလဲ"

ရှက်ရွံ့ရွံ့အသံလေးဖြင့် ဟန့်လိုက်သည်။

သေချာပြီ ယသော် ရင်ခုန်နေတာ သိပ်ကိုသေချာသွားပြီ။

"ကိုယ်သိချင်လို့ပေါ့၊ ကိုယ်တို့နှစ်ယောက်ရဲ့ရေစက်က တော့ ရေစက်မဟုတ်ဘူး၊ ခုလိုတွေ့ဆုံ ခင်မင်ခွင့်ရဖို့အတွက် ကိုယ်တို့ကို အ





နီးချင်းတွေဖြစ်အောင် ဖန်တီးပေးတယ်၊ ကြယ်တွေကိုထွက်ကြည့်ရင်း ဆုံဖြစ်အောင် ကိုယ်တို့ရဲ့စိတ်ကူးတွေကို ညီမျှခြင်းချပေးတယ်၊ ဒီထက် ကံကောင်းတာက အိပ်ရာမဝင်ခင်မှာ စကားတွေတစ်ညလုံး ထိုင်ပြော လို့ရတယ်"

ပြတင်းပေါက်ဘောင်ပေါ်တွင် တက်ထိုင်နေသော မြတ်သော ကိုကြည့်ပြီး ယသော့်စိတ်တွေ လှုပ်ရှားနေသည်။

"နောက်ပြီး ကိုယ်တို့ခုလို စကားအေးအေးဆေးဆေး ထိုင် ပြောလို့ရအောင် ကိုယ်တို့အိပ်ခန်းတွေ ဘေးချင်းယှဉ်ပြီးတည့်နေတာပဲ"

"အင်း ဟုတ်တယ်နော် မြတ်သောနဲ့ ယသော့်အခန်းက ဘာကယ့်နီးနီးလေးကြားထဲမှာ ဆယ်ပေလောက်ပဲကွာမယ်၊ အဟင်း ဟင်း ဟင်း ဟင်း"

"မနက်ဖြန် ယသော် ဘယ်သွားစရာရှိလဲ"

"ဘာလုပ်မလို့လဲ မြတ်သော"

"ကိုယ်လာလည်မလို့ပေါ့"

"အင်း ဘယ်လိုပြောရမလဲ ငြင်းရမှာအားတောင်နာတယ်၊ နက်ဖြန် ယသော် အပြင်သွားစရာရှိတယ်၊ ဟိုလေ ကြောင်ဖြူလေးရဲ့ ပိုင်ရှင်အဘိုးလေး သူက အခု ယသော့်အိမ်ကိုရောက်နေတယ်၊ ယသော့် အစ်ကို နန္ဒအဝတ်တွေ ယူယူဝတ်လို့ ကိုကိုနဲ့ပြဿနာတက်လို့ မနက်ဖြန် အဘိုးအတွက် ဝတ်စုံနည်းနည်းသွားဝယ်ပေးလိုက်ဦးမယ်"

"ဒါဆို ကိုယ်လာလို့မရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရတော့ ရပါတယ်၊ ဒါပေမဲ့ မနက်ဖြန် ကိုကိုနန္ဒရှိတယ်လေ၊ သူက ယသော်နဲ့မြတ်သော ခင်ကြတာကို နှစ်မြို့မှာမဟုတ်ဘူး။ ယသော့် အစ်ကိုက နည်းနည်းဆိုးတယ်"

"အင်းလေ လာခွင့်မရှိဘူးဆိုရင်လည်း ခုလို ညဘက်ကျမှပဲ စကားပြောကြတာပေါ့၊ ကိုယ်က ယသော့်မျက်နှာလေးကို အနီးကပ် ကြည့်ပြီးစကားတွေပြောချင်တာ"

အခွင့်အရေးပေးတုန်း ရင်ထဲက စကားအချို့ကို အရိပ်အမြွက် ပြောလိုက်ခြင်းဖြစ်သည်။

"ရှင့်အိမ်က ကြွက်တွေ ငြိမ်းသွားပြီလား"

"အင်း ယသော့်ကြောင်လေးကြောင့်ငြိမ်သွားပြီ"

"တော်သေးတာပေါ့ မငြိမ်သေးရင်လည်း နောက်ထပ်ငှားလို့ မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကြောင်ပိုင်ရှင် အဘိုးက သူပြန်ရင် သူ့ကြောင်ကိုသူပြန်ခေါ် သွားမှာပေါ့"

"ဩော် ဒါဆိုရင် ယသော့်ကို ယုန်လေးတစ်ကောင် လက် ဆောင်ပေးမယ် ယူမလား"

"ယုန် ဟုတ်လား၊ တကယ်ပေးမှာမို့လား၊ မြတ်သောအိမ်မှာ ယုန်လေးတွေ ရှိလို့လား"

"ရှိတာပေါ့ အဲ ရှိပါဘူး၊ ကိုယ့်သူငယ်ချင်းအိမ်မှာရှိတာ သူ့ရဲ့





ယုန်တွေက သားပေါက်ထားတာ အများကြီးဆိုတော့ ကိုယ့်ကို လိုချင်ရင် ယူလို့ပြောတယ်၊ ယသော်လိုချင်ရင် ကိုယ်တစ်ကောင်လောက် ခေါ်လာ ခဲ့မယ်"

နောက်ထပ် ဒီထက်ပိုရင်းနှီးဖို့ အခွင့်အရေးရပြီမို့ ရုတ်တရက် ထွက်လာသော အကြံကိုကျေးဇူးတွေတင်နေမိသည်။

"တကယ်ခေါ်လာပေးမှာလားဟင်"

"တကယ်ပေါ့"

"ဝမ်းသာလိုက်တာ ယသော် အရင်လို အထီးမကျန်တော့ဘူး ပေါ့နော်"

"ကိုယ်နဲ့တွေ့ပြီးမှတော့ ယသော့်တဝ အထီးကျန်ဖို့မှမလိုတာ၊ ယသော့်နားမှာ ကိုယ်အမြဲတမ်း အဖော်လုပ်ပေးမယ်"

"အင်း ယသော်လည်း ရှင်နဲ့ခင်ပြီးမှ ပျင်းဖို့အချိန်သိပ်မရှိ တော့သလိုပဲ၊ နောက်ရက်တွေမှာ ယသော်တို့ ခုလိုစကားပြောကြမယ် နော်"

"အိုကေ"

"ဒါဆို ရှင်အိပ်တော့လေ၊ ယသော်လည်း ဆေးသောက်ရဦးမှာ"

တိုးဖျော့သော အသံရှင်လေးကို မြတ်သော မခွဲချင်သေး။ သော့ရှုပ်စရာကောင်းသည့် ဒီလိုညမျိုးမှာ ယသော့်အသံလေးကို အမျှင် မပြတ် ကြားချင်နေသေးတာပါ။

"အင်းလေ ဆေးသောက်ချိန်ရောက်နေပြီဆိုမှတော့ ယသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နားဖါတော့၊ ပြတင်းပေါက်မှာ အကြာကြီး မတ်တပ်ရပ်နေရတာ ညောင်းနေရောပေါ့"

"ညောင်းပေမယ့် ရှင့်နဲ့စကားပြောရတာ ယသော် ပျော်တယ်"

"အဲဒီပျော်စရာတွေကို ကိုယ်အမြဲတမ်း ဖန်တီးပေးမယ် နော် အိုကေ"

"အင်း ဒါဆို တာ့တာ"

"ဘိုင့်"

ပြတင်းပေါက်တစ်ဖက်တစ်ချက်စီမှ နှုတ်ဆက်စကားသံအဆုံး လရောင်လွှမ်းသောညသည် ပြန်၍တိတ်ဆိတ်သွားပြန်သည်။

ထိုညက မြတ်သောရော ယသော်ရော တော်တော်နှင့်အိပ်မပျော်ကြပါ။

သူတို့ရင်ခုန်သံတွေကို သူတို့ပြန်ပြီး ဆန်းစစ်နေကြ၍ဖြစ်သည်။

ရိုးသားသူနှစ်ဦး၏ပစ္စုပ္ပန်ထဲမှာ ကံတရားရဲ့စီမံရာကို စတိုင်ကျ ကျလေးနေပြီး လောဘတကြီး မျှော်မှော့လိုက်ရုံပေါ့။ အဲဒီအချိန်ကာလ တစ်ခုဟာ ယသော့်မျက်နှာလေးကို နမ်းခွင့်ကြုံတဲ့အချိန်ကာလတစ်ခုက် ဖြစ်သည်။ ထိုညကို ရောက်လာဖို့အတွက် ရင်ခုန်သံတွေကို ဖိုပြီးနိုင်ကျ အောင် အသက်သွင်းရဦးမည်။ ပြီးလျှင် ချစ်သူဖြစ်ခွင့်ရဖို့ ကြိုးစားရမည်။

မိန်းမတစ်ယောက်ရဲ့ပါးပြင်ကို နမ်းရှိုက်ဖို့ အာသီသပြင်းပြ တာဟာ မြတ်သောအဖို့ ခုတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ်ပါပဲ။

ကဲ ဘယ်လောက်ခမ်းနားလိုက်တဲ့ လောဘလဲလို့။

■ ■ ■

## အခန်း (၂၀)

"ယသော် ယသော်ရေ ထတော့"

"အင်း ထပါပြီ အိမ်သူရဲ့၊ ညက တစ်ညလုံး အိပ်မပျော်လို့"

ခုတင်ဘေးစွန်းတွင် ဝင်ထိုင်ပြီး နှိုးလိုက်သောအိမ်သူ့အသံကြောင့် ယသော့်မျက်ဝန်းလေးတွေ လူးလွန့်လာပြီး လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

"အိပ်မပျော်ဘူး ဟုတ်လား၊ ဘာလဲ နေမကောင်းဖြစ်နေလို့ သားဟင် အသက်ရှူမဝတာလား"

စိုးရိမ်တကြီး မေးလာသော အိမ်သူ့ကိုကြည့်ပြီး အိပ်ရာနိုးစ မျက်ဝန်းဖောင်းဖောင်းလေးတွေ မှေးကျဉ်းအောင်ရယ်လိုက်ပြီး

"မဟုတ်ပါဘူး အိမ်သူရယ်၊ အသက်ရှူကျပ်တာမဟုတ်ပါဘူး ရင်ခုန်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ရင်ခုန်နေတာ ဟုတ်လား။ ရင်တုန်တာကိုပြောတာလား

အေးပေါ့ ညက အိပ်ခါနီးမှ ဆေးသောက်လိုက်တော့ ဆေးအရှိန်ကြောင့်

ရင်တွေအခုန်မြန်သွားတာဖြစ်မယ်၊ ဒါကြောင့် ယသော်ကိုပြောတာပေါ့

ဆေးသောက်ရင် အစာလေးတစ်ခုခုစားပြီးမှ သောက်ပါလို့ပြောတာကို

စကားနားမထောင်ဘူး ယသော်လေးရယ်"

"ဩော် အိမ်သူကလည်း ရင်ခုန်တာ ဆေးကြောင့်မဟုတ်ဘူး"

"အချစ်ကြောင့်လေ အချစ်ကြောင့် အဟင်း ခစ် ခစ် ခစ်"

ရှက်ရဲရဲဟန်ဖြင့် ခပ်တိုးတိုးရယ်နေသော ယသော့်ကို အိမ်သူ

တအံ့တသြကြည့်ကာ ရင်ဘတ်ကိုဖိလိုက်သည်။

"အို ဘုရားရေ အချစ်ကြောင့် ရင်တောင်ခုန်တတ်နေပြီ ဟုတ်

လား။ ဟယ် အံ့သြစရာကောင်းလိုက်တာ"

"ဘာအံ့သြစရာကောင်းလို့လဲ အရွယ်ရောက်ပြီးသူတိုင်း ရင်ခုန်

တတ်ကြတာပဲလေ"

"ဟုတ်ပါပြီ အရွယ်ရောက်ပြီးကတည်းက တစ်ခါမှ ရင်ခုန်တယ်

တို့ အချစ်တို့ဆိုတာကို လေသံတောင်မဟခဲ့ဖူးတဲ့ ယသော်က အချစ်

အကြောင်းကို စပြောနေပြီဆိုတော့ အံ့သြတာပေါ့လို့"

"မအံ့သြနဲ့ ဒါသဘာဝပဲ၊ အဲဒီအချစ်ကို ယသော်က လိုက်ရှာ

ခဲ့ရတာ မဟုတ်ဘူး၊ ယသော့်ရင်ဘတ်ထဲကို သူ့အလိုလိုဝင်လာတာ

ဒါကို ယသော်က အလိုက်သင့်လေးကြိုဆိုလိုက်ရုံပဲ၊ ခုတော့ ယသော်

ရင်ဘတ်ထဲက အချစ်တွေလွှတ်ထွက်သွားမှာကို စိုးရိမ်တတ်နေပြီ"





"ဘုရား ဘုရား ခံစားမှုတွေက တော်တော်လေးကို ရင့်ထော်

နေပြီပဲ၊ ဒါ ဒါဆို ညက အဲဒီအချစ်နဲ့ ဘယ်လိုရင်ခုန်ကြလို့လဲ၊ အိပ်မက်

ထဲမှာ ဖက်နမ်းခံရလို့လား"

ထင်ကြေးနှင့်ရမ်းသမ်းပြီး မေးလိုက်သော အိမ်သူ့စကားကြောင့်

ယသော်မျက်နှာလေး ရဲသွားကာ

"ဟင် ဘာလို့ အဆင်တွေလာကျော်နိုင်းနေတာလဲ၊ ယသော်တို့

အဲဒီအဆင့်ကိုမရောက်သေးပါဘူး၊ အဟင်း ညကလေ မြတ်သောနဲ့

ယသော်တို့ စကားတွေအများကြီးပြောဖြစ်ကြတယ်၊ မြတ်သောနဲ့စကား

ပြောရတာကို ယသော် နှစ်သက်တယ်"

"ဘုရားရေ ညက စကားတွေပြောကြတယ် ဟုတ်လား"

"အင်းပေါ့ နှစ်ယောက်သား ပြတင်းပေါက်ကနေရပ်ပြီး စကား

တွေပြောကြတယ်၊ လရောင်ကို အတူခံစားကြတယ်"

"အမလေး ကြည်နူးနေကြတယ်ပေါ့၊ မနာလိုတောင် ဖြစ်လာ

ပြီဟယ်၊ အိမ်သူကျတော့ ဘာဖြစ်လို့ ရင်ခုန်စရာကောင်းတဲ့ကောင်လေး

တစ်ယောက်တလေတောင် မတွေ့သေးတာပါလိမ့် ဟွန်း"

"အချစ်ဆိုတာ မျှော်လင့်တိုင်းဖြစ်မလာဘူး၊ မမျှော်လင့်ဘဲနဲ့

လည်း ကိုယ့်ဆီကိုရောက်လာတတ်တယ် အိမ်သူရဲ့၊ ဖူးစာရှင်က ခုချိန်မှာ

အိမ်သူနဲ့နီးတဲ့နေရာမှာမရှိသေးလို့ အချစ်က အိမ်သူ့ဆီကိုရောက်မလာ

သေးတာပေါ့"

"ဟင် ဟုတ်လား ဒါဆို အဲဒီအချစ်ကို ဘယ်မှာရှာရမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချစ်က ဘယ်နားလောက်မှာရှိမလဲ မသိဘူးနော်''

အားကိုးတကြီးလေးမေးလာသော အိမ်သူ့မျက်နှာပေါ်မှာ အချစ်ကို လိုချင်တပ်မက်သယောင် ရှိနေပေမယ့် ယသော့်လောက် လေးနက်မှုမရှိ။

တကယ်ဆို ယသော်ကသာ အချစ်ကို လိုလိုလားလား တောင့်တနေသူပါ။

မြတ်သောကို ယသော် တကယ်ချစ်မိနေတာပါ။

''အချစ်ဆိုတာ မတွေ့သေးခင်မှာ အဲဒီအချစ်ဟာ သူနဲ့ဘယ်လောက်အလှမ်းကွာဝေးတဲ့နေရာမှာရှိနေမလဲဆိုတာ ဘယ်သူက သိနိုင်မှာမို့လဲ အိမ်သူရယ်၊ ယသော်လည်း သိခဲ့တာမှ မဟုတ်တာ''

ယသော့်စကားကြောင့် အိမ်သူ ခပ်ဖွဖွရယ်ပြီး

''ဟုတ်ပါပြီ ဒါဆိုလည်း ကိုယ့်ဆီကို အချစ်ရောက်လာမယ့်အချိန်ကိုပဲ စိတ်ရှည်လက်ရှည် စောင့်တော့မယ်နော်၊ ခုလောလောဆယ်တော့ အိမ်သူနဲ့မနက်ခင်းစာ စားကြရအောင်၊ ယသော် ကြိုက်တဲ့ရွှေတောင်ခေါက်ဆွဲလေးလုပ်ထားတယ်''

''ဝါး တကယ်လား အဟင်း အဲဒါကြောင့် အိမ်သူ့ကိုချစ်နေရတာ သိလား''

အမြဲတမ်း ဂရုစိုက်သော အိမ်သူ့ပါးပြင်လေးကို ချစ်စနိုးဆွဲလိမ်ပြီး ခုတင်ထက်မှ ဆင်းလိုက်သည်။

နံနက်ခင်း နေခြည်နွေးနွေးသည် ပြတင်းမှတိုးဝင်ဖြာကျလျက်





ရှိပြီး နံနက်ခင်း၏နေခြည်သည် ခါတိုင်းနေ့များထက် ပို၍တောက်ပလို့နေ၏။

ယသော့်အကြည့်တွေက မြတ်သောတို့အိမ်ဘက်ဆီသို့ ရောက်သွားပြီး မြတ်သောအခန်းဘက်သို့ လှမ်းကြည့်လိုက်သည်။

ပြတင်းပေါက်မဖွင့်သေး၍ မြတ်သော တစ်ယောက် အိပ်ရာမှ မနိုးသေးဟု စိတ်မှာတွေးကာ မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

''မြန်မြန်လုပ်နော် ယသော်၊ မေမေက အဆင်သင့်ပြင်ထားပြီးတာ ကြာပြီ''

ယသော် အိပ်ရာကို စနစ်တကျဖြစ်ရန် ငွမ်းစောင်ထူထူကြီးကို နိုင့်တနိုင်မ၍ ခေါက်ရင်း လှမ်း၍သတိပေးလိုက်သည်။

''အင်းပါ သုံးမိနစ်ပဲစောင့်''

ယသော် သွားတိုက်နေသော အသံကြီးဖြင့် ရေချိုးခန်းထဲမှ သုမ်းအော်ပြောခဲ၏။

ထိုစဉ် အိမ်သူ့အခန်းထဲသို့ နန္ဒဝင်လာသည်။

''ယသော်ရော''

ရေချိုးခန်းထဲမှာ မျက်နှာသစ်နေတယ်နန္ဒ''

''ဘာလဲ ခုမှ အိပ်ရာကနိုးတယ်ပေါ့''

''အင်း ဟုတ်တယ်''

''သူကတော့ ဇိမ်ပဲ၊ အိမ်မှာ အမွေစိန်ကိုခေါ်ထားပြီး သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်သလိုနေနေတယ်''

နန္ဒမျက်နှာမှာ ဒေါသကြောင့် ခက်ထန်နေ၏။ အိမ်သူ နား
လည်စွာပြုံ့စောင်ခေါက်နေရာမှ နန္ဒကိုမော့ကြည့်လိုက်ပြီး

''ဘာဖြစ်လို့လဲ နန္ဒ''

''ဘာဖြစ်ရမှာလဲ ဟိုအဘိုးကြီးလေ ငါ့အခန်းထဲက ဗီရိုကို
ထားလိုက်တာ ရစရာမရှိတဲ့အပြင် ငါ့အကျီ ဘောင်းဘီတွေကိုပါ မတ
မရာ ယူဝတ်တယ်''

''အင်းလေ မနေ့က အဘိုးဖွထားတဲ့နန္ဒရဲ့ဗီရိုကို အိမ်သူကိုယ်
တိုင်ဝင်ပြီး ရှင်းခဲ့ပေးပြီးပြီပဲ''

အိမ်သူ စောဒက တက်ကာ ပြန်ပြောလိုက်သည်။ မောင်န
ဝမ်းကွဲဆိုပေမယ့် ယသော့ကိုတော့ ညီအစ်မအရင်းလို ရင်ထဲက နှစ်
ကာကာချစ်ပေမယ့် နန္ဒကိုတော့ ကြည့်မရ။ မိဘတွေကနိုင်ငံခြား
စီးပွားသွားရှာနေရပြီး သူကတော့ မိဘတွေရှာသမျှကို အကြောင်းပြု
အမျိုးမျိုးဖြင့် ထိုင်ဖြုန်းနေသည့် ဆန်ကုန်မြေလေး။

စိန်နားကပ်အရောင်ကြောင့် ပါးပြောင်နေသူဖြစ်ပြီး ယသော့
စိတ်သဘောထား မဖြူစင်။ လူတိုင်းကို မောက်မောက်မာမာ ဆက်ဆံ
သည်။ မာနကြီးသည် ရန်လိုစိတ်လည်း အမြဲရှိသူမို့ အိမ်သူပင် တစ်
ထဲနေပေမယ့် အရောတဝင်မရှိ။

နန္ဒကတော့ အိမ်သူ့ကို အိမ်ဖော်တစ်ယောက်လို သဘောထ
၏။ အန်တီနုကိုလည်း အဒေါ်တစ်ယောက်လို မမြင်။ သူတို့ရဲ့အထိန်း





တစ်ယောက်လိုပဲ မြင်သည်။

''နင်ရှင်းခဲ့ပြီးပေမယ့် ဒီနေ့ထပ်ဖွထားပြန်ပြီ၊ ငါ့စီဒီချပ်တွေ
မွှေပြီး ငါ့ဖိနပ်တွေကိုလည်း ဖွထားတယ်''

''ဒါဆိုလည်း ပြီးရင်လာပြန်ရှင်းပေးမယ် နန္ဒရယ် နော်၊ ငါအခု
ယသော့အိပ်ရာ သိမ်းနေလို့''

''လာရှင်းပေးရုံနဲ့ မရဘူး။ အဲဒီအဘိုးကြီးကို အိမ်ပေါ်က နှင်
ထုတ်လိုက်တော့''

''ဟင်''

ကိုယ်ချင်းစာနာစိတ်မရှိသော နန္ဒကို အိမ်သူ စိတ်ပျက်စွာ
ကြည့်ရင်း

အဘိုးအိုတစ်ယောက်က သူ့အိမ်သူမပြန်နိုင်လို့ လမ်းမှာဒုက္ခ
ရောက်နေ၍ ကယ်တင်ထားရသည်ကို နန္ဒ ဘာကြောင့်မနှစ်မြို့နိုင်ရတာ
လဲ။ အဘိုး၏အပြုအမူတွေက သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေသည်
ထားဦးတော့။ လူတစ်ယောက်၏ဒုက္ခနှင့်ယှဉ်လျှင် ဒါဟာ ဘာမှမပြော
ပလောက်။ ဒါကိုဘာကြောင့် သဘောထားမကြီးနိုင်ရတာလဲ။

တွေးရင်းဖြင့် နန္ဒ၏စိတ်သဘောထား နိမ့်ကျမှုကို အိမ်သူ
စက်ဆုတ်လာသည်။

''ခဏလောက် လက်ခံထားရုံလောက်နဲ့ အိမ်သူတို့အတွက်
ဘာများအကျိုးယုတ်သွားမှာလဲ နန္ဒရယ်''

''ဘာ ဘာများအကျိုးယုတ်သွားမှာလဲ၊ ဟုတ်လား အခု ငါ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးယုတ်နေရပြီလေ၊ ဒီအဘိုးကြီး အိမ်မှာဘယ်လောက်ပတ်မွှေနေလဲ ဆိုတာ နင်တို့မသိလို့ ဒီအမေးမျိုး မေးနေတာလား"

နန္ဒ၏ဒေါသသံဖြင့် ပြောလိုက်သောအသံကြောင့် အိမ်သူ သက်မ ခပ်ဖွဖွကိုချကာ

"သိပါတယ် နောက်ဒါမျိုးမဖြစ်အောင် အိမ်သူ အဲဒီအဘိုးကို ပြောပါ့မယ်၊ နောက်တစ်ခါ နန္ဒအခန်းကိုမဝင်စေရဘူး"

"ငါလိုချင်တာ အဲဒီကတိကိုမဟုတ်ဘူး၊ အဲဒီအဘိုးကြီးကို အိမ်မှာ မမြင်ချင်တာ"

"အဘိုးကို အိမ်မှာမမြင်ချင်ဘူးဆိုတော့ ကိုကိုကရော အိမ်မှာ အချိန်ပြည့်ရှိလို့လား"

ရေချိုးခန်းထဲမှ မျက်နှာသစ်ပြီး ထွက်လာသော ယသော်၏ အမေးကြောင့် နန္ဒရော အိမ်သူပါ ယသော့်ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ယသော်၏မဆီမဲ့မြင်အမေးကြောင့် နန္ဒ၏ဒေါသကို ပို၍ဆွလိုက်သလို ဖြစ်သွားကာ အနားရောက်လာသော ယသော်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ကာ

"ဒါ ငါ့အိမ်လေ၊ ငါ့ဟာငါ အချိန်ပြည့်နေချင်နေမယ်၊ မနေချင် မနေဘူး၊ ဒါကိုနင်ပြောစရာမလိုဘူး။ အခု ငါပြောနေတာ ငါ့အကြောင်း မဟုတ်ဘူး ဟိုအဘိုးကြီးအကြောင်း"

"ဒုက္ခရောက်နေတဲ့သူကို ခဏကူညီစောင့်ရှောက်ထားတာပဲ





ကိုကို မြန်မာလူမျိုးမဟုတ်ဘူးလား။ စာနာစိတ်ကလေးတော့ ထားဦးမှပေါ့ ကိုကို ကုသိုလ်ရပါတယ်"

"မထားနိုင်ဘူး။ ဒီနေ့ ဒီအဘိုးကြီး မျက်နှာကို ငါမမြင်ချင်ဘူး။ ဆက်ပြီး မြင်နေရဦးမယ်ဆိုရင် ဒယ်ဒီနဲ့မာမီ့ဆီကို နင့်အကြောင်းတွေ လှမ်းတိုင်မယ်"

"ယသော့်အကြောင်း လှမ်းတိုင်ရအောင် ယသော်က ကိုကို့လို ညတိုင်းကလပ်တက် မိန်းမတကာနဲ့တွဲပြီး မာမီတို့ပို့ပေးနေတဲ့ငွေတွေကို အဓိပ္ပာယ်မဲ့ ထိုင်ဖြုန်းနေလို့လား။ ရောဂါသည် ညီမလေးကို ဖေးမ စောင့်ရှောက်ရမှန်းမသိဘဲနဲ့ ကိုယ့်ညီမက ကောင်းမှုကုသိုလ်နဲ့ယှဉ်ပြီး ဒုက္ခရောက်နေတဲ့ အဘိုးကြီးကို ကယ်တင်စောင့်ရှောက်ရင်း သူ့မိသားစု ကိုပိုင်းရှာပေးနေတဲ့အလုပ်ကို အပြစ်ကြီးလို့ ယူဆရင်တော့ တိုင်လိုက်ပေါ့ ကိုကိုရယ်၊ ယသော်ကလည်း ကိုကိုဘဏ်အကောင့်ထဲမှာ ကိုကို့ငွေ တွေမရှိတော့တဲ့အပြင် ကိုကို့လည်ပင်းက စိန်လော့ကတ်သီးကိုပါ ဖဲဝိုင်း မှာ အပေါင်ဆုံးခဲ့တယ်ဆိုတာကို တိုင်လိုက်ရုံပဲ"

"ဘာ"

နန္ဒ၏ဘာဟူသော အသံကျယ်ကြီးကြောင့် အိမ်သူပါ ဇက် ကလေးပုကာ လန့်သွား၏။ ယသော်ကတော့ မမှုသည့်ဟန်ဖြင့် ခပ်အေး အေးပင်။

"တောက် တွေ့မယ် နင် ငါနဲ့တွေ့မယ် ဟွန်း"

တကယ်တမ်း သူ့အပြစ်တွေက ကြီးမားလွန်းနေ၍ နန္ဒ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောနိုင်တော့ဘဲ ပါးစပ်ကသာ ကျိန်းဝါးပြီး ယသော့်အခန်းထဲမှ ခြေသံခပ်ပြင်းပြင်းနင်း၍ ပြန်ထွက်သွားသည်။

"ဝုန်း"

အခန်းတံခါးဆောင့်ပိတ်သံ ကျယ်လောင်စွာ ထွက်လာ၏။

■ ■ ■

## အခန်း (၂၁)

"အဘိုး ဘယ်သွားမလို့လဲ"

စနီးဂိုက်လေးကိုပိုက်ကာ ခြံထဲဆင်းသွားသော အဘိုးကို န်တီန လှမ်းမေးခြင်းဖြစ်သည်။

"ခြံထဲမှာ လေကောင်းလေသန့်ထွက်ရှူမလို့ ဒီအိမ်ထဲမှာ လေထု ညစ်ညမ်းနေတယ်"

နန္ဒ ဆိုဖာခုံပေါ်ထိုင်ကာ ဘောလုံးကွင်းနယ်ဖတ်နေရင်းမှ အဘိုး ကားကြောင့် ဖျတ်ခနဲ လှမ်းကြည့်သည်။

"တောက် ဒီအဘိုးကြီးတော့ကွာ"

အန်တီန ညှော်ခန်းထဲတွင် သန့်ရှင်းရေး လုပ်နေရင်းမှ နန္ဒ၏ ာ်ခေါက်သံကြောင့် အိမ်ထဲသို့ သုတ်ခနဲဝင်သွား၏။ မုန်တိုင်းက ာက်လှည့်လာမှာစိုး၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စန်းပွိုက်လေးရေ ဒီနေ့ နေမသာဘူးကွ၊ ဒါကြောင့် ငါတို့ နှစ်ယောက် ခြံထဲမှာပဲ သာသာယာယာ နေကြမယ်၊ ငါတို့ရဲ့မင်းသမီး လေးက ဒီနေ့ငါ့အတွက် အဝတ်အစားအသစ်တွေ သွားဝယ်ပေးမှာ အဲဝတ်အစားအသစ်တွေရလို့ကတော့ ငါ့ကိုယ်ပေါ်က မကောင်းဆိုးဝါး အကျီတွေကို အမှိုက်ပုံသွားပစ်မှာ"

မထိတထိပြောနေသော အဘိုး၏စကားကြောင့် နန္ဒလက်ထဲ ဂျာနယ်ကို ဆက်တီစားပွဲပေါ်သို့ ဒေါသတကြီးပစ်တင်လိုက်သည်။

နန္ဒ ဒေါသကြီးနေသလောက် အဘိုးကတော့ မမှု။ စန်းပွိုက် လေးကိုစကားတွေ ဖောင်ဖွဲ့အောင်ပြောနေ၏။

"တောက် အရူးကြီး ဒီအိမ်မှာမနေရအောင် ပညာပြရဦးမှာ ပေါ့ကွာ"

ထိုင်ရာမှထကာ အဘိုးရှိရာသို့ လျှောက်လာလိုက်သည်။

နန္ဒ၏ခြေသံကြောင့် အဘိုးလှည့်ကြည့်သည်။

"အဘိုးလေကောင်းလေသန့်ရအောင် ကျွန်တော်နဲ့အတူ အပြင်ကို အတူတူထွက်လည်ကြမလား၊ ကောင်မလေးတွေ အများကြီး ရှိတဲ့နေရာလေ"

ကောင်မလေးတွေဆို၍ အဘိုးမျက်လုံးတွေ ဖျတ်ခနဲ အရောင် တောက်သွားသည်။ ပြီးမှမသက်သာသောအကြည့်ဖြင့်

"မင်းညာနေတာ ငါမသိဘူးမှား မှတ်နေလား၊ ဟောဒီ မင်း ရဲ့မျက်လုံးက ကျွန်တော် ညာနေတာပါလို့ ပြောနေတဲ့အသံကို ငါ နား





ဆတ်ဆတ်ကြားနေရတယ်"

"ကျွတ် ဒီအဘိုးကြီးကတော့ နာချင်နေပြီ"

စိတ်ထဲမှ မကျေမနပ် ရေရွတ်လိုက်ခြင်းဖြစ်သည်။

"ဟာ အဘိုးကလည်း ကျွန်တော် တကယ်ပြောနေတာ၊ အင်းလျားကန်ဘက်မှာ ကျွန်တော် ကောင်မလေးနဲ့ချိန်းထားတယ်၊ တစ် ယောက်ထဲသွားတွေ့ရမှာ ကြောင်တက်တက်ဖြစ်နေလို့ အဘိုးကိုအဖော်ခေါ် တာ"

"ဩော် လိုအပ်လာတော့ မင်းက ငါ့ကိုသတိရတယ်ပေါ့ ဟုတ် သား"

စိတ်ထဲမှ အဘိုးကိုချဉ်တူးနေပေမယ့် မျက်နှာပေါ်မှာတော့ ဟန် ဆောင်ရယ်မောခြင်းကို ကောက်တင်၍ထား၏။

"အဲ အဲလိုသဘောတော့ မဟုတ်ပါဘူး အဟဲ အဘိုးကို အသစ် အဆန်းလေးတွေနဲ့ မိတ်ဆက်ပေးမလို့ စေတနာနဲ့ခေါ်တာ"

"မလိုဘူး လုံးဝမလိုဘူး၊ ငါ့မှာအသစ်အဆန်းလေးရှိတယ်၊ သာဒီမှာ သူရှိရင် ငါ မပျင်းတော့ဘူး၊ မင်းနဲ့လိုက်ရင် ဒီအိမ်ကို ငါ ပြန်လာတတ်မှာမဟုတ်ဘူး၊ ငါ့အိမ်တောင် ခုထိရှာမတွေ့သေးတာ အဲ ဟုတ်မှလွဲရော မင်းက လူကုန်ကူးတဲ့အဖွဲ့ကလား"

"ဘာ ဒီ ဒီအဘိုးကြီးတော့ကွာ"

နန္ဒ လက်သီးတပြင်ပြင်ရှိပေမယ့် ကိုယ့်ထက်အသက်ကြီးပြီး ကိုယ့်အဘိုးအရွယ်ဖြစ်နေ၍ ဒေါသတို့ချုပ်တီးကာ ကားဆီသို့ ဒေါသကြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားပြီး ကားစက်နှိုးကာ ဝူးခနဲ မောင်းထွက်သွား၏။

နန္ဒ၏ကား ခြံထဲမှ ထွက်သွားတော့မှ အဘိုး တဟားဟား အော်ရယ်ရင်း စနိုးပို့က်လေးကို မြက်ခင်းပေါ်ချလိုက်သည်။

စနိုးပို့က်လေးမှာ မြေကြီးပေါ်ရောက်သည်နှင့် လွတ်လပ်စွာ ပြေးလွှားဆော့ကစားရင်း ခြံအပြင်သို့ ထွက်သွား၏။

"ဟာ ဟေ့ စနိုးပို့က် စနိုးပို့က်လေး"

■ ■ ■

## အခန်း (၂၂)

ခြံထဲရှိခုံတန်းပေါ်တွင် တသိမ့်သိမ့် ရှိုက်ငိုနေသော မာမီ့ကို ...တ်သော ဘယ်လိုချွေးသိပ်ရမှန်းမသိ။ ချွေးသိပ်စရာစကားလုံးတွေက ...ည်း အစ်ကြောင်းထပ်နေပြီမို့ မာမီ နားဝင်တော့မည်မဟုတ်။

အဘိုးကိုရှာမတွေ့တာ ဒီနေ့နှင့်ဆိုလျှင် လေးရက်မြောက်နေ့ ...သည်မို့ မာမီသောကရတက်ပွေမည်ဆိုလည်း ပွေလောက်ပါသည်။

"ဒယ်ဒီ ခုလောက်ဆို ဘယ်လိုအန္တရာယ်တွေနဲ့ ကြုံနေရပြီလဲ ...သိဘူး မြတ်သောရယ်၊ စခန်းမှာ လူပျောက်တိုင်တာလည်းဘာမှ မထူး ...ူး သတင်းစာထဲက လူပျောက်ကြော်ငြာကလည်း ဘယ်ကမှမဆက် ...ယ်ဘူး၊ လောကကြီးထဲမှာ ဒယ်ဒီတစ်ယောက် အသက်ရှင်လျက်ရှိပါ ...လားတောင် မသိပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



တသိမ့်သိမ့်ရှိုက်ငိုရင်း ငိုသံနှောကာ ပြောနေသော မာမီ့ကို ကြည့်ပြီး မြတ်သောရင်ထဲမကောင်း။

"သားတို့လည်း ရှာနေတာပဲ မာမီရယ်၊ သူငယ်ချင်းတွေအားလုံးလည်းဝိုင်းရှာပေးနေကြတာပဲ၊ အကြောင်းမထူးသေးလို့ ဖုန်းမဆက်ကြတာပါ"

"ဘာပဲဖြစ်ဖြစ် မာမီတော့ ဒယ်ဒီ့ကိုသာရှာမတွေ့တော့ရင် ဒယ်ဒီ့စိတ်နဲ့ လုံးပါးပါးမယ်ထင်ပါတယ်"

သားအမိနှစ်ယောက် ခြံထဲတွင် အဘိုးအကြောင်းပြောရင်း စိတ်မချမ်းမသာဖြစ်နေချိန်မှာ အဘိုးသည် ခြံရှေ့မှာစနီးပို့က်လေးကို လိုက်ဖမ်းနေသည်ကို သားအမိနှစ်ယောက်စလုံး မတွေ့ကြ။

အဘိုးသည်လည်း သူ့အိမ်ဆိုတာကို လုံးဝမမှတ်မိ၍ အိမ်ဖက်သို့ပင် ယောင်၍မျှပင်လှည့်၍မကြည့်။

"ဒါနဲ့ သားသူငယ်ချင်းတွေကို ရန်ကုန်မြို့တွင်းထဲက ဆေးရုံတွေမှန်သမျှကိုရောလိုက်စုံစမ်းနိုင်းပြီးပြီလား"

"ဆေးရုံတင်မဟုတ်ဘူး၊ ရေခဲတိုက်တို့ သင်္ချိုင်းကုန်းတို့မှာတောင် လိုက်ရှာခိုင်းတာ ပိုင်ရှင်မဲ့အလောင်းတွေရှိပေမယ့် အဘိုးမပါဘူး"

"အမလေး အဲလိုမပြောစမ်းပါနဲ့ မြတ်သောရယ်၊ ကြားရတာ မာမီ့ရင်ထဲ မချိလွန်းလို့ပါ"

"အဘိုး ခြံထဲပြန်ဝင်လေ၊ အပြင်မှာ ကားတွေနဲ့ ယသော်ဒီဘက်အိမ်ခဏလာတာ မကြာဘူး ပြန်လာခဲ့မယ်နော်"





ယသော့်အသံကြည်ကြည်လေးကို ကြားလိုက်၍ မာမီနှင့်သောကပွေနေရင်းမှ ခြံဘက်သို့ လှည့်ကြည့်လိုက်သည်။

တစ်စုံတစ်ယောက်နှင့် စကားပြောနေသော ယသော်၏နောက်ကျောပြင်ကိုလှမ်းတွေ့လိုက်သည်။

သောကကို ခဏဘေးချိတ်ကာ ခြံဝသို့ခပ်သုတ်သုတ် လျှောက်သာခဲ့လိုက်သည်။ ခြံဝတွင် ယသော် လူခေါ်ဘဲလ်အနှိပ်နှင့်သွားဆုံ၍ လူခေါ်ဘဲလ်ကို ဆက်မနှိပ်တော့ဘဲ မြတ်သောကို ပြုံးကြည့်သည်။

"ယသော် လာ အထဲဝင်၊ အတော်ပဲ မာမီလည်းရှိနေတော့ မိတ်ဆက်ပေးရအောင်"

ဘာကိစ္စလဲဟု မေးမနေတော့ဘဲ မလာစဖူး အလာထူးသော ယသော့်ကို ခြံထဲသို့ ပျာပျာသလဲ ဖိတ်ခေါ်လိုက်သည်။ ကြုံတုန်း မာမီနှင့် မိတ်ဆက်ပေးမည်ဟူသော အကြံနှင့်ဖြစ်သည်။

"ယသော် မြတ်သောဆီကိုအကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"အင်းပါ လာ ယသော်အတွက်ဆိုရင် ဘာမဆိုကူညီပေးပြီးသား"

အဘိုးအတွက် သောကအချို့ ယသော့်ကိုမြင်လိုက်သည်နှင့် ခပ်ဝေးဝေးကို နောက်ဆုတ်ကုန်ကြသည်။

"မာမီ ဒါ ဘေးခြံကတိုက်ကို ပြောင်းလာတဲ့ ယသော်မေဆာ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအတွက် ရတက်မပွေနေပေမယ့် မျက်ရည်စက်လက်ကြား
ယသော့်ကို ခပ်ဖျော့ဖျော့လေး ပြုံးပြရှာ၏။

"အေးကွယ် တွေ့ရတာ ဝမ်းသာပါတယ်၊ အန်တီလည်း အခု
ကိစ္စနဲ့ နယ်ရောက်နေလို့ အိမ်နီးနားချင်းအသစ်တွေ ပြောင်းလာတာ
မသိလိုက်ဘူး။ ဘာလိုအပ်လဲ သမီး၊ လိုအပ်တဲ့အကူအညီကို ပြောနော်"

"ဟုတ်ကဲ့ပါ အန်တီ၊ ယသော်ကလည်း မြတ်သောဆီမှာ အကူ
အညီလေးတစ်ခုလာတောင်းတာပါ။ ဟိုလေ အန်တီတို့မှာလည်း သော
အချို့ရှိနေတယ် ထင်တယ်၊ ယသော် နောက်မှပဲ အကူအညီလာတောင်း
ပါတော့မယ်"

အငိုမျက်နှာဖြင့် ညှိုဝတ်ကျေနေသော ဒေါ်ခင်ငြိမ်းချမ်း
ဖော်ရွေမှုသည် နှစ်လိုဖွယ်ကောင်းပေမယ့် ယသော့်ဘက်က အလိုက်သိ
ရမည်။

"ရပါတယ် သမီးရယ်၊ အန်တီအဖေရယ်လေ လမ်းလျှောက်
ထွက်သွားလိုက်တာ အိမ်ကိုပြန်မရောက်တာ လေးရက်လောက်တောင်
ရှိပြီကွယ်၊ ရဲစခန်းတွေ ဆေးရုံတွေ သတင်းစာတွေထဲမှာလည်း ကြော်ငြာ
သင့်တာ ကြော်ငြာ၊ စုံစမ်းသင့်တာ စုံစမ်းနဲ့ နည်းပေါင်းစုံနေပါပြီကွယ်
ခုချိန်ထိကို ဘာသတင်းမှ မထူးသေးပါဘူး"

ဒေါ်ခင်ငြိမ်းချမ်း စကားအဆုံးမှာ ယသော်မျက်ဝန်းလေး ဝိုင်း
စက်သွားသည်။

"ဟုတ်တယ် ယသော် ကိုယ့်အဘိုးက အသက်ရှစ်ဆယ်ကျော်





နေပြီဆိုတော့ ဦးနှောက်မှတ်ဉာဏ်အားချို့ယွင်းပြီး ငယ်မူပြန်နေတာလေ၊
အသိနဲ့သတိ သိပ်မကပ်တော့ သူထင်ရာတွေလျှောက်လုပ်တတ်တဲ့အကျင့်
ရှိတယ်"

"တိုက်ဆိုင်လိုက်တာ မြတ်သောရယ်၊ ယသော်လည်းလေ အဲဒီ
ကိစ္စနဲ့ မြတ်သောကို လာအကူအညီတောင်းတာ"

ယသော့်စကားကြောင့် မြတ်သောရော ဒေါ်ခင်ငြိမ်းချမ်းရော
အားတက်သရော ဖြစ်သွားကြကာ

"ဟင် ဒါဆို ယသော် ကိုယ့်အဘိုးကို သိတယ်ပေါ့ ဟုတ်လား"

"အမလေး ဝမ်းသာလိုက်တာကွယ်၊ ပြောပါ ပြောပါဦး ဘယ်မှာ
တွေ့ခဲ့လဲကွယ်"

"ဟုတ်မဟုတ်တော့ မသေချာဘူး အန်တီ၊ ဟိုလေ အဲဒီအဘိုး
က သူ့အိမ်ကို သူမမှတ်မိတော့ ဘယ်ကိုပြန်ရမှန်းမသိ လမ်းလယ်ခေါင်
မှာ ယောင်လည်လည်ဖြစ်နေလို့ ယသော့်အိမ်ကိုခေါ်လာပြီး အိမ်မှာစောင့်
ရှောက်ထားတာပါ၊ နေဦး ယသော့်ဖုန်းထဲမှာ အဘိုးပုံကိုရိုက်ထားတယ်"

လိုအပ်လျှင် စုံစမ်းရှာရအောင် အဘိုးပုံကို ဖုန်းထဲမှာထည့်ရိုက်
ထားခြင်းဖြစ်သည်။ ဖုန်းထဲမှပေါ်လာသော အဘိုး၏ပြောင်စပ်စပ် မျက်နှာ
ကိုမြင်သည်နှင့် ဒေါ်ခင်ငြိမ်းချမ်း ထခုန်မိမတတ် ဝမ်းသာသွားကာ

"ဟယ် ဒါ ဒယ်ဒီ ဒယ်ဒီပဲ"

"ဟား တော်ပါသေးရဲ့ မာမီရာ၊ သားတို့အဘိုးကို ပြန်ရှာတွေ့
ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တ တကယ်ပဲ မြတ်သော့ရဲ့အဘိုးလားဟင်"

ယသော်ပင် အံ့ဩလွန်း၍ မျက်ဝန်းအရောင်လေးတွေ ခါတိုင်းထက်ပို၍ တဖျတ်ဖျတ်တောက်ပလာသည်။ သူဟာ မြတ်သောအတွက် အကောင်းဆုံး အလုပ်တစ်ခုကို လုပ်ပေးခဲ့မိပြီပဲ။

"ဝမ်းသာလိုက်တာ မြတ်သောရယ်၊ အဘိုးအရမ်းကံကောင်းတာပဲ၊ နောက်ပြီး ထူးလည်းထူးဆန်းတယ်၊ စောစောကပဲ စန္ဒီဝိုက်လေး မြတ်သောတို့ခြံရှေ့ရောက်နေလို့ အဘိုးလိုက်ဖမ်းနေသေးတာ၊ အန်တီရော မြတ်သောရော မတွေ့လိုက်မိကြဘူး၊ အဘိုးကလည်း ကိုယ့်အိမ်ရှေ့ကိုရောက်နေတာတောင် မမှတ်မိဘူးလေ"

"ဟုတ်ပါတယ် သမီးရယ်၊ ဒယ်ဒီကလေ အသက်ကြီးလာတော့ မှတ်ဉာဏ်စွမ်းအားတွေလျော့ပြီး ဖြစ်စဉ်အချို့ကိုမေ့ချင်ရင်လည်း ချက်ချင်းမေ့သွားတတ်တယ်၊ ဘာပဲဖြစ်ဖြစ် သမီးလေးကိုတော့ ကျေးဇူးတင်တယ်ကွယ်၊ အဲဒီကျေးဇူးတရားက ကြီးမားလွန်းလို့လေ ဘယ်လိုမှဝေလို့တောင် ကျေမှာမဟုတ်ပါဘူးကွယ်၊ တကယ့်ကိုနတ်သမီးလေးတစ်ပါး ဖန်ဆင်းပြီး ဒယ်ဒီ့ကို ကယ်တင်လိုက်သလိုပါပဲ"

ဒေါ်ခင်ငြိမ်းချမ်း၏ အသံမှာ ဝမ်းသာလွန်း၍ တုန်အက်ကာ မျက်ရည်များပင် ဝဲ၍လာသည်။

မြတ်သောဆိုလျှင်တော့ ပြောဖွယ်ရာမရှိတော့။ သူသိပ်ချစ်နေသော ယသော်ဟာ စိတ်ထားဖြူစင်မွန်မြတ်ပြီး ကယ်တင်ရှင်နတ်သမီးလေးတစ်ပါးလို့တောင် တင်စားလိုက်ချင်သည်။





"ဒါ ဒါဆို အန်တီတို့ ဒယ်ဒီ့ဆီလိုက်ခေါ်ရစ်အောင်လေ"

"ဩော် ဟုတ်ကဲ့ လာလေ အန်တီ အဘိုး ခုလောက်ဆို ခြံထဲမှာ စန္ဒီဝိုက်လေးနဲ့ ဆော့နေလောက်ပြီ"

ယသော့်အိမ်သို့ သားအမိနှစ်ယောက် ပျော်ရွှင်သော ခြေလှမ်းတွေဖြင့် လိုက်ခဲ့ကြသည်။

ယသော့်ရင်ထဲက ပီတိတွေကတော့ ချိုမြိန်နေလိုက်တာ ပြောဖွယ်ရာမရှိ။

■ ■ ■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟင် မင်း မင်း ငါ့မြေး မြတ်သောမဟုတ်လား၊ [illegible]
ခင်ငြိမ်းချမ်း ငါ့သမီး"

သမီးနှင့်မြေးကို ရုတ်တရက်မြင်လိုက်ရ၍ အဘိုးမျက်နှာ[illegible]
အားတက်ပျော်ရွှင်သွားပုံဖြင့် မြတ်သော နားသို့ ဝမ်းသာအားရလျှော[illegible]
လာသည်။

"ဒယ်ဒီ အမေလေး ဒယ်ဒီရယ် မသေကောင်းမပျောက်ကော[illegible]
ပြန်တွေ့ရလို့ တော်သေးတာပေါ့"

"အဘိုး ဘယ်တွေလျှောက်သွားနေတာလဲ"

"ငါက ဟိုနားဒီနား လျှောက်သွားတာ၊ မင်းတို့က ငါ့ကို [illegible]
လာမခေါ်ကြတာလဲ၊ ငါက ပြန်လာဖို့ ငါ့အိမ်ကို ငါမမှတ်မိဘူး။ [illegible]
တတ်လို့ ဒီမှာနေနေတာ"





ပြောရင်းဖြင့် အဘိုး တဟီးဟီးနှင့်ငိုချတော့၏။

"မငိုပါနဲ့တော့ ဒယ်ဒီရယ်၊ ငြိမ်းရောက်လာပြီပဲ၊ နောက်တစ်ခါ
ဒယ်ဒီ သွားချင်တဲ့နေရာကို ငြိမ်းလိုက်ပို့ပါ့မယ်၊ ဒယ်ဒီတစ်ယောက်ထဲ
ဘယ်မှမသွားပါနဲ့နော်"

အန်တီနုနှင့်အိမ်သူ အိမ်ထဲမှ ထွက်လာကြသည်။ မြတ်သော
တို့သားအမိကို အဘိုး၏မိသားစုဟုတန်းပြီး သဘောပေါက်သွားကာ

"ယသော်လေး ဒါ အဘိုးရဲ့မိသားစုလား"

အန်တီနုအမေးကို ယသော် ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ် အန်တီနု ယသော်တို့က အဘိုးရဲ့မိသားစုကို
[illegible]အဝေးကြီးမှာလို့ ထင်နေကြတာလေ၊ မြတ်သောမှာ အဘိုးရှိတယ်ဆိုတာ
[illegible]ည်း လုံးဝကိုမသိမြင်လည်း မမြင်ဖူးတော့ ပြန်မပို့မိဘူး၊ ခုတော့
[illegible]ဘိုးပုံကိုပြဖို့ မိသားစုရှာဖို့ မြတ်သောကို အကူအညီတောင်းမယ်ဆိုပြီး
[illegible]သွားတော တိုက်တိုက်ဆိုင်ဆိုင် အန်တီကလည်း အဘိုးရဲ့သောကကြောင့်
[illegible]နေတဲ့အချိန်လေ"

အရှည်ကြီးရှင်းပြနေသော ယသော်၏အသံလေးမှာ ပီတိလှိုင်း
[illegible]ဖြင့် လှိုက်ခါနေသည်။

"ဒါဆိုရင် အဘိုးကို ပြန်ထည့်ပေးလိုက်ရတော့မှာပေါ့နော်"

ကလေးတစ်ယောက်လို အိမ်သူတို့ကို မပျင်းအောင် ပျော်စရာ
[illegible]ပြောတတ်သော အဘိုးနှင့်ခွဲရတော့မည်ဆိုတော့ အိမ်သူ စိတ်မ
[illegible]ကောင်းဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက အဘိုးအတွက် အရမ်းကို စိတ်သောကရောက်နေ တာလေ-အိမ်သူရဲ့ မိသားစုတွေ ပြန်ဆုံကြပြီဆိုတော့ အဘိုး အိမ်ကို ပြန်ရတော့မှာပေါ့"

"အဘိုး ပျော်လား၊ ကိုယ့်မိသားစုနဲ့ပြန်တွေ့ရလို့"

အန်တီနုအမေးကို အဘိုးခေါင်းညိတ်ဖြေရင်း

"ပျော်တယ် ဒီမှာနေရတာလည်း ပျော်တယ်၊ ဟိုကျစ်ပစီကောင် နဲ့ ရန်ဖြစ်ရတာလည်းပျော်တယ်၊ စနီးဝိုက်လေးနဲ့ကစားရတာလည်း ပျော်တယ်၊ ဒီက ညီမလေးချက်ကျွေးတဲ့ထမင်းဟင်းတွေ စားရတာလည်း အရသာရှိတယ်"

"ဒါဆိုရင် မပြန်နဲ့လေ၊ အဘိုးရဲ့ အိမ်သူတို့နဲ့ပဲနေပေါ့၊ ဟိုဘက် ခြံ ဒီဘက်ခြံဆိုတော့ နှစ်အိမ်ခွနေပေါ့"

အဘိုးကို ကလေးတစ်ယောက်လို ဂရုတစိုက်နှင့်ပြောဆိုမေးမြန်း နေကြ၏။

"အင်း မပြန်ဘူး၊ ဒီလိုလုပ်လေ မြတ်သောရော ဒီမှာလာနေ လိုက်ပါလား၊ ဒီကောင်က အားရင် ဒီဘက်ခြံကို မှန်ဘီလူးနဲ့အမြဲချောင်း နေတာ၊ ဒီကောင်သာ ဒီမှာလာနေရင် ချောင်းစရာမလိုတော့ဘူး"

ပြုံးခနဲ ပြောချလိုက်သောစကားကြောင့် မြတ်သော မျက်နှာ ဖြတ်ရိုက်ခံလိုက်ရသလို ရှိန်းခနဲ ထူပူ၍သွားသည်။

"ဟာ အ အဘိုး ဘာတွေလျှောက်ပြောနေတာလဲဗျာ"

"နို့ မင်းမချောင်းလို့လား"





"ဟာ တော် တော်ပါ အဘိုးရာ၊ မဟုတ်တာတွေ မပြောပါနဲ့"

အရုက်ပြန်းပြန်းကွဲရပြီမို့ ကြောက်ကန်ကန်၍ ငြင်းဆန်လိုက် သည်။

ရှက်ရွံ့ထူပူကာ ပလုံးပထွေး ငြင်းဆန်နေသော မြတ်သောကို ကြည့်ပြီး ယသော်နှင့် အိမ်သူ တခစ်ခစ်ရယ်လိုက်ကြသည်။

မြတ်သော ရှက်လိုက်သည့်ဖြစ်ခြင်း မျက်နှာချင်းဆိုင်ပင် မနေရဲ တော့၍ အိမ်ဘက်သို့ ပြန်လှည့်ပြေးလာခဲ့လိုက်သည်။

အဘိုးတို့ကတော့ အမြဲတမ်း မွှေနေတော့တာပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

တစ်ရက်နှစ်ရက်နှင့်လည်း ရှက်စိတ်မပြယ်သဖြင့် အိပ်ခန်း ပြတင်းတံခါးကိုပင် လုံးဝမဖွင့်မိတော့။

ယသော့်ကို တွေ့ချင်စိတ်တွေ မျိုသိပ်ထားရသည့် ခံစားမှုသည် မြတ်သောအဖို့ တော်တော်လေး စိတ်ပင်ပန်းစရာကောင်းလွန်း၏။

ဖြိုးပိုင်နှင့်ကိုဇင်တို့ရောက်လာကြပြီး အခန်းပြတင်းပေါက်ကို မပြောမဆိုဖွင့်လိုက်သဖြင့်

"ဟေ့ ဟေ့ကောင်တွေ မဖွင့်နဲ့၊ မဖွင့်နဲ့"

အထိတ်တလန့်ဟန့်ဖြင့် တားလိုက်သောကြောင့် တံခါးချပ် နှစ်ချပ်စလုံး ဖွင့်လိုက်သော ကိုဇင် မြတ်သောကို အထူးအဆန်းသဖွယ် လှည့်ကြည့်သည်။

"ဘာလဲ ဒီလောက်အလင်းရောင်မဝင်ဘဲ မှောင်ပိန်းနေတာကို ဘာလို့မဖွင့်နိုင်ရတာလဲ၊ လေတိုးခံရမှာစိုးလို့လား"





"မဟုတ်မှလွဲရော မိးနေသည်လို ချွေးအောင်းနေတာတော့ မဟုတ်လောက်ပါဘူးနော်"

ကိုဇင်နှင့်အတူ ဖြိုးပိုင်ကပါ ဝင်ပြီး ပင့်ပေး၏။

"မဟုတ်ပါဘူးကွာ အကြောင်းရှိလို့ပါ"

"ဘာအကြောင်းလဲ ငါတို့ကိုပြော"

"ငါချောင်းကြည့်တဲ့ကိစ္စကို ငါ့အဘိုးဖွလိုက်လို့ကွာ၊ ငါ့မှာ သသော်နဲ့လုံးဝ မျက်နှာချင်းမဆိုင်ရဲဘူးဖြစ်နေတယ်"

မြတ်သော၏စကားကြောင့် ဖြိုးပိုင်ရော ကိုဇင်ရော ပြုံးဖြီးဖြီး မျက်နှာကြီးတွေဖြင့် အနားကိုတိုးလာကြပြီး

"ချောင်းတော့ ဘာမြင်ရလဲ မိုက်လား၊ ဟေ့ကောင် မင်းက ခံမျိုးကျတော့ တစ်ယောက်ထဲ ခံစားတယ်၊ ငါတို့ကိုတောင် သံချောင်း ခေါက်ဘူးကွာ၊ ဖြိုးပိုင်ဆို မနေဘူး မျှဝေခံစားတယ်"

"အေးလေ ဘယ်လိုလဲ ရေချိုးခန်းထဲမှာ ဘာမှမပါဘဲ ကိုယ် လုံးတီးလေး ရေချိုးတဲ့ပုံကိုလား၊ ဒါမှမဟုတ် ရေချိုးပြီး ဘော်လီအကျႌ ဝတ်နေတဲ့ပုံကိုချောင်းတာလား။ ဟီး ဟီး ပြောစမ်းပါကွာ ရင်တွေတောင် အဆက်ဆက်ခုန်လာပြီ"

ကိုဇင်နှင့်ဖြိုးပိုင် စကားကြောင့် မြတ်သော ရှုံ့ရှုံ့ရှားရှားဖြစ် သွားကာ

"ဟာ ဒီကောင်တွေ ဘာတွေလာပြောနေတာလဲ၊ ငါ့ကို အဲဒီလို အောက်တန်းကျတဲ့ ကလေကချေ နှာဘူးကောင်များထင်နေလား ဟမ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုံတွေကြည့်ချင်မှတော့ ငါ့ဟာငါ အင်တာနက်ထဲမှာ ထိုင်ကြည့်တော့မှာပေါ့၊ ငါကြည့်တယ်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့အလှကို အနီးကပ် ခံစားကြည့်ရုံသက်သက်၊ အဲဒါကလည်း ယသော်ကိုမြင်ပြီး ငါ့စိတ်တွေ လှုပ်ရှားသွားလို့သာ ငါ ခုလိုနိုးကြောင်နိုးဝှက် ကြည့်ဖြစ်တာ ခုဆို အဲလိုကြည့်စရာတောင် မလိုတော့ဘူး"

"ဟ တယ်ဟုတ်ပါလား၊ နိုးကြောင်နိုးဝှက်မဟုတ်ဘဲ ပေါ်တင်ကြည့်လို့ရသွားပြီပေါ့ ဟုတ်လား"

"ဟုတ်တယ် ငါတို့ညတိုင်း စကားတွေအများကြီးပြောကြတယ်"

"ဝါး စိတ်ဝင်စားစရာ တော်တော်ကောင်းလာပြီကွ၊ ဟော့ကောင် ငါတို့ဒီည ဒီမှာပဲ အိပ်ကြမယ်၊ အိမ်ကိုမပြန်ဘူးကွာ"

ပြောပြောဆိုဆိုနှင့် ဖြိုးပိုင် အိပ်ရာပေါ်ကို ဘုန်းခနဲ လှဲအိပ်ပစ်လိုက်သည်။

"မရဘူး ဟော့ကောင် ငါ့အိမ်မှာမင်းတို့ကို ညအိပ်လက်ခံလို့မရဘူး၊ ငါတို့ဗီလင်ဖျက်တယ်၊ ငါ ဒီည ယသော်နဲ့တွေ့မယ်လို့ အချိန်းပြီး တွေးထားတယ်"

"ဒါနဲ့များ တံခါးဖွင့်တာကို ဘာလို့ ဆန့်ငင်ဆန့်ငင် ဖြစ်နေတာလဲ"

"ဒါကတော့ နေ့ခင်းဘက်ကြီးမှာ မျက်နှာချင်းမဆိုင်ချင်လို့ပေါ့ကွ၊ ညဘက်ကျတော့ ငါတို့တစ်ယောက်မျက်နှာတစ်ယောက် အသေအချာ





မြင်စရာမလိုဘူး၊ ဒီတော့ ငါ့အမှားကိုလည်းမျက်နှာမပူဘဲနဲ့ ရှင်းပြလို့ရတယ်"

"ဩော် အကြံကကြီးလိုက်တာ"

ကိုဖင် ခနဲ့ပြီးရွဲ့ပြောသည်။

"ဖြစ်မှဖြစ်ရလေ၊ မှတ်တောင်ထားရဦးမယ် ဟွန်း"

"ဒါဆို မင်းညကျရင် ငါတို့နဲ့ ကလပ်ကို မလိုက်ဘူးပေါ့"

ကိုဖင့်အမေးကြောင့် မြတ်သော ခပ်သွက်သွက် ခေါင်းခါပြလိုက်ပြီး

"ငါ့မာမီ ပြန်ရောက်နေပြီလေ၊ ဘယ်လိုလုပ်ပြီး မင်းတို့နဲ့ လိုက်ကဲလို့ရတော့မလဲ၊ နောက်ပြီး ကလပ်တက်တာကမှ ပိုက်ဆံလည်းကုန် မျက်စိလည်းရှုပ် အခန့်မသင့်ရင် ရန်ပွဲလေးက နွှဲရသေးတယ်၊ ငါ့ဟာငါ အိမ်မှာနေပြီး ယသော်နဲ့စကားတွေပြောရတာကမှ ပိုပြီးရင်ခုန်ရကောင်းပါတယ်ကွာ"

ကလပ်တက်ဖို့ အစောကြီးကတည်းက ဝါသနာမပါသူပီပီ အကြောင်းပြချက်ပို၍ ပေးလို့ကောင်းသွားသည်။

တကယ်ဆို မြတ်သောက ရိုးသားအေးဆေးတဲ့ ကောင်လေးတစ်ယောက်ပဲဖြစ်ချင်ခဲ့တာပါ။ သိပ်ပြီးချစ်စရာကောင်းတာ စိတ်နှလုံးမြူစင်သူ ယသော်ကိုချစ်ခွင့်ပန်ဖို့ အခွင့်အရေးလောက် ဘယ်အရာကမှ အရေးမကြီး။

"ခုဆို ငါ့မာမီကပါ ယသော်ကို အရမ်းချစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကို ကယ်ထားလို့ မဟုတ်လား"

"အင်းပေါ့ ငါကပါ ယသော်ကို စိတ်ဝင်စားနေတာ သိတော့ ငါ့ထက်မာမီက ပိုပြီး တက်ကြွနေတာကွ၊ ချစ်သူတွေဖြစ်အောင် မြန်မြန် ကြိုးစားတဲ့၊ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ပေးမယ်တဲ့"

"ဒါဆို မင်းရဲ့ကြိုးစားမှုပဲ လိုတော့တာပဲ၊ အေးလေ ယသော် မေလို အေးချမ်းတဲ့မိန်းကလေးမျိုးကိုသာ ချစ်သူဖြစ်ခွင့်ရခဲ့မယ်ဆိုရင် မင်း ကံကောင်းပါတယ်"

ကိုခင်ရော ဖြိုးပိုင်ရော မြတ်သောကို အတိုက်အခံ မပြောကြ တော့။

ယသော်မေဆိုသော မိန်းကလေး၏တန်ဖိုးကို သူတို့လည်း သိထားပြီးနေမှတော့ အားပေးကူညီရုံပဲ ရှိတော့တာပေါ့။

■ ■ ■

# အခန်း (၂၅)

"သားရေ ရေချိုးတော့လေကွယ်"

မြတ်သော ရေချိုးဖို့တစ်ခါမှ မတိုက်တွန်းဘူးသော မာမီသည် ချိန်လုံး ရေချိုးဖို့ကြီးပဲ ပြောနေ၍ မြတ်သော အံ့သြနေသည်။

"မာမီ အရင်က သားကို ရေချိုးဖို့ တစ်ခါမှမပြောဖူးပါဘူး၊ နေ့တစ်နေ့ ကိုယ့်အလုပ်တွေနဲ့ ခေါင်းချာဆိုင်းနေလို့ ကိုယ့်သား င်းစားပြီးပြီလား၊ ရေချိုးပြီးပြီလားဆိုတာတောင် စိတ်ဝင်စားခဲ့တာ ာဘဲနဲ့ ဒီနေ့ကျမှ ထူးထူးခြားခြား ရေပဲချိုးခိုင်းနေတယ်၊ အဲဒီအတွက် ကြောင်းပြုချက်လေး ဘာလေး ရှိလား မာမီ"

မြတ်သော အမေးကြောင့် ခေါင်ငြိမ်းချမ်း ခပ်သဲ့သဲ့လေး တာ



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ သားရဲ့၊ သားမာမီက ဘယ်အလုပ်မဆို အကြောင်း မဲ့သက်သက် လုပ်ဖူးလို့လား"

"အလဲ့ တယ်ဟုတ်ပါလား။ မဟုတ်မှလွဲရော မာမီ သားကြိုက် brand ထဲက ဝတ်စုံတွေဝယ်ထားတယ်ထင်တယ်၊ ဒါမှ သားရေချိုးပြီး နဲ့ တန်းဝတ်ရအောင်လို့လေ ဟုတ်တယ်မဟုတ်လား မာမီ"

"အမလေး သားရယ် အဝတ်အစားလေး ဝယ်ပေးထား လောက်နဲ့ သားကိုရေချိုးပါလို့ ပြောပါ့မလား၊ မာမီဧည့်သည်တွေ ထမင်းစားဖိတ်ထားတယ်၊ ဒါကြောင့် သားကိုရေချိုးပြီး အဆင်သင့် ဖြစ်အောင်ပါ"

"ဘယ်သူတွေကို ဖိတ်ထားလို့လဲ မာမီ"

မာမီ ချက်ချင်းမဖြေဘဲ မြတ်သော မျက်နှာကိုပြုံးပြီးကြည့်

"မာမီ ဖြေလေ၊ ဘယ်သူလဲလို့"

"ငါသိတယ်"

ထမင်းစားခန်းထဲမှ ထွက်လာသော အဘိုးအသံကြေ အဘိုးကိုလှည့်ကြည့်ကာ

"ဘယ်သူလဲ အဘိုး"

"မနက်ကဖုန်းဆက်ပြီး ထမင်းစားဖိတ်နေတာကို ကြား

"အင်းလေ ဘယ်သူလဲလို့"

"ဒါတော့ ဘယ်သိမလဲ၊ သိချင်ရင် မင်းမာမီကို မေး လား၊ အဲဒီဧည့်သည်တွေကို ထမင်းကျွေးရုံတင်မဟုတ်ဘူး၊ လက်





ပေးမှာတဲ့"

မြတ်သော သိချင်စိတ်တွေ မရိုးမရွဖြစ်လာပြီး မာမီ့ကိုအားမလို အားမရ ကြည့်ကာ

"ဟာ မာမီရာ တစ်ခါလေး ပြောဖို့ အထာတွေကိုင်နေလိုက်တာ တော်ပြီကွာ မသိချင်တော့ဘူး"

စိတ်သိပ်မရှည်တော့၍ ဘုတောလိုက်သည်။

"ယသော်မေကို ထမင်းစားဖိတ်ထားတာလေ"

မာမီ့စကားအဆုံး ရင်ထဲမှာ သိမ့်ခနဲ လှုပ်ရှားသွားသည်။

"ဟင် တကယ်"

"အင်း တကယ်ပေါ့ သားရယ်"

"ဝါး ဝမ်းသာလိုက်တာ ဒါနဲ့များ မိုးလင်းကတည်းက ပြောပါ တော့လား မာမီရာ၊ ခုမှ ပြောရတယ်လို့ ဧည့်ခံဖို့အတွက်လည်း မာမီ မှမစီစဉ်ထားဘဲနဲ့ ဘာနဲ့ကျွေးမှာလဲ မာမီ"

"ဟိုတယ်က မှာထားတယ်"

အဘိုးကြားဖြတ်၍ ဝင်ပြောပြန်သည်။

"ဟုတ်လား မာမီ"

"အင်း ဟုတ်တယ် သားရဲ့ မာမီက တာဝန်တွေတစ်ဖက်နဲ့ ဆိုတော့ ဟင်းမချက်နိုင်တော့ မာမီ့လက်ရာကို ယသော်လေးတို့ မိသားစု မြည်းမတွေ့မှာစိုးလို့ အရသာရှိရှိလေး စားရအောင် ဟိုတယ်ကပဲ လှမ်း မှာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ထောင့်စေ့အောင် စီစဉ်နိုင်သော မာမီ၏အကင်း ပါးမှုသည် ဒါနှင့်ပင် မပြီးသေး။ စန္ဒရားခုံပေါ်တွင် တင်ထားသော ပန်းစည်းကိုမေးဆတ်ပြပြီး

"ဟောဟိုက ပန်းစည်းက သားအတွက် စီစဉ်ထားတာ"

"ဗျာ ဘာ ဘာလုပ်ဖို့လဲ မာမီ"

မာမီနှာခေါင်းလေးရှုံ့ကာ သားဖြစ်သူကို တုံ့ရန်ကောဟူသော အကြည့်ဖြင့် ကြည့်ပြီး

"အဲဒီပန်းစည်းနဲ့ ယသော့်ဆီကအချစ်ကို ဒီနေ့တောင်း ရမယ်"

"ဗျာ ဖြစ် ဖြစ်ပါ့မလား"

"သားရယ် စစ်မရောက်ခင်က မြားကုန်နေပြန်ပါပြီ၊ ကြိုး မကြည့်ရသေးဘူး အားကဲလျှော့နေပြီဆိုရင် ဒီတစ်သက် ယသော့်အချ ကို ရပါတော့မလား တကယ်ပါပဲ မာမီက သားအတွက် ကိုယ်စားဝင်ပြေ ပေးရမလို ဖြစ်နေပါပြီ"

"သမီး မပြောနဲ့ ဒယ်ဒီပြောပေးမယ် ဒီကောင်က အသုံး မကျဘူး"

စိတ်ကောင်းဝင်နေသော အဘိုးပင် ကြားထဲက မြှတ်သော အေးဆေးမှုကို အားမလိုအားမရ ဖြစ်နေပုံပေါ်သည်။

"ကဲ အဘိုးနဲ့ အမေကတော့ သားကိုအပြည့်အဝကို ထော အားပေးနေပြီနော်၊ ရင်ထဲက အချစ်တွေကို အစွမ်းကုန် ဖွင့်ထုတ်လို





သားရယ်၊ သားနောက်မှာ မာမီရှိနေတာပဲ၊ ဘာကိုတွန့်ဆုတ်နေစရာလို လဲ"

မာမို့အားပေးစကားတွေသည် မြှတ်သော၏ရင်တွင်း ခံစားချက် တွေကို အပြည့်အဝကြီးကို တွန်းအားပေး၍နေသည်။

ဟုတ်တယ် ဒီနေ့ပဲ ယသော့်ကိုချစ်တယ်ဆိုတဲ့အကြောင်း ဖွင့်ပြောလိုက်တော့မည်။

ယသော် ပြန်ချစ်ပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အို မြတ်သော့ရယ် ဆိုင်းမဆင့် ဘုံမဆင့်ကြီးပါလား"

"ဟမ် ချစ်တယ်လို့ပြောတာ ဆိုင်းသံတွေဘုံတွေ ဆင့်ဖို့လို သေးလို့လား ယသော်ရယ် လုပ်ပါ ကိုယ့်ကိုချစ်တယ်ဆိုတဲ့အဖြေ ခုပဲ တစ်ခါတည်း ပေးသွားလိုက်တော့နော်"

အချစ်ကို ကလေးမုန့်တောင်းသလို ဖွတ်အတင်းတောင်းနေ သော မြတ်သော့ကိုကြည့်ပြီး ရင်လည်းခုန် ရယ်လည်းရယ်ချင်နေ

အမှန်ဆို ယသော်ကလည်း မြတ်သော့ကို ချစ်နေခဲ့တာပါပဲ မိန်းကလေးတွေရဲ့ရှေးရိုးရာမပျက်အောင် နည်းနည်းလေး အမူပိုရှိ ပါ။

"ဟင့်အင်း ယသော် စဉ်းစားချင်သေးတယ်"

"ဟာကွာ ယသော်ရယ် စဉ်းစားရင် ဟင်းစားထဲပါသွားမယ်





"ဟယ် ဘယ်လိုစကားကြီးလဲ"

တစ်ခါမှ မကြားဖူးသော စကားမို့ ယသော့မျက်ဝန်းအစုံ ဝိုင်း စက်သွားကာ တအံ့တသြ မေးလိုက်သည်။

"အဲ ကိုယ် ကိုယ်လည်းသေချာတော့ မသိဘူး။ ဟဲ ဟဲ ဟို တစ်လောက ဈေးထဲမှာ ဈေးသည်တွေပြောနေသံကြားလို့ အခု ဂွင်ကြုံ တာနဲ့ ကဗျာများဆန်မလားဆိုပြီး ပြောကြည့်တာပါ"

ခပ်ကြောင်ကြောင် အကြောင်းပြချက်မို့ ယသော် တခစ်ခစ် နှင့် ရယ်လိုက်ပြီး

"ရှင်က ကဗျာကို သဘောကျလား"

"အင်း"

"ရေးရော ရေးတတ်လား"

"ဟဲ ဟဲ နည်းနည်းပါးပါး"

"ဒါဆို ကဗျာလေးတစ်ပုဒ်လောက် စပ်ပြပါလား ဟင်၊ ယသော် က ကဗျာတွေကိုချစ်တယ်၊ စပ်တော့ မစပ်တတ်ဘူး။ ကဗျာရေးတဲ့သူတွေ ကို အရမ်းအားကျတယ် လေးလည်းလေးစားတယ် သိလား"

"ဒါဆို ကိုယ့်ကိုလည်း ယသော် လေးစားမှာလား"

"အင်းပေါ့ လေးစားရုံတင်မဟုတ်ဘူး။ အထင်ပါကြီးပစ်လိုက်မှာ ပါ တစ်ပုဒ်လောက်စပ်ပြပါ"

တကယ်တမ်း ကဗျာတစ်ပုဒ်ကို ကာရန်ချိုးဖို့အတွက် မြတ်သော့ အဖို့ အလွန်ခက်ခဲပါသည်။ ကောင်မလေးရှေ့မှာ ဖင်ကုတ်ခေါင်းကုတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခွေးအကြီးလှည်းနင်းသလိုဖြစ်၍ နေ၏။

"စပ်လေ စပ်ပါဆို နားထောင်ချင်လို့ပါ"

ဖွတ်ကဗျာစပ်နိုင်းနေ၍ မြတ်သော စိတ်လေသွားသည်။ ခုမှ တော့ မထူးတော့ပြီမို့

"ဟို ကာရန်မဲ့ စပ်ပြမယ်လေ"

"ရတယ် ကဗျာဆိုပြီးရော ကာရန်မဲ့မဲ့ မမဲ့မဲ့ ကိစ္စမရှိဘူး"

"ဒါဆို ကဗျာစပ်ပြရင် ချစ်တယ်လို့ အဖြေပေးမှာလား"

"အို ဘာဆိုင်လဲ"

"ဆိုင်တယ်လေ ကဗျာစပ်တယ်ဆိုတာ နှလုံးသားနဲ့ရင်းပြီး ခံစားမှုတွေကို တန်ဆာဆင်ရတာ၊ ခံစားချက်မပါဘဲ ကဗျာတစ်ပုဒ်ဖြစ် မလာဘူး"

"အို ဒါကတော့ မြတ်သောရဲ့ကဗျာအရည်အသွေးပေါ်မှာ မူ တည်ပြီး စဉ်းစားမယ်လေ"

"တကယ်လား"

"တကယ်ပါဆို"

"ဒါဆို စရန်ချတဲ့အနေနဲ့ ခေါင်းလေးညိတ်ပြီး ချစ်တယ်လို့ ပြော"

"အို မဆိုင်လိုက်တာ"

"ဆိုင်တာပေါ့ အဲဒီစရန်လေးရရင် ဟောဒီရင်ဘတ်ထဲက အနု ပညာမြောက်တဲ့ခံစားမှုတွေ သူ့အလိုလို ခုန်ထွက်လာပြီး ယသော် အရမ်း





သဘောကျတဲ့ ကဗျာတစ်ပုဒ်က သူ့အလိုလို အသက်ဝင်လာမှာ၊ မယုံမရှိ နဲ့ တကယ်ပြောတာ ပါးစပ်ကချစ်တယ်လို့ မပြောချင်သေးရင်တော့ ကိုယ့်ကိုချစ်ကြောင်းတော့ ခေါင်းလေးညိတ်ပြလိုက်"

"ရှင် လူလည်ပဲ"

"လူလည်တာမဟုတ်ဘူး အချစ်ကလည်တာ"

"ကဲပါ ညိတ်ပြပါမယ်၊ ရှင်သာ ကဗျာမြန်မြန်စပ်ပြပါတော့"

"အိုကေ အဟမ်း ဟမ်း"

ဆရာကြီးစတိုင်ဖြင့် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး

"ရင်၌တည်သော ချစ်ခြင်းတရားသည် မှသားကင်းမဲ့ပါ၏။ ဤသစ္စာတရားမှန်ပါက ဒီကောင်မလေး ကျွန်တော့်ချစ်သူဖြစ်ပါစေ"

"ဟင် ဒါ ကဗျာမှမဟုတ်တာ၊ ဘုရားမှာသစ္စာဆို ဆုတောင်း တာကြီးနဲ့တူတယ်"

"ဘာပဲဖြစ်ဖြစ် ဒါကလည်း ကိုယ့်ရင်ဘတ်ထဲကလာတဲ့ ခံစားမှု စစ်စစ်တွေပါ ယသော်ရယ်၊ ယုံပါ ကိုယ် ယသော့်ကို တကယ်ချစ်တာပါ"

"အင်းယုံချင်ပါတယ်၊ ယုံစေချင်ရင် နောက်တစ်ပုဒ် ထပ်ရွတ် ပြဦး၊ နားထောင်လို့ကောင်းတယ်"

"အယ် မညစ်နဲ့လေကွာ ယသော် ဟက်ထိတယ်ဆိုရင် ကိုယ့်ကို ချစ်တယ်လို့ ပြောတော့"

"ဟင့်အင်း မထိတထိပဲ နောက်တစ်ပုဒ်လောက် ရွတ်ပြရင် တော့ တကယ် ဟက်ထိသွားမလား မပြောတတ်ဘူး မြတ်သောရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှျင်းမှျင်းလေးရယ်ကာ အမူပိုနေသော ရှက်မျက်နှာရဲ့ရဲ့လေးကို အားရပါးရ ဖက်နမ်းပစ်လိုက်ချင်ပါ၏။

"အိုကေ ကောင်းပြီလေ နောက်တစ်ပုဒ် ထပ်ပြီးစပ်ပြမယ်၊ မကောင်းရင်တော့ မရယ်နဲ့နော်"

"အင်းပါ မရယ်ပါဘူး မြတ်သောရဲ့"

"ဟုတ်ပြီ နားနဲ့မထောင်ဘဲနဲ့ ရင်ဘတ်နဲ့နားထောင်ပေးနော်၊ ကိုယ့်ရင်ဘတ်ထဲက တိုက်ရိုက်ထုတ်လွှင့်လိုက်တဲ့ ခံစားမှု အစိုင်အခဲလေးတွေမို့ လေထုထဲကို အလကားမပစ်လွှတ်နိုင်ဘူး။ အရှိန်ပြင်းတဲ့ အချစ်မြားတစ်စင်းလို ယသော်နှလုံးသားထဲကို ထုတ်ချင်းခတ်ဝင်သွားစေချင်တာ၊ ဒါဟာ ရင်ထဲက ဆန္ဒစစ်စစ်ပဲ ဘာမာယာမှရောမထားဘူး"

မျက်ဝန်းတွေကို စေ့စေ့ကြည့်ကာ တိုးသက်စွာ ပြောလိုက်သည့် တခဏ အကြည့်ချင်းဆုံသွားကာ ယသော့်ရင်တွေ အဆမတန် ခုန်လာသလို စိတ်တွေက ပြုံ့ယိုင်လဲချင်နေပါပြီ။

"ကဲပါ ရွတ်ပြပါတော့ ယသော် ရင်ဘတ်နဲ့ တကယ်ခံစားကြည့်ချင်လို့ပါ"

လေပြည်ကြောင့် ဝေ့ခနဲ လူပ်ခတ်သွားသော ယသော့်နဖူးမှ ဆံစအချို့ကို မက်မောစွာ ငေးကြည့်ရင်း စိတ်အာရုံတွေကို စုစည်းလိုက်သည်။

ပြီးနောက် တိုးသက်သော လေသံဖြင့် နှလုံးသားထဲမှ ခံစားချက်တွေကို တစ်ဖွဲ့ချင်းဆွဲထုတ်ကာ ခပ်တိုးတိုးရွတ်လိုက်သည်။





ရီဝေလဲ့ဖြာနေတဲ့
မျက်ဝန်းတစ်စုံဟာ
ရင်ထဲက နှလုံးသားကို
အငိုက်မိအောင် ပြုစားသွားလေရဲ့
ဒါဆို မင်းဟာ ငါ့အတွက်တော့
မှော်ဝင်သစ်သီးလေးတစ်လုံးပေါ့
အဲဒီသစ်သီးလေးတစ်လုံးကို
ထာဝရနမ်းရှိုက်ခွင့်ရချင်တဲ့
ကိုယ့်ရဲ့လောဘဟာ
ကမ္ဘာပေါ်မှာ အကြီးအကျယ်
အခမ်းနားဆုံး လောဘပါပဲ။
ကိုယ် တကယ်ချစ်မိသွားတာကိုတော့
စိတ်ချလက်ချ ယုံကြည်လိုက်ပါ
ကောင်မလေးရေ။

စကားလုံးတွေ ဆုံးသွားသည်နှင့် ညင်သာသော သက်မရှိုက်သံ ခပ်မှျင်းမှျင်းပေါ်ထွက်လာသည်။

ယသော် တကယ်ပဲ ခံစားသွားရလေသလား။ ကိုယ်ကတော့ စိတ်ထဲရှိတာ ရွတ်ပြလိုက်တာပဲ ဖြစ်သည်။

"ဘယ်လိုလဲ ယသော် ကိုယ့်ကိုချစ်တယ်လို့ ပြောတော့မယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ထွေးအိသော ယသော်လက်ကို ယုံကြည်မှုအပြည့်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ယသော် မရုန်းပါ။

ဒါဆို ယသော့်ထံမှ ချစ်သည့်အရိပ်အယောင်တွေကို ပြနေခြင်းပဲ။

"ဖြေလေ"

"ဟင့်အင်း ရှက်တယ်"

"အချစ်က ရှက်စရာမှ မဟုတ်တာ ရင်ခုန်စရာလေ"

"အို မသိဘူး"

"တကယ် မချစ်သေးတာလား မဖြေရဲသေးတာလား"

ယသော့်ပခုံးနုစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်ပြီး အားမလို အားမရ မေးလိုက်သည်။

"မဖြေရဲသေးတာ"

"ဒါဆိုရင်တော့ လွယ်ပါတယ်၊ ယသော် မဖြေနဲ့ရတယ်၊ မျက်စိလေးပဲ မှိတ်ပေးထား"

"ဘာလုပ်မလို့လဲ"

ယသော့်အမေးက အလန့်တကြားဟန်ပေါက်၏။

"ဘာမှမလုပ်ဘူး၊ မျက်လုံးလေး မှိတ်ထားတဲ့ကောင်မလေးရဲ့ ရှက်မျက်နှာလေးကို တဝကြီး ကြည့်ချင်လို့"

အကြည့်ချင်းကြာကြာ မဆုံရဲသည့်အတွက် ယသော် မျက်ဝန်း အစုံ မှေးစင်းလိုက်သည်။





ကော့ညွတ်နေသော မျက်တောင်ရှည်တွေ တဖျတ်ဖျတ်လှုပ်ကာ စိတ်လှုပ်ရှားမှုအသွင်ကို ဆောင်နေ၏။

မြွတ်သောရင်တွေ တဒိန်းဒိန်းဆောင့်ခုန်လာကာ စိတ်တွေ ဘယ်လိုမှ ထိန်းမရတော့။

နှုတ်ခမ်းဖူးဖူးအိအိလေးကို ဖိကပ်နမ်းရှိုက်လိုက်သည်။

ချစ်လို့ပါ ယသော်ရယ်။

ဒီအနမ်းဟာ ကိုယ့်အတွက်တော့ ပထမဦးဆုံး အနမ်းတစ်ခုပါ။

"အို ဟင့်အင်း"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အံမယ် အံမယ် ထမင်းစားဖိတ်လို့လာတဲ့ဧည့်သည်ကို အဲ
နည်းနဲ့ပြုမှုတာတော့ မကောင်းပါဘူးနော် ယသော် ထ မြန်မြန်"

"ဟင် အိမ်သူ"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော အိမ်သူ့အ
ကြောင့် အနမ်းတွေထဲ နစ်မျောနေကြသော ယသော်နှင့်မြတ်သေ
မျက်နှာချင်းပူးကပ်ထားရာမှ ရုတ်တရက် ခွာလိုက်ကြသည်။

နှစ်ဦးစလုံး၏မျက်နှာတွေမှာ မလုံမလဲစိတ်နှင့် ရှက်စိတ်
ကြောင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေကြသည်။

"ဟိုလေ ကျွန် ကျွန်တော် ယသော့်ကို မေတ္တာစစ်နဲ့ တက
ချစ်တာပါ"





တစ်မျိုးထင်မည်စိုး၍ ယသော်အပေါ်ထားသည့် ခံစားမှုတွေ လေးနက်ကြောင်း ဖြေရှင်းချက်ပေးနေရသည်။

"ကဲပါ ခုမှ ရှက်မနေကြပါနဲ့တော့၊ အရိပ်အကဲမသိဘဲ ရောက်လာတဲ့အိမ်သူ့အမှားပဲ ထားလိုက်ပါတော့"

နားလည်မှုအပြည့်နှင့် အိမ်သူ့အပြုံးထဲမှာ အပြစ်တင်လိုရိပ်တွေ ကန့်ကွက်လိုစိတ်တွေ လုံးဝမရှိ။ ပကတိ ဖြည့်ဆည်းပေးလိုသောစိတ်ဖြင့်သာ။

"ဒါပဲနော် မြတ်သော အိမ်သူတို့ရဲ့မင်းသမီးလေးကို ထာဝရပျော်ရွှင်အောင်ထားပေးပါလို့ ပြောချင်တယ်"

ထင်မှတ်မထားသော လိုက်လျောမှုတွေကြောင့် မြတ်သောအံ့သြသွားသည်။ ကျေးဇူးတင်သောအကြည့်ဖြင့် အိမ်သူ့ကိုကြည့်ကာ

"စိတ်ချပါ အိမ်သူ ကျွန်တော့်ဘဝမှာ အလေးအနက်အထားရဆုံးအရာက ယသော်ပဲ ဖြစ်စေရပါမယ်"

မြတ်သော အဖြေကြောင့် ယသော် မြေ့မြေ့လေးပြုံးသည်။

"ဟုတ်ပါပြီ ဒီကတိကို တစ်သက်စာယုံလိုက်တော့မှာမို့ ခုတော့ မြတ်သော အမေခေါ်နေတယ်၊ ထမင်းစားလို့ရပါပြီတဲ့"

ရယ်ကာမောကာဖြင့် ခပ်သော့သော့လေးပြောလိုက်သော အိမ်သူ့စကားကြောင့် မြတ်သော ကျေနပ်စွာရယ်ကာ ယသော်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး

"ကဲ ခုကစပြီး ကိုယ်တို့ချစ်သူတွေဖြစ်သွားပြီနော် အိုဧ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မြတ်သော ပြောသလိုပါပဲ"

ပခုံးချင်းတိုက်ကာ ရယ်လိုက်သော ချစ်သူနှစ်ဦးကို ကြည့်ပြီး အိမ်သူ့ရင်ထဲ ပီတိတွေဖြင့်ချမ်းမြေ့ရ၏။

ယသော် ပျော်နေတာကို အိမ်သူဖြစ်နေချင်တာပါ။

■ ■ ■

## အခန်း (၂၈)

ထမင်းပန်းကန်ထဲတွင် ပြည့်နှက်နေသော ဟင်းတွေကိုကြည့် ပြီး ယသော် ထမင်းမစားတတ်တော့သလို ဒေါ်ခင်ငြိမ်းချမ်း၏စေတနာ နှင့်ကဲမှုတွေကြောင့်လည်း မနေတတ်လောက်အောင် အားနာရသည်။

မြတ်သောကတော့ ထိုအခြေအနေကိုဘေးမှ အသာကြည့်ပြီး ကျေနပ်ကြီး ကျေနပ်နေရသူပါ။ ကိုယ့်ချစ်သူမိန်းကလေးနှင့် ကိုယ့်အမေ ကြားမှာ လိုတာထက်ပိုသော အဆင်ပြေမှုတွေကြောင့် မြတ်သော ဝမ်းသာသည်။

"သမီး စားလေ၊ အိမ်သူလေးရော စားပါကွယ်၊ မာမီကလေ သမီးလေးတို့ကို ကျွေးချင်လို့ မာမီကိုယ်တိုင် စိတ်ကြိုက်မီနူးတွေပေးပြီး ခိုင်းထားတာ သမီးတို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဟိုတယ်က ဟုတ်လား။ ငွေတွေအများကြီးပေးရမှာပေ့

ထမင်းကို ပလုပ်ပလောင်းလေးဝါးပြီး မျက်လုံးလေး ဝိုင်းသွ

သည်။ ဒီဟင်းတွေကို ဟိုတယ်ကသာ မှာသည်ဆိုလျှင် နည်းမည်မဟုတ်

ဟု အိမ်သူ တွေးလိုက်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"သမီးတို့အတွက် ကုန်တာပဲ ကုန်ပါစေပေါ့ အိမ်သူရဲ့"

"သူက ဘာဟင်းမှ သိပ်ပြီး ကောင်းကောင်းမချက်တတ်ဘူ

ဒါကြောင့် ထမင်းဟင်းချက်ဖို့ မိန်းမတစ်ယောက်လောက်နဲ့ လက်ထ

ပေးပါဆိုတာကို နားမထောင်ဘူး"

"ဟယ် အဘိုး အဘိုးက မိန်းမယူချင်သေးတယ်"

ယသော် မျက်အိမ်ကျယ်လေးဝင့်ကာ တအံ့တသြမေးလို

သည်။ အဘိုးခေါင်းကိုခပ်သွက်သွက်ညိတ်ပြီး

"ဒါပေါ့ ခုမှ ဘဝကစမှာ အသက်ဆယ့်ရှစ်နှစ်ဆိုတာ မိ

ကလေးတစ်ယောက်နဲ့စိတ်တူကိုယ်တူ ချစ်လို့အကောင်းဆုံးအချိန်လေ

အဘိုး၏စကားကြောင့် ရယ်ပွဲလေးဖြစ်သွားသည်။

ကိုယ့်အဘိုး သူငယ်ပြန်၍လျှောက်ပြောနေသည်ဆိုတာသိ

မယ့် ချစ်သူရှေ့မှာ ပေါက်ကရတွေပြောနေတာကိုတော့ မြတ်သော ရှ

သည်။

"ဟာ အဘိုး ဘာတွေပြောနေတာလဲ ဟာဗျာ ကိုယ့်အသက်

ကိုယ်အားမနာ ရှက်စရာကြီး"

"မင်းလည်း ချစ်တတ်သလို ငါလည်း ချစ်တတ်ပါတယ်





ငါချစ်သူထားရင် မင်းကောင်မလေးထက်ငယ်တဲ့ ကောင်မလေးကို

ထားမှာ"

"အယ် အ အဘိုး လာမနောက်နဲ့နော်၊ သားကိုကြိုက်သ

လောက်ပြော သားချစ်သူကိုတော့ မထိနဲ့"

အဘိုးနှင့်မြတ်သောတစ်ယောက်တစ်ခွန်း အခြေအတင် ဖြစ်

နေဟန်က ရယ်စရာလည်းကောင်းနေသလို ချစ်စရာလည်းကောင်းနေ

ကြသည်မို့ ယသော်နှင့်အိမ်သူက တခစ်ခစ်ဖြင့် ရယ်လိုက်ကြသည်။

"အို ဒယ်ဒီ ကလေးနဲ့ပြိုင်ပြီး ဘာတွေလျှောက်ပြောနေတာလဲ"

"ဒီကောင်က အရင်စပြောတာလေ"

ထမင်းကို ဖွန်းဖြင့်ခက်ကာ ဝါးရင်း ပလုပ်ပလောင်းအသံဖြင့်

ပြောနေသော အဘိုးကိုကြည့်ပြီး ဒေါ်ခင်ငြိမ်းချမ်း ဝင်၍ ဟန့်လိုက်သည်။

မြတ်သော စိတ်ပျက်စွာ ခေါင်းကိုခပ်လေးလေး ခါယမ်းကာ သက်မချ

လိုက်သည်။

"ကဲ သားရယ် ကိုယ့်အဘိုးအကြောင်းလည်းသိရဲ့သားနဲ့၊ ရန်

ဖက်ဖြစ်နေပြန်ပါပြီ၊ ယသော်လေးနဲ့အိမ်သူ ထမင်းစားရတာ အနှောင့်

အယှက်ဖြစ်နေပါ့မယ်"

မာမီ ဝင်ဟန့်လိုက်တော့မှ မြတ်သော အဘိုးကိုဘာမှဆက်မ

ပြောတော့ဘဲ ထမင်းငုံ့စားလိုက်သည်။

"ရပါတယ် အန်တီရယ်၊ အဘိုး ဒီလိုပြောတတ်တယ်ဆိုတာ

ယသော်တို့ သိနေပြီပဲ၊ အဟင်း ပျော်စရာတောင် ကောင်းသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်နော် အိမ်သူ''

''အင်း ဟုတ်တယ် ဟုတ်တယ် အဘိုး အိမ်သူတို့နဲ့ သုံးလေး ရက်နေတုန်းကလေ အိမ်မှာခွဲလည်းသံလေးတွေလိုပဲ သိလား အဘိုး ကြောင့် မေမေရော ယသော်ရော အိမ်သူရော ရယ်ခဲ့ရတယ်၊ ပျော်ရွှင် ခဲ့ရတယ်၊ အဘိုးက ရယ်စရာတွေလည်း ကြံဖန်ပြီး ပြောတတ်တယ် သိလား၊ အဟင်း ဟင်း ဟင်း''

''အမလေး အဲလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ် သမီး တို့ရယ်၊ ဒယ်ဒီကလေ သူ့ကိုယ်သူ လူငယ်လေးတစ်ယောက်လို နပျိုနေ တာ''

''ဟုတ်တယ် ယသော်ရေ အခု အဘိုးဝတ်ထားတာတွေက ကိုယ့်အဝတ်အစားတွေလေ၊ ရေမိုးချိုးပြီးပြီဆိုရင် ကိုယ့်အလစ်ကိုချောင်း ပြီး ကိုယ့်ဗီရိုထဲက အဝတ်တွေကို သူ့စိတ်ကြိုက်ရွေးပြီး ဝတ်တော့တာပဲ''

''မင်းအမေက ငါ့ကိုမှ အဲလိုအဝတ်အစားတွေ ဝယ်မပေးတာ ကိုးကွ၊ သူ့သားကျရင်တော့ နောက်ဆုံးပေါ် Brand တွေကိုမှ ရွေးပြီး ဝယ်ပေးတာလေ''

မကျေမနပ် ရေရွတ်လိုက်သော အဘိုးစကားကြောင့် ခေါင်း ငြိမ်းချမ်း သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

''ဟုတ်ပါပြီ နောက်ဆိုရင် ဒယ်ဒီ ဝတ်ချင်တဲ့ အဝတ်အစား တွေကို ဝယ်ပေးပါ့မယ်၊ ခုတော့ ထမင်းကို စိတ်ဖြောင့်ဖြောင့်နဲ့စား ဒယ်ဒီရယ်၊ ဒယ်ဒီ့ကြောင့် ကလေးတွေ ရယ်ပဲရယ်နေရလို့ ထမင်းစား





ပျက်ပါ့မယ်''

''အိုကော အိုကော ဘာမှမပြောတော့ဘူး၊ ဝင်အောင်စားကြပါ''

အဘိုးထိုသို့ပြောပြီး စားလက်စထမင်းကို ဆက်စား၏။

မြတ်သော ယသော့်ပန်းကန်ထဲသို့ ဆိတ်ဦးနှောက်ကိုခွဲပြီး ထည့် ပေးလိုက်သည်။

''စားနော် ယသော်''

''အင်းပါ''

ထိုစဉ် မြတ်သော ဖုန်းဝင်လာသည်။

''ဟဲလို ကိုဇင် ပြော''

မြတ်သော မျက်နှာကွက်ခနဲ ပျက်သွားသည်။

''ဘာ ဘယ်လို ပြုံးပိုင်နဲ့ဟိုကောင်တွေ ရန်ဖြစ်လို့ ဟုတ်လား၊ မင်းအခု ဆေးရုံမှာဆိုတော့ ဘယ်သူဘာဖြစ်သွားလို့လဲ''

အလန့်တကြား ဖုန်းပြောနေသော မြတ်သောကြောင့် အားလုံး ၏ အာရုံတွေ မြတ်သောအသံကို နားစိုက်စွင့်နေကြသည်။

''ဟာကွာ ဖြစ်မှဖြစ်ရလေ ငါ ငါခုပဲ ဆေးရုံကို ချက်ချင်းလာ ခဲ့မယ်''

ဖုန်းကို ကမန်းကတန်း ပိတ်လိုက်ပြီး ထမင်းစားပွဲမှ ထရပ် ကာ

''မာမီ ယသော် ကိုယ်ဆေးရုံကို သွားလိုက်ဦးမယ်''

''သား ဘယ်သူ ဘယ်သူဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ယသော် ရင်ထိတ်လိုက်တာ မြတ်သောရယ်"

– ယသော့်မျက်နှာလေး ထိတ်လန့်စိတ်ကြောင့် ဖြူလျော်သွားသည်။ စိတ်လှုပ်ရှားလွယ်လျှင် ဝေဒနာက မနေ။

"ကိုယ့်သူငယ်ချင်း ရန်ဖြစ်လို့ အခု အာရှတော်ဝင်က အရေးပေါ်ခန်းထဲရောက်နေတယ်၊ ကိုယ်သွားမှဖြစ်မယ်"

"ဟင် ဟုတ်လား"

"အို ဖြစ်မှဖြစ်ရလေကွယ်"

ဒေါ်ခင်ငြိမ်းချမ်း စိတ်မသက်မသာ ညည်းတွားလိုက်သည်။

"ယသော် ကိုယ်ခဏသွားလိုက်ဦးမယ်"

ထမင်းစားခန်းထဲမှ မြတ်သော ရေးကြီးသုတ်ပျာ ထွက်ခဲ့လိုက်သည်။

■ ■ ■

အခန်း (၂၉)

မြတ်သောတ၏ခြေလှမ်းတွေ အရေးပေါ်ခန်းဆီသို့ ခပ်သွက်သွက် လျှောက်နေ၏။

"မြတ်သော ငါဒီမှာ"

အထူးကြပ်မတ်ဆောင်ရှေ့မှာ လှမ်းခေါ်နေသော ကိုဇင့်ကို လှမ်းတွေ့လိုက်ရ၍ ခြေလှမ်းတို့တုန့်ခနဲ ရပ်သွားသည်။

"ကိုဇင် ဖြိုးပိုင် အခြေအနေ ဘယ်လိုလဲ"

"ခွဲခန်းထဲဝင်နေတုန်း ခါးကိုဓားထိုးမိသွားလို့ အစာအိမ်နည်းနည်း ထိသွားတယ်"

"ဟာကွာ ဖြစ်မှဖြစ်ရလေကွာ၊ နေပါဦး ဘယ်ကောင်တွေနဲ့ ငြိတာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ခါ သူ့ကောင်မလေးနဲ့ ငြိခဲ့ဖူးတယ်ဆိုတဲ့ကောင်လေ ငါတို့ပါ သွားရှင်းပေးရသေးတယ်လေ"

"ဩော် ဒီပြီ သူတို့က ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ဖြိုးပိုင်ရဲ့ကောင်မလေးကို ပြန်လိုချင်လို့နေမှာပေါ့၊ နောက်ပြီး အဲဒီနေ့က မင်းတော်ကီတွေကိုလည်း နည်းနည်းဖောင်းသွားပြီး မကျေ လာခဲ့တာဖြစ်မယ်၊ ပွဲမဖြစ်ခင် မင်းကိုအရင်မေးတာကွ၊ ငါတို့လည်း ပြဿနာမဖြစ်ချင်လို့ ရှောင်ပါတယ်၊ သူတို့ပုံစံက မူးလည်းမူးနေတဲ့ပုံပဲ"

"တောက်"

"ပြဿနာမရှိ ပြဿနာရှာတဲ့ကောင်တွေကွာ၊ ဒီကိစ္စကို မင်း ဒီလိုပဲ ငြိမ်နေကြမှာလားကွ၊ ပြောစမ်းပါဦး စခန်းကိုအမှုသွားမဖွင့်ဘူး လား"

"ငါတို့မဖွင့်လည်း ဆေးရုံက ရာဇဝတ်မှုနဲ့ လက်ခံထားတာ တော့ ရဲတွေရောက်လာလို့ အဖြစ်မှန်ကို ပြောပြလိုက်တယ်၊ စောစော ဖြိုးပိုင်မိဘတွေရောက်လာကြလို့ စခန်းမှူးနဲ့စကားပြောနေကြတာ"

"တောက်"

မြတ်သော ဒုတိယအကြိမ် တက်ခေါက်ပြန်သည်။

"ဒီကောင်တွေ ဖမ်းမိလို့ကတော့ လုံးဝကို မကျေအေးပေ ဖြစ်နိုင်ရင် ငါနဲ့သာထိပ်တိုက်တွေ့လိုက်ချင်တယ်"

အရေးပေါ်ခန်းထဲဝင်နေရသော သူငယ်ချင်းဖြိုးပိုင်အတွ ဒေါသဖြစ်လွန်း၍ အံတကြိတ်ကြိတ်နှင့်။





သူငယ်ချင်း အသက်အန္တရာယ်မရှိပါစေနဲ့ဟုပဲ ဒေါသကြားမှ ဆုတောင်းလိုက်မိသေးသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"မြတ်သောရေ မြတ်သော"

ယသော်နှင့် ဖုန်းပြောရန် ဖုန်းခလုပ်နှိပ်နေတုန်း ခြံထဲသို့ ကမူး ရှူးထိုးဝင်လာသော အိမ်သူ့ကိုမြင်ပြီး လန့်သွားသည်။

ယသော်များ နလုံးရောဂါဖောက်လို့လားဟူသော စိုးရိမ်စိတ်က အသိအာရုံအချို့ကို ထုံပူသွားစေသည်။

"အိမ်သူ ယသော် ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ"

"ယ ယသော် ဘာမှမဖြစ်ဘူး ဖြစ်တာက သူ့ သူ့အစ်ကို"

"ဟင် သူ့အစ်ကို ဟုတ်လား၊ ယသော့်မှာအစ်ကိုရှိတယ်"

ယသော်နှင့်တစ်ခါမှ စကားမစပ်မိကြ၍ ယသော်မှာ အစ်ကို





ရှိသည်ဆိုတာကို မြတ်သော မသိခဲ့၊ သွားတိုင်းလည်း တွေ့မှမတွေ့ခဲ့တာကိုး။

"ဟုတ်တယ် ယသော့်မှာအစ်ကိုရှိတယ်၊ အခု သူ့ကိုရဲတွေလာဖမ်းနေတယ်"

"ဟင် ဘာဖြစ်လို့ရဲက လာဖမ်းတာလဲ"

"ဟိုလေ ရန် ရန်ဖြစ်လို့တဲ့၊ သူ သူလုပ်တာလက်လွန်သွားလို့ တစ်ဖက်လူက ဒဏ်ရာရသွားတယ်၊ အဲဒါ အမှုဖွင့်လိုက်လို့ ရဲက လာဖမ်းတယ်၊ ယသော်လေး အရမ်းကြောက်နေပြီ၊ မြတ်သောကိုပဲ လာခေါ်ခိုင်းနေလို့ အိမ်သူလည်း ပြေးလာတာ၊ ဖုန်းကလည်း လုံးဝခေါ်လို့မရဘူး၊ မအားတာနဲ့ ဆက်သွယ်မှုဧရိယာပြင်ပဆိုတာနဲ့ပဲ တိုးနေလို့"

"ဟုတ်ပါပြီ ဒါဆိုရင် လာ သွားကြမယ်"

အိမ်သူရှေ့မှ အရင်ဦးအောင် ခြေလှမ်းကျဲကြီးဖြင့် ထွက်လာခဲ့လိုက်သည်။

ဖြူးပိုင်စားထိုးခံရသည့်နေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ယသော့်အစ်ကိုကလည်း ရန်ဖြစ်၍ ရဲကလာဖမ်းသည်တဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟင် မင်း မင်း ဖြိုးပိုင်ကို ဓားနဲ့ရှော့တဲ့ကောင်ပဲ"

ယသော်တို့အိမ်ထဲဝင်ဝင်ချင်း ရဲသားနှစ်ယောက်၏အလယ်မှာ ရပ်နေသော နန္ဒကိုမြင်လိုက်ရ၍ ဒေါ်သတို့ဒိန်းခနဲ ဆောင့်ခုန်လာသည်။

နန္ဒသည်လည်း မြတ်သောကိုမြင်သည်နှင့် မီးဝင်းဝင်းတောက်သောအကြည့်ဖြင့် ကြည့်ကာ

"ဟော့ကောင် မင်း ငါ့အိမ်ထဲကို ဘာဝင်လုပ်တာလဲ ဟမ် ငါ့ကိုကြည့်ပြီး အောင်ပွဲခံမလို့မဟုတ်လား။ ငါ့နေရာကို မင်းလက်ထောက် ချလိုက်တယ်ပေါ့"

ထင်ရာတွေစွတ်ပြောကာ ရန်လိုနေသောနန္ဒကို စိတ်ပျက်စွာ ကြည့်လိုက်ပြီး





"ခုမှ သွေးရူးသွေးတန်းတွေဖြစ်ပြီး တွေ့သမျှလူကို အပြစ်ပုံ ချမနေနဲ့ကွ၊ ငါ့သူငယ်ချင်းကို နာကျင်အောင်လုပ်တဲ့မင်းကို အမှုနဲ့ကြိတ် ခံချင်ပေမယ့် မင်းဘယ်မှာနေတယ်ဆိုတာ ငါသိတာမဟုတ်ဘူး၊ ယသော့် အစ်ကိုဆိုတာမင်းမှန်းလည်း ငါ မသိခဲ့ဘူး"

နန္ဒ ဒေါ်သတွေ ယသော်ဘက်လှည့်ကာ

"မိယသော် နင် ဒီလိုကောင်မျိုးနဲ့ ဘယ်တုန်းကသိတာလဲ၊ သူနဲ့နင်နဲ့က ဘာလဲ"

"အဲဒါ ယသော့်ချစ်သူပါ ကိုကို"

"ဘာ"

"အို ကိုကိုတို့ ဘယ်လိုရန်ငြိုးရှိခဲ့မှန်းမသိပေမယ့် ဒါဟာ ယသော်နဲ့မဆိုင်ဘူးလေ"

နန္ဒဒေါ်သဖြစ်လွန်း၍ အသားတွေတဆတ်ဆတ်တုန်လာကာ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး

"နင် နင်တို့ လုံးဝကို တွဲလို့မဖြစ်ဘူး။ ငါ ခွင့်မပြုဘူး မိအိမ်သူ ခြံဘီစွကို ဒယ်ဒီနဲ့မာမီဆီအကြောင်းကြားလိုက်"

ဒေါ်သတွေကြားမှ တဆက်တည်းပြောလာသဖြင့် အိမ်သူပါ ကြောင်ကြောင်ဖြစ်ကာ ဘာပြော၍ပြောရမှန်းမသိတော့။

"သားရယ် ဒယ်ဒီနဲ့မာမီ စိတ်ပူနေကြမှာပေါ့ကွယ်၊ အန်တီနဲ့ ရှေ့နေကောင်းကောင်းငှားပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့ မယ်၊ ဟိုဘက်က ကလေးကိုလည်း အန်တီနဲ့ပဲ သွားတောင်းပန်ပေးပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွယ်''

''မလိုဘူး သားချစ်သူကို ဖြတ်ခုတ်သွားလို့ အပြစ်ပေးလိုက်တာပဲ၊ သွားတောင်းပန်စရာမလိုဘူး''

ချောင်ပိတ်မိနေတာတောင် အလျှော့မပေးချင်သောနန္ဒကို ဖွဲ့တွေသိပ်စိတ်မရှည်ချင်တော့။

''ကဲ ငါ့ညီ အချိန်မရှိဘူး၊ သွားကြရအောင်''

''ကိုကို ယသော်တို့အကောင်းဆုံးဖြစ်အောင် စီစဉ်မှာ အားတင်းထားနော်''

မျက်ရည်တွေကြားမှ အစ်ကိုဖြစ်သူကို ခွေးသိပ်အားပေးလိုက်ပေမယ့် နန္ဒ လှည့်ပင်မကြည့်။ ရဲတွေနှင့်အတူ ရဲကားပေါ်သို့ ထိမထင်သည့်ပုံဖြင့် လှမ်းတက်လိုက်သည်။

ရဲကားထွက်သွားခါနီး ကြည့်သောအကြည့်တွေက မြတ်သော ဆီမှာ။

မြတ်သော ဘယ်လိုလုပ်ရပါ့မလဲ။ ဘာကြောင့် နန္ဒက ယသော်ရဲ့ အစ်ကိုဖြစ်နေရတာလဲ။

■ ■ ■

## အခန်း (၃၂)

''သမီးရယ် အန်တီစိတ်မကောင်းလိုက်တာကွယ်၊ ဟိုလေ အန်တီလည်း အတတ်နိုင်ဆုံး တရားသူကြီးနဲ့ညှိကြည့်ပါ့မယ်၊ မနေ့က ရှေ့ပတ်စာရေးနဲ့တွေ့တော့ အမှုအသွားအလာက တအားကြီး ပြစ်ဒဏ်ကျစရာမရှိသလို လျော်ကြေးလိုက်ရင်ဖြစ်ဖြစ် တောင်းပန်ရင်ဖြစ်ဖြစ် ဟိုဘက်ကလည်း ကျေအေးပေးမယ့်သဘောမှာရှိနေတာဆိုတော့ သမီးလေး စိုးတ်မပူပါနဲ့နော်၊ အန်တီကိုယ်တိုင်လည်း မြို့ပိုင် မိဘတွေဆီကို သွားတွေ့ပါဦးမယ်ကွယ်''

တရှုံ့ရှုံ့ငိုနေသော ယသော့်ကိုကြည့်ပြီး ဒေါ်ခင်ငြိမ်းချမ်း စိတ်မကောင်းဖြစ်မိသည်။

''အတတ်နိုင်ဆုံးတော့ ကူညီပေးပါ အန်တီရယ်၊ ဒယ်ဒီနဲ့မာမီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာခင်မှာ ကိုကို့ကို အမြန်လွှတ်စေချင်တယ်၊ မာမီတို့သာ ကိုကို့ကို ဒီလိုပုံစံမြင်သွားရင် တော်တော်လေးစိတ်ထိခိုက်ကြမှာ''

အစ်ကိုအတွက် သောကပွေနေသော ယသော်ကိုကြည့်ပြီး စိတ်မသက်မသာဖြစ်ရသည်က မြတ်သောပင်။ အချစ်ဆုံးသူငယ်ချင်းနှင့် ချစ်သူ၏အစ်ကိုဖြစ်သူလေးမှာ မြတ်သော တစ်ယောက် ဘာလုပ်၍ ဘာ ကူညီပေးရမှန်းပင် မသိတော့။

''ယသော့် မိဘတွေ ဘယ်တော့ပြန်လာကြမှာလဲ''

''ဒီရက်ထဲမှာပဲ ပြန်လာကြလိမ့်မယ် အန်တီ''

''အေးပေါ့လေ မိဘတွေလည်း တော်တော်စိတ်ပူသွားကြမှာပဲ စိတ်ချပါ သမီးရဲ့အစ်ကို အာမခံနဲ့ပြန်ထွက်ရအောင် အန်တီ အစွမ်းကုန် ကူညီပါ့မယ်ကွယ် နော်''

အားပေးနှစ်သိမ့်စကားကြောင့် ယသော့်မျက်နှာလေးမှာ အားအင်တွေဖြင့် ပြန်လည်လန်းဆန်းလာ၏။

မြတ်သောမှာသာ စိတ်မသက်သာနိုင်။ နန္ဒသည် ယသော့် အစ်ကိုဖြစ်နေသည့်အတွက် ယသော်နှင့်မြတ်သောတို့ရဲ့အချစ်ရေးမှာ ခလုတ်ကန်သင်းဖြစ်နိုင်သည်။

ကံကြမ္မာက ဘာကြောင့်များ ဒီလိုအနှောင့်အယှက်အချို့ကို ရင်ဆိုင်ကြုံတွေ့ခိုင်းရတာလဲ၊ ယသော့်ကို ပြောဖို့မရည်ရွယ်ထားပေမယ့် မြတ်သော စိတ်တွေလေးလံနေသည်။

ရှေ့ဆက် ဘယ်လိုတွေကြုံတွေ့နိုင်ဦးမလဲ။

■ ■ ■

## အခန်း (၃၃)

''မင်း ဘာမှညစ်မနေပါနဲ့တော့ မြတ်သောရာ''

''မညစ်လို့ရမလားကွ၊ ဟိုကောင့်ကို ကျေအေးပေးဖို့ကိစ္စကို သော်က ငါ့ကိုပဲအပ်ပြီး အကူအညီတောင်းနေတာ၊ အရှင်းဆုံး ပြောရရင် ငါက ဒီကောင့်ကို အချုပ်ကျစေချင်တယ်၊ ဒင်းအပြစ်ကို ဒင်းကိုယ်တိုင်ခံစေချင်တယ်''

မြတ်သော ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ဖြစ်နေတာတော့ မြတ်သာပဲ သိပါသည်။

''ဖြိုးပိုင်လည်း အော်ပရေးရှင်းဝင်တာ ကောင်းသွားပြီပဲကွာ၊ ဘာမှကြီးကြီးမားမား မဖြစ်တော့ဘူးဆိုတော့ ဖြိုးပိုင်မိဘတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအရှည်ခံမှာ မဟုတ်ပါဘူး၊ နောက်ပြီး မင်းကောင်မလေးက
ဆေးကုသတဲ့ကုန်ကျစရိတ်ရော တခြားလိုအပ်တာမှန်သမျှကိုပါ လိုလေ
သေးမရှိ လိုက်လုပ်ပေးနေတော့ ဖြိုးပိုင် မားသားကြီးက သိပ်ပြီး မတင်
ရက်တော့ဘူးလေ၊ ပြီးတော့ သူတို့က တရားသမားတွေမဟုတ်လား
ရန်ရန်ခြင်း မတုန့်ပြန်တတ်ပါဘူး''

''ဟုတ်တယ် ကိုဇော် ယသော် ခုတလော သူ့အစ်ကိုအတွ
စိတ်ဖိစီးမှုတွေများနေတယ်၊ မနက်ဖြန်ဆိုရင်လည်း သူ့မိဘတွေ
ကနေ ပြန်လာတော့မှာပါ၊ ယသော်မျက်နှာကြောင့် အမှုကို ပိတ်ပေး
တာ၊ နို့မို့ဆို ဒီကောင့်ကို ထောင်ကျအောင်ကိုလုပ်မှာ''

''ဒါဆိုရင်လည်း မင်းမားသားကြီးကို တစ်ခါတည်း နားဖော
ခိုင်းလိုက်ပါလား၊ အခွင့်အရေးရတုန်းလေ အခု ဒီကောင့်ကိစ္စမှာ
မားသားကြီးက သူ့ရှေ့နေတွေနဲ့ပေါင်းပြီး အဲဒီကောင်ကို အပြည့်အ
ကူညီနေတာဆိုတော့ ဘာပဲဖြစ်ဖြစ် မင်းအတွက် ဒါအခွင့်အရေး''

''နေပါကွာ ဒီကောင့်ကိစ္စကို အကူအညီပေးတာနဲ့တင် အ
အရေးယူပြီး ယသော်နဲ့ငါ့ကိစ္စကို ဖွတ်မစီစဉ်ချင်ပါဘူး''

''မင်းဒီလိုမှမလုပ်ရင် အဲဒီ ဂျစ်ပစီကောင်က မင်းတို့
ဖျက်ဆီးလိမ့်မယ်၊ ဒီကောင်က သိပ်အပြိုးကြီးတဲ့ကောင်ကွ၊ မိဘပိုက်
ရှိတယ်ဆိုပြီး ရမ်းချင်တိုင်းရမ်းနေတဲ့ကောင်''

''မလိုပါဘူးကွာ အခိုကာက ငါနဲ့ယသော်နဲ့ တစ်ယောက်အ
တစ်ယောက် ခိုင်ခိုင်မာမာချစ်ကြဖို့ပဲ၊ သူ့အစ်ကိုကြောင့် ယသော်စိတ်





ငါ့အပေါ်စိမ်းသွားမှာမှ မဟုတ်တာ၊ ခုကိစ္စမှာလည်း သူ့အစ်ကိုမှား
ကြောင်း ယသော်ကိုယ်တိုင် သိနေတာပဲ''

"အေးပေါ့လေ ငါ အစိုးရိမ်လွန်ပြီး အတွေးချော်သွားတာလည်း
ဖြစ်နိုင်တာပဲ ကဲ ငါအခု ဖြိုးပိုင်ဆီသွားမလို့ မင်းလိုက်မှာလား''

''အင်း လိုက်မယ်လေ အဲ ဒါပေမဲ့ နေဦးကွ ငါ့မာမီက ဒီနေ့
ဘုရားရုံးသွားတယ်၊ ခုချိန်ထိ ပြန်မလာသေးဘူး၊ ငါ့အဘိုးဖြူဟုဘ့ခေါင်း
ကြီးက ဒီအတိုင်းထားခဲ့လို့မရဘူး၊ ခုတောင် ဂိမ်းကစားနေလို့ ငြိမ်နေတာ''

''ဒါဆိုလည်း မင်းမာမီပြန်လာမှပဲ လိုက်လာလိုက်လေ၊ ငါလည်း
ဆေးရုံမှာကြာဦးမှာပဲ''

''အေးပါ ငါလိုက်ခဲ့မယ်''

''အိုကေ ငါသွားဖြို အဘိုးနဲ့လည်း ရန်ဖြစ်မနေနဲ့ဦး၊ အရွယ်က
ဘုတာမဟုတ်ဘူး၊ ကြီးနိုင်ငယ်ညှဉ်းမလုပ်နဲ့''

ရွတ်နောက်နောက် ပြောသွားသော ကိုဇင့်စကားကြောင့် မြတ်
သော ရယ်လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"မာမီ ဒါ ယသော်ချစ်သူလေ၊ မြတ်သောတဲ့၊ ဟိုတက်တိုက်မှာ နေတယ်၊ ကိုကို့ပြဿနာကို မြတ်သောနဲ့ သူ့မာမီက အစစအရာရာ လိုက်ကူညီပေးတာလေ"

ဒေါ်စီစီကျော်နှင့် ဦးသက်တင် မြတ်သောကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်ကြပြီး အသိအမှတ်ပြု အပြုံးကိုယ်စီဖြင့်

"သားကိုကျေးဇူးတင်ပါတယ်ကွယ်၊ သားမာမီက ရှေ့နေဆို တော့ အန်တီတို့က အားကိုးရမှာပေါ့၊ သမီးလေးက သားအကြောင်းတွေ အမြဲပြောပြောနေလို့ ဟိုမှာကတည်းက သားကိုတွေ့ချင်နေတာ၊ နောက်မှ ပဲ လက်ဆောင်တွေလာပေးရင်း သားသမီးအရေးကိစ္စလေးတွေ လာပြီး ဆွေးနွေးကြတာပေါ့ကွယ်"





သဘောကောင်းလွန်းသော ယောက္ခမလောင်းတွေဟု စိတ်ထဲက ကြိတ်ပြီးကျေနပ်ကာ ယသော့်ကိုလှမ်းကြည့်လိုက်သည်။

ယသော်၏အပြုံးသည် ခါတိုင်းနေ့တွေထက် ပိုရှုံပင်လှနေသည်။ ယောက္ခမတွေကိုယ်တိုင် ကြည်ဖြူနေမှတော့ နနကရော ကန့်ကွက်ပိုင် ခွင့်ရှိပါတော့မလား။ အမှိုက်တစ်စက သူ့အလိုလို ဇာတ်သိမ်းသွားပြီမို့ မြတ်သော ကြိတ်၍ ပြုံးမိလိုက်သည်။

"နနရေ"

"ရှင် မမ"

"မနက်စာ ဘာစီစဉ်ထားလဲကွယ်၊ မောင်မြတ်သောကိုပါ တစ်ခါ တည်း ထမင်းစားဖိတ်လိုက်ရအောင်"

"ဟာ နေပါစေ အန်တီ ကျွန်တော် မစားတော့ပါဘူး၊"

ယခုမှမြင်ဖူးသော ယောက္ခလောင်းတွေနှင့် ထမင်းအတူစား ဖို့ဆိုတာ ဘယ်လိုမှ အဆင်မပြေလောက်။

"အို မဟုတ်တာ နောက်ဆိုရင် မိသားစုတွေဖြစ်ကြမှာဆိုတော့ ဒါဟာ အကြိုမိတ်ဆုံစားပွဲပေါ့ကွယ်"

"ဒါ အားနာရမယ့်အိမ်မဟုတ်တော့ဘူးဆိုတာ မင်းကောင်း ကောင်း သဘောမပေါက်သေးဘူးထင်တယ်"

ပွင့်လင်းလွန်းသော ယသော့်မိဘတွေကို မြတ်သော ဘာမှ စောဒက မတက်လိုတော့၊ ထို့ကြောင့် ထမင်းစားဖို့ မငံ့မရဲဖြစ်ပေမယ့် စိတ်ကိုရဲဆေးတင်ပြီး ထမင်းစားဖို့ ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆို မြတ်သောက အစားကြီးသည်။ ယောကျ်ားလေးတွေရှေ့မှာ ဟန်လုပ်ပြီး စားပြရဦးတော့မှာပေါ့။

■ ■ ■

## အခန်း (၃၅)

"မာမီ"

"သား"

"My son"

အချုပ်ခန်းထဲမှ ထွက်လာသော နန္ဒမှာ မိဘတွေကိုမြင်သည်နှင့် ပြေး၍ဖက်သည်။

အနည်းငယ်ချုံးကျသွားသော နန္ဒကိုကြည့်ပြီး ဒေါ်စီစီကျော်မျက်ရည်ဝဲကာ နန္ဒ၏နဖူးကို တရှုံ့ရှုံ့နမ်းပြီး

"သားရယ် နောက်တစ်ခါ ဒီလိုအမှားမျိုးတွေ ထပ်မမှားအောင်ဘုန်းကို ကတိပေးစမ်း"

"ဟုတ် မာမီ သားကတိပေးပါတယ်"

"မောင်မြတ်သော အမေကြောင့် သားခုလိုမျိုး အာမခံနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လို့ရတာ သားရဲ့"

မြတ်သောနာမည်ကြားလိုက်ရ၍ နန္ဒမျက်နှာ ပြေလျော့နေရာမှ တင်းသွားသည်။

"ဟာ မာမီရာ သား သူ့အကူအညီမလိုချင်ဘူး မာမီ၊ သူ့အကူအညီယူပြီး သူ့ကိုကျေးဇူးတွေတင်နေရတာထက်စာရင် အချုပ်ထဲပြန်ဝင်နေရတာကမှ စိတ်သက်သက်သာသာဖြစ်ဦးမယ်"

"တိတ်စမ်း သား အဲလောက်မဆိုးစမ်းနဲ့၊ ဆိုးတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲရှိတယ်၊ ဆိုးတာထက်ပိုပြီး လွန်ကဲသွားရင် ဒါဟာ ရိုင်းစိုင်းတယ်လို့ခေါ်တယ်"

တင်းမာလွန်းသော ဒယ်ဒီ့စကားကြောင့် နန္ဒ ငြိမ်သွားသည်။

"မြတ်သောဟာ ယောကျ်ားကောင်းပါ သားရယ်၊ သူ့သူငယ်ချင်းအပေါ်မှာ သားက ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့တာတောင် သူ ဇွဲမယူဘဲ သားကိုအစစအရာရာ လိုက်ကူညီပေးနေတာ ဘယ်လောက် ယဉ်ကျေးတဲ့ကလေးလဲလို့"

မြတ်သောအပေါ် အထင်တကြီး ချီးမွမ်းနေသော မာမီ့စကားကြောင့် မြတ်သော မဲ့လိုက်သည်။

"ဟွန် အဲဒါ သားကို စေတနာရှိလို့မဟုတ်ဘူးဆိုတာ မာမီတို့မသိတာ၊ ဒီကောင်နဲ့မာမီ့သမီးရဲ့ပတ်သက်မှုကိုရော မာမီ သိလား"

အစဖော်ပေးဖို့ အရိုန်ယူနေသော နန္ဒကို ယသော် မနှစ်မြို့စွာ ကြည့်လိုက်ပြီး





"ကိုကို ကုန်းချောရုံနဲ့ မြတ်သောနဲ့ ယသော့်ကြားက သံယောဇဉ်ကို ဖြတ်လို့ရမယ်ထင်လား ကိုကို၊ ယသော်က ဘယ်တုန်းကမှ မိဘမသိအောင် အပြစ်မလုပ်ဖူးဘူးဆိုတာ ကိုကိုလည်း သိပါတယ်၊ ကိုကို့အပြစ်တွေကိုတော့ ယသော် မဖော်တော့ပါဘူး"

"ဟုတ်တယ် သားရဲ့၊ မောင်မြတ်သောနဲ့သမီးယသော်ကိစ္စကို မာမီရော ဒယ်ဒီရော သိတယ်၊ သဘောလည်း တူထားတယ်"

"ဘာ သဘောတူတယ် ဟုတ်လား။ ဒါပေမဲ့ သားမှသဘောမတူတာ"

ယသော် ငြိမ်နေ၍မဖြစ်။

"ကိုကို သဘောမတူပေမယ့် တားပိုင်ခွင့်မရှိဘူးလေ၊ မာမီပြောဦးလေ ကိုကို ယသော့်ကို စိတ်ညစ်အောင်ပြောနေပြီ"

"ကဲပါ သားရယ် ညီမလေးက နေကောင်းတာမဟုတ်ဘူး၊ သား စိတ်ထဲမှာ ဘယ်လောက်ပဲ နာကျင်မုန်းတီးနေပါစေ ကိုယ့်ညီမလေးစိတ်ဆင်းရဲစေမယ့်ကိစ္စဆိုရင် မျိုသိပ်နိုင်အောင် ကြိုးစားပါ သားရယ်"

ချွေးသိပ်နေသော မာမီ့စကားကြောင့် နန္ဒ မဲ့လိုက်ပြီး

"ဟွန်း နေမကောင်းတဲ့သူက ညေးစားတော့ ထားတတ်တယ်"

"ဟဲ့ သား အို ညီမလေးကို အဲလိုမပြောရဘူးလေ၊ မာမီတို့က သမီးလေးကို အဲလိုအခြေအနေမျိုးရောက်လာဖို့ မျှော်လင့်နေတာကွယ်၊ နောက်ဆို လူကြီးချင်းတွေ့ပြီး စေ့စပ်ဖို့ကိစ္စကိုတောင် စီစဉ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



သား‌ရဲ့"

"ကျွတ် မာမီတို့ကတော့ ဖွတ်ပဲ မရဘူး။ သားကတော့ ဒီကောင်နဲ့ဆိုရင် အဲဒီစေ့စပ်ပွဲကို လုံးဝဖျက်ရမယ်"

"အဲဒီလို မလုပ်ပါနဲ့ သားရယ်၊ မြတ်သောရဲ့အမေက သားရဲ့ကိစ္စမှာ စိတ်နှစ်ပြီးကူညီထားတာလေ၊ ဒီနေ့ဆို မာမီနဲ့ဒယ်ဒီ သူ့ကိုသွားတွေ့ဖို့တောင် စီစဥ်ထားတာ၊ ပြန်ရောက်ကတည်းက မြတ်သောမာမီနဲ့ သွားမတွေ့ရသေးဘူး။ အိမ်သွားတွေ့တော့လည်း မရှိနဲ့"

"အဲဒါတွေ သားနားမလည်ဘူး မာမီ၊ သားသိတာ ဒီကောင့်ကို ယောက်ဖမတော်နိုင်တာဘဲ သိတယ်"

ဘယ်လိုပြောပြော တင်းမာနေဆဲဖြစ်သော နန္ဒကိုကြည့်ပြီး ဒေါ်စီစီကျော့နှင့်ဦးသက်တင် သက်ပြင်းမောကို ဟင်းခနဲ ချလိုက်သည်။

ယသော်ကတော့ မာမို့ပခုံးကိုမှီကာ တသိမ့်သိမ့်ရှိုက်ငိုလိုက်သည်။

■ ■ ■

## အခန်း (၃၆)

"သြော် မောင်နန္ဒပါလား။ လာလေ ထိုင်"

ဒေါ်ခင်ငြိမ်းချမ်း ရုံးကပြန်လာလာချင်း ညှိခန်းထဲအမောဖြေ ရုံရှိသေးသည် နန္ဒရောက်လာသဖြင့် အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည်။

နန္ဒ ဒေါ်ခင်ငြိမ်းချမ်း၏မျက်နှာချင်းဆိုင် ဆိုဖာခုံတွင် ဝင်ထိုင်လိုက်သည်။

မလာစဖူး အလာထူးသော နန္ဒကို ဒေါ်ခင်ငြိမ်းချမ်း အကဲခတ်ကြည့်လိုက်ပြီး

"အန်တီ့ကိုပြောစရာစကား ရှိလို့လား နန္ဒ"

"အန်တီနဲ့ပြောစရာမရှိပါဘူး၊ ကျွန်တော်ပြောစရာရှိတာ မြတ်သောနဲ့ပါ"

"သြော် ဟုတ်လား ဒါဆိုရင် ခဏစောင့်နော် အန်တီသွားခေါ်

www.burmeseclassic.com



ပေးပို့မယ်ကွယ်"

လူငယ်ဖြစ်ပြီး ကျေးဇူးတရားမရှိ ယဉ်ကျေးမှုမရှိသော နန္ဒာ၏ ဂျစ်ကန်ကန်ပုံစံကို ဒေါ်ခင်ငြိမ်းချမ်း မနှစ်မြို့ပေမယ့် ယသော်လေး၏ အစ်ကိုဆိုသော အသိကြောင့် ခွင့်လွှတ်နားလည်မှုအပြည့်ဖြင့် နွေးထွေးပျူငှာစွာဆက်ဆံပါသည်။

"ငါ့အိမ်ထဲကို ဝင်ခွင့်မတောင်းဘဲ ရောက်လာတဲ့မျောက်တင် ကောင်က ဘယ်သူပါလဲလို့ လာကြည့်တာ၊ မင်းဖြစ်နေတာကိုး"

အဘိုး၏စကားကြောင့် နန္ဒ ဒေါသဖြင့် ရှူးရှူးရှားရှား ဖြစ်သွားကာ

"ဘာဗျ ကျွန်တော်က ဘာကြောင့် မျောက်ဖြစ်ရမှာလဲ စကား ပြောတာ ကြည့်ပြောပါ"

"ကြည့်ပြောနေတာလေ မင်းကန်းနေလား"

"အို ဒယ်ဒီ ညီ့သည်ကို အဲလိုမပြောရဘူးလေ၊ နန္ဒရယ် ဒယ်ဒီ့အစား အန်တီကပဲတောင်းပန်ပါတယ်ကွယ်၊ သား ခဏထိုင်ဦး နော်၊ မြတ်သောကို နှပဲ သွားပြောပေးပို့မယ်၊ ကဲ လာ ဒယ်ဒီ အခန်းကို လိုက်ပို့ပေးမယ်"

အဘိုးကိုအတင်းဆွဲခေါ်သွားသဖြင့် အဘိုးမှာနန္ဒကို ပေစောင်း ပေစောင်းကြည့်ကာ အတွင်းခန်းထဲဝင်သွားသည်။

သိပ်မကြာလိုက် မြတ်သော ထွက်လာသည်။ နန္ဒကို မရယ် မပြုံးသောမျက်နှာဖြင့်ကြည့်ကာ





"ဘာကိစ္စလဲ နန္ဒ"

"ကျေးဇူးကြေးလာဆပ်တာ မင်းတို့ကြောင့် ငါအချုပ်ကနေ အာမခံနဲ့လွတ်လာတာလေ"

"မလိုပါဘူး ငါတို့မှာ ကူညီရမယ့်ဝတ္တရားရှိနေလို့ ကူညီလိုက် တာ၊ ဘာမှလည်း အပန်းမကြီးပါဘူး"

"မင်းတို့က အပန်းမကြီးပေမယ့် ငါကတော့ မင်းတို့ရဲ့ကျေးဇူး တွေကို အောင့်သက်သက်နဲ့လက်ခံထားရတာ အပန်းကြီးတယ်ကွ"

ရန်လိုနေသော နန္ဒကိုကြည့်ပြီး မြတ်သောစိတ်ပျက်စွာ မဲ့လိုက် ပြီး

"ကောင်းပြီလေ ဒါဆို မင်းက ဘာနဲ့လာပြီး ပြန်ဆပ်တာလဲ"

တင်စီးလွန်းသော နန္ဒကို ခပ်ထေ့ထေ့ပြန်မေးလိုက်သည်။

"ရော့ ဟောဒီ စိန်လက်စွပ်က သိန်းတစ်ရာနှစ်ဆယ်တန်တယ်၊ အဲဒါကို မင်းယူလိုက်တော့"

လက်မှာဝတ်ထားသော စိန်လက်စွပ်ကိုချွတ်ပြီး မြတ်သော ထိုင်နေသော ဆိုဖာခုံပေါ်ပစ်တင်ပေးလိုက်သည်။ မြတ်သော၏ဒေါသတွေ ဒီထက်ပို၍ ထိန်းချုပ်လို့မရတော့။ လူကို သူတောင်းစားလိုဆက်ဆံသော နန္ဒကို ဆက်ပြီးငြိမ်ခံနေလျှင် တစ်သက်လုံး ဦးကျိုးသွားနိုင်သည်မို့ လက် အစုံက မြတ်သော၏အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်ပြီး

"မင်းဇော်ကားလှချည်လားကွ ငါတို့ကို ဘယ်လိုအတန်းအစား ထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့တယ်လိုအတန်းအစားလဲဆိုတာ မင်းတို့ပဲ သိမှာပေ့ ငါ့ညီမကို မြှူဆွယ်ပြီး ငါတို့ပိုင်ဆိုင်မှုတွေကိုအပိုင်စီးဖို့မဟုတ်လား၊ ငါ့ စိတ်က သိနေတယ်"

"ဟာ ကဲကွာ"

"ခွပ် ခွပ်"

နန္ဒမျက်နှာ ဘယ်ညာလည်ထွက်သွားသည်။ ထိုနာကျင်မှုသည် နန္ဒ၏သွေးတို့ကို ပို၍ ဆူပွက်လာပြီး မြတ်သောကို လက်သီးဖြင့်ပြန်ထိုး သည်။

"ဟာ မင်းက ငါ့ကိုထိုးရဲတယ် ဟုတ်လား ကဲ"

နှစ်ယောက်သား ဧည့်ခန်းကြမ်းပြင်ပေါ်တွင် တခဏချင်း လုံးထွေးသွားသည်။

"ချလွင် ခလွမ်"

ဆက်တီစားပွဲပေါ်မှ အလှပန်းအိုးကျကွဲသံတွေ မချိတင်က ကြိမ်းမောင်းသံတွေကြောင့် ဒေါ်ခင်ငြိမ်းချမ်း ဧည့်ခန်းထဲသို့ ပြေးထွက် လာသည်။

ထင်မှတ်မထားသော မြင်ကွင်းကြောင့် မျက်လုံးအစုံပြူးကျ ဝိုင်းစက်သွားကာ ရင်ဘတ်ကို အထိတ်တလန့် ဖိလိုက်သည်။

"အမလေး ဘုရား ဘုရား ဒါ ဘယ်လိုဖြစ်ကြတာလဲ"

"ထ ထကြစမ်း ဟော့သား တော်ပြီ၊ ရန်မဖြစ်ကြနဲ့တော့"

ကြမ်းခင်းပေါ်တွင် လုံးထွေးနေသော မြတ်သောနှင့်နန္ဒသည်





ပြေးဝင်ကာ နန္ဒကိုလှမ်းဆွဲလိုက်သည်။

"အင့် ကဲကွာ"

"အား ဟော့ကောင် ဒီတစ်ခါ မင်းသေသေ ငါသေသေချမယ်"

နန္ဒ၏အငြိုးတကြီးအသံ ဗလုံးဗထွေးတွေကြောင့် ဒေါ်ခင်ငြိမ်း ချမ်း သားဖြစ်သူအတွက် စိုးရိမ်သွားသည်။ ကိုယ့်အိမ်ပေါ်အထိလာ ရောက်စော်ကားသော ထိုကလေးကို ဘယ်လိုမှ ခွင့်လွှတ်၍မဖြစ်။

"ဟော့ မတော်ဘူးလား နန္ဒ ဒါ အန်တီတို့အိမ်နော်၊ မင်းကို ဝင်နက်ကျူးကျော်မှုအပြင် တခြားအမှုတွေပါ အတွဲလိုက်တင်ပြီး အချုပ် ထဲပြန်ထည့်လိုက်လို့ရတယ်ကွ နားလည်လား"

သားကိုထိတော့ ရင်မှာမချိအောင် နာလာ၍ ရင့်သီးစွာပြန် ပြောလိုက်သည်။

ထိုစဉ် ဧည့်ခန်းထဲသို့ ဒေါ်စီစီကျော် ဦးသက်တင်နှင့်ယသော် တို့ ပြေးဝင်လာကြသည်။

ထိန်းမနိုင်သော နပန်းပွဲကိုမြင်ပြီး ယသော် မျက်နှာမှာသွေး ဆုပ်ဖြူလျော်သွားသည်။

"ဟင် ကိုကို မလုပ်နဲ့ မလုပ်ကြပါနဲ့ မြတ်သော မြတ်"

"သမီး သမီးလေး"

"အမလေး လုပ်ပါဦး သမီး"

ယသော်နေရာမှာတင် ပျော့ခွေ၍ လဲကျသွားသည်။

ဒေါ်စီစီကျော်နှင့်ဦးသက်တင် လဲကျသွားသော သမီးကို ပြေး



www.burmeseclassic.com

www.burmeseclassic.com



မွေ့လိုက်ကြသည်။

မြတ်သောနှင့်နန္ဒ၏နပန်းပွဲ အဆုံးသတ်သွားသလို ဒေါ်ခင်ငြိမ်းချမ်းလည်း လဲကျသွားသော ယသော်ဆီသို့ ကမူးရှူးထိုး ပြေးဝင်လာသည်။

''သမီး ယသော်''

ဒေါ်စီစီကျော် သောကတွေကြားမှ ဒေါ်ခင်ငြိမ်းချမ်းကို မြင်လိုက်ရသည်နှင့် အံ့ဩမှုတို့ အထွတ်အထိပ်ရောက်ကာ ဦးသက်တင်လက်မောင်းကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ မျက်နှာမှာ သောကထုထည်နှင့်ရောယှက်ပြီး တင်းမာခက်ထန်၍သွားသည်။ ဒေါ်ခင်ငြိမ်းချမ်းနှင့် ဦးသက်တင် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မျက်နှာပျက်သွားကြသည်။

''နင် နင် ငြိမ်း ငြိမ်းမဟုတ်လား''

သတိလစ်နေသော ယသော်ကို ထွေးပွေ့ရင်း တအံ့တဩမေးလိုက်သံကြောင့် ဒေါ်ခင်ငြိမ်းချမ်းမှာ ဒေါ်စီစီကျော်ကိုမှတ်မိသွားပြီး

''စီစီ ဟုတ်ပါတယ် ငါ ငြိမ်းပါ''

''တောက် နင်နဲ့ငါတို့ ခုချိန်ထိ ရေစက်မကုန်သေးဘူးလားဟဲ့ ဒါ ဒါကနင့်သားလား။ ပြောစမ်း မြတ်သောက နင့်သားလားလို့''

''ဟုတ်တယ် မြတ်သောက ငြိမ်းရဲ့သားပါ''

''အမလေး ကိုယ်ကျိုးနည်းတော့မလို့ပါလား၊ နင်လို စရိုက်မကောင်းတဲ့သူရဲ့သားနဲ့ ငါ့သမီးကို သဘောတူမိခဲ့တာပဲ၊ ဘုရား ဘုရား





ကယ်သိပေလို့ပေါ့၊ လာ ကိုသက်တင် နန္ဒ မင်းညီကိုပွေ့စမ်း အိမ်အမြန်ပြန်ကြရအောင်၊ ဒီလို ညစ်ညမ်းတဲ့နေရာမှာ မာမီ တစ်စက္ကန့်တောင် မနေချင်ဘူး။ အော်ဂလီဆန်လွန်းလို့ပါကွယ်''

နန္ဒ၏မျက်နှာပေါ်မှာ နားမလည်နိုင်သောအရိပ်တွေ ပြွတ်သိပ်သျက် ညီမဖြစ်သူကို ပွေ့ချီပြီး ထွက်သွားသည်။

''လာ ကိုသက်တင် ရှင်ဒီမှာရပ်နေသေးလား၊ မြန်မြန်လာ''

ဦးသက်တင်ကို အတင်းဆွဲခေါ်သွားသဖြင့် ဦးသက်တင် ဒေါ်စီစီကျော်နောက်မှ ပါသွားသည်။ ဒေါ်ခင်ငြိမ်းချမ်းကို အားနာသောအကြည့်ဖြင့် လှမ်းကြည့်သွား၏။ အခြေအနေမှန်ကို နားမလည်သူ မြတ်သောမှာ နေရာတွင် တွေတွေကြီးရပ်နေသော မာမီ့ကိုကြည့်ပြီး ဘယ်ကစပြီး မေးခွန်းထုတ်ရမှန်းပင် မသိတော့။

ဘာတွေလဲ၊ အတိတ်က ဘာတွေဖြစ်ခဲ့ကြလို့လဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"အိမ်သူ အိမ်သူရေ"

"ဟော ယသော် နိုးပြီလား"

"အင်း ယ ယသော် မြတ်သောဆီသွားချင်တယ်၊ ကိုကို
မြတ်သော ဘာကြောင့် ရန်ဖြစ်ကြသလဲဆိုတာ ယသော် သိချင်တယ်"

အိပ်ရာထက်မှ ခပ်လေးလေး ထလိုက်သော ယသော်ကိုကြ
ပြီး အိမ်သူ ဘယ်လိုပြောရမလဲ။ အခြေအနေမှန်ကို မသိသော ယသေ
ကို အဖြစ်မှန်ကိုမပြောရက်။

"အိမ်သူလည်း မသိဘူး ယသော်ရယ်၊ ကဲပါ ခုလောလေ
ဆယ် ယသော်အနားယူလိုက်ပါဦး။ ဒေါက်တာ သိန်းကြည်က ယသော်
စိတ်ကို အနားပေးပြီး သက်သက်သာသာနေရမယ်လို့ပြောတယ်"





"ယသော် နေကောင်းသွားပါပြီ အိမ်သူရဲ့၊ ခု ဘာမှမဖြစ်တော့
ဘူး။ ကဲ ယသော့်ဖုန်းပေး မြတ်သောဆီဖုန်းဆက်ရမယ်၊ သူ ဘာဖြစ်
သွားလဲ မေးရမယ်"

ဖုန်းလှမ်းတောင်းနေသဖြင့် အိမ်သူထပ်မံ၍ အခက်တွေ့ရပြန်
သည်။

"အိမ်သူ ဘာကြောင့်ကြည့်နေတာလဲလို့ ဖုန်းပေး။ မြတ်သော
ဆီဆက်မလို့ ဘယ်မှာလဲ ယသော့်ဖုန်း"

"ဟို ဟိုလေ ဖုန်းက အခန်းထဲမှာမရှိဘူး"

"ဟင် ယသော့်ဖုန်းက ယသော့်အခန်းထဲမှာမရှိဘူးဟုတ်လား။
ဘယ်ရောက်သွားလဲ"

"အန်တီစီစီတို့ သိမ်းထားတယ်"

"ဟင်"

ထိုစဉ် ဒေါ်စီစီကျော် အခန်းထဲဝင်လာသည်ကို ယသော် တွေ့
သွားပြီး

"မာမီ ယသော့်ဖုန်းပေးပါ"

"ဘာလုပ်မလို့လဲ သမီး"

"မြတ်သောဆီကို ဖုန်းဆက်မယ်လေ၊ သူ့ကိုတောင်းပန်ရမှာ
ပေါ့။ ကိုကိုက အိမ်အထိသွားပြီးစော်ကားထားတာ အရှမ်းရိုင်းတာပဲ"

အစ်ကိုဖြစ်သူကို အပြစ်တင်နေသဖြင့် ဒေါ်စီစီကျော် ခပ်မှုံမှုံ
ပြုံးလိုက်သည်။ ထိုအပြုံးကို ယသော် မြင်သွားသည်မို့ မာမီ့ကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com



စွာ မော့ကြည့်လိုက်ပြီး

"မာမီ ဘာဖြစ်လို့မဲ့တာလဲ"

"မဲ့စရာတွေရှိလို့ပေါ့ သမီးရယ်၊ ဒီနေ့ကစပြီး မြတ်သောနဲ့သမီးနဲ့ ထပ်တွေ့စရာမလိုတော့ဘူး သမီး"

"ရှင် ဘာဖြစ်လို့လဲ မာမီ ကိုကို့ကြောင့် မြတ်သောက ယသော်ကို မုန်းသွားလို့လားဟင်"

အထိတ်တလန့်ဟန်ဖြင့် မေးလိုက်သော အမေးကို ဒေါ်စီစီကျော် မဖြေဘဲ လှည့်ထွက်ခဲ့သည်။ အိမ်သူ စိတ်မကောင်းသောမျက်နှာဖြင့် ယသော်ကိုလှမ်းကြည့်သည်။

ယသော် မာမီ့နောက်လိုက်ရန် ခုတင်ပေါ်မှ ဆင်းလိုက်သည်။

"မာမီ မာမီ ဘာကြောင့်လဲဆိုတာ ယသော့်ကိုရှင်းပြပါဦး မာမီရယ်၊ ယသော် မြတ်သောကိုအရမ်းချစ်တယ်ဆိုတာ မာမီသိပါတယ်နော်"

အခန်းဝအထိပြေးလိုက်ပြီး ပြောပေမယ့် ဒေါ်စီစီကျော် လှည့်၍ပင်မကြည့်။

ယသော့်ရင်ထဲ တင်းကျပ်ဆို့နင့်လာ၍ တံခါးဝတွင် မှီရပ်ကာ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ အိမ်သူ စိုးရိမ်တကြီး လျှောက်လာသည်။

"ယသော် ယသော် နေသာရဲ့လားဟင်၊ လာပါ ခုတင်ပေါ်မှာ ပြန်လှဲနေလိုက်ပါနော် လာပါ လိမ်မာပါတယ်ကွယ်"





မျက်ရည်တွေရစ်ဝိုင်းကာ ချော့ခေါ်နေသော အိမ်သူကို ငိုရှိုက်ရှိုက်ခင်း အားကိုးတကြီးကြည့်လိုက်သည်။

"မာမီ ဘာဖြစ်သွားတာလဲ အိမ်သူ၊ ဘာကြောင့် မြတ်သောအပေါ် သိသိသာသာကြီး ပြောင်းလဲသွားရတာလဲ၊ ဒါမဖြစ်သင့်ဘူး ဘာကယ်ဆို ဒီကိစ္စက ကိုကိုလွန်တာလေ၊ မိဘတိုင်း သားသမီးကိုထိရင်နာကြပေမယ့် ဒီကိစ္စက ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာ အဖြေကထွက်ပြီးသားပဲ၊ ဘာကြောင့် မာမီတို့ အမှန်တရားကိုမမြင်ရတာလဲ ဟမ် ပြောပါဦး ပြောပါဦး အိမ်သူရယ်"

ရင်ထဲမှာ တင်းခဲဆို့ကျပ်လာပြီး ရပ်နေသော ခြေအစုံပင် ဆိုင်နဲ့ကာ မတ်မတ်ပင်မရပ်နိုင်တော့။

"ယသော် စိတ်ကိုငြိမ်ငြိမ်ထားစမ်းပါ ယသော်ရယ်၊ ခုလို အခြေအနေမျိုးမှာ ယသော် လဲကျလို့မဖြစ်ဘူး၊ မထင်မှတ်ဘဲ ဖြစ်လာတဲ့ပြဿနာအရှုပ်ရှုပ်ကို ရင်ဆိုင်နိုင်ရမယ်"

ပြောရင်းဖြင့် အိမ်သူ့အသံက ငိုသံဖြင့် တုန်အက်လာကာ ...ကဲလုံးအိမ်မှ မျက်ရည်တို့ပြည့်လျှံကျလာသည်။ မြတ်သောနှင့်ယသော် ...ရဲ့အနာဂတ်အတွက် အိမ်သူ အကောင်းဆုံးဖြစ်အောင် ဘာလုပ်ပေး...မည်လဲ။

ခုအခြေအနေမှာတော့ ယသော်ကိုကြည့်ပြီး အိမ်သူ စိတ်မ...ကောင်းဖြစ်လွန်း၍ အသက်ပင်မရှုင်ချင်တော့။

ကံကြမ္မာက ယသော့်အပေါ် အဲဒီလောက်ရက်စက်ရသလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



သားက ဘာဖြစ်လို့ ယသော်ကိုမေ့ပစ်လိုက်ရမှာလဲ မာမီရ''

''သားရယ် မာမီလေ အမှုကိစ္စတွေနဲ့ စိတ်ဖိစီးမှုတွေ အရမ်းများနေတယ်၊ ဒါကြောင့် မာမီ့ကို စိတ်အနှောင့်အယှက်မပေးပါနဲ့၊ မာမီ စာဖတ်ခန်းထဲမှာ စာဝင်ဖတ်ရဦးမယ်''

စကားလမ်းကြောင်းလွှဲသွားသော မာမီ့ကို မြတ်သော ဘယ်လိုနားလည်ရမလဲ။ ယခင်ကဆိုလျှင် ယသော့်အကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောနေတတ်သော မာမီသည် ယခု ယသော့်နာမည်ကို မြတ်သောဟလိုက်တာနှင့်မျက်နှာတစ်ပြင်လုံး ညိုမှောင်၍သွားသည်။

တစ်ခုခုကို စိတ်မလုံသော အမူအရာနှင့်မို့ မြတ်သောမေးလည်း ခာမီ ပြောပြမည်မဟုတ်။

ဒီတော့ ပြဿနာတစ်ခု၏အဖြေကို မြတ်သောကိုယ်တိုင်ရှာမှ ဖြစ်တော့မည်။ ထို့ကြောင့် ယသော်တို့အိမ်ဘက်ကို ထွက်ခဲ့လိုက်သည်။

ယသော် ဘာကြောင့် ဖုန်းမကိုင်ရတာလဲ။

■ ■ ■

## အခန်း (၃၈)

''မာမီ ဘာတွေဖြစ်ကုန်တာလဲ၊ ယသော့်ဖုန်းကိုဆက်တာ ဖုန်းလုံးဝမကိုင်ဘူး၊ သူ့အခန်းတံခါးကိုလည်း ပိတ်ထားတယ်၊ မဟုတ်မှ ရော သူ့အစ်ကိုကို သားပြန်ထိုးလိုက်လို့ သားကိုစိတ်ဆိုးနေတာလား မာမီ''

ရင်ထဲမှာ ဂနာမငြိမ်တော့၍ မာမီ့ကိုမေးလိုက်ခြင်းဖြစ်သည်။

''သူ့ကိုမေ့လိုက်ပါတော့ သားရယ်၊ သူနဲ့သားနဲ့ ဒီဘဝမှာ ဘယ်လိုမှ မနီးစပ်နိုင်လောက်တော့ဘူး''

ထင်မှတ်မထားသော မာမီ့စကားကြောင့် မြတ်သော ခေ တည်ရာမရ ဖြစ်သွားသည်။ ခေါင်းကိုတွင်တွင်ခါလိုက်သည်။

''မဖြစ်နိုင်ဘူး မာမီ၊ ဒီစကားက မာမီ့အတွက်တော့ အဓိပ္ပာ ရှိချင်ရင်ရှိနေလိမ့်မယ်၊ သားအတွက်ကတော့ လုံးဝအဓိပ္ပာယ်မရှိဘူ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

ခြံတံခါးစေ့ရုံ စေ့ထားသဖြင့် လူခေါ်ဘဲလ်တီးမနေတော့ဘဲ ခြံထဲကို ဝင်ခဲ့လိုက်သည်။ ယသော် နေမကောင်းရဲ့လားဆိုသည့် စိုးရိမ်စိတ်က ခြေလှမ်းတွေကို ခါတိုင်းထက်ပို၍မြန်ဆန်သွက်လက်နေစေ၏။

အိမ်အဝင်ဝရောက်သည်အထိ လူရိပ်လူခြေ မတွေ့သဖြင့် မှန်တံခါးဝမှာရပ်လိုက်ပြီး လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

မှန်တံခါးချပ် ဖျတ်ခနဲ လှုပ်လာသည်။

အရင်ဆုံး အိမ်သူ မျက်နှာဘွားခနဲ ပေါ်လာသည်။ မြတ်သောကို မြင်တော့ လန့်သွားပုံဖြင့် မှန်တံခါးကိုတွန်းဖွင့်ပြီးထွက်လာသည်။

"မြတ်သော ယသော် နေမကောင်းဘူး၊ ခဏပြန်လိုက်ပါဦးနော်"

"နေမကောင်းတာ ပိုပြီးတွေ့သင့်တယ်မဟုတ်လား အိမ်သူ





ကျွန်တော့်ကို ယသော် စိတ်ဆိုးနေလို့ ဖုန်းမကိုင်တာလား"

"မဟုတ်ပါဘူး၊ ယသော် ဘယ်တုန်းကမှ မြတ်သောအပေါ် စိတ်မဆိုးခဲ့ပါဘူး"

"ဒါဖြင့် ဘာလို့ဖုန်းပိတ်ထားရတာလဲ"

မြတ်သော အမေးကိုဖြေဖို့ အိမ်သူ အိမ်ထဲကိုမဝံ့မရဲလှည့်ကြည့်လိုက်ပြီး လေသံမှုသောအသံဖြင့်

"ဖုန်းက အန်တီစီတို့ သိမ်းထားတယ်"

"ဟင်"

အံ့ဩလွန်းသည့်ဖြစ်ခြင်း။ ဘာလို့စက်ဆံရေးတွေက ဒီလောက်စိမ်းတောက်သွားရတာလဲ။ ယုံပင်မယုံနိုင်။

"ဒါ အစိပ္ပာယ်မရှိဘူး အိမ်သူ၊ ကိုယ်တို့ချစ်သူတွေဆိုတာ သိသိကြီးနဲ့ ဒီလိုအခြေအနေမျိုးဖြစ်အောင် ဖန်တီးလိုက်တာ တာကယ့်ကို မတရားဘူး"

ဒေါသဖြစ်လွန်း၍ မြတ်သော အသံကျယ်လောင်သွားသည်။

"တိုးတိုးပြောပါ မြတ်သောရယ်၊ အထဲက ကြားသွားရင် ပြဿနာတွေပိုရှုပ်ကုန်ပါ့မယ်၊ ခုလောလောဆယ်တော့ မြတ်သော ပြန်ပါတော့နော်၊ မြတ်သော ခုလိုလာတာကိုသာ သိသွားရင် ယသော့်ကို မြတ်သောနဲ့နီးတဲ့နေရာမှာ ထားမှာမဟုတ်တော့ဘူး၊ ဟိုလေ အိမ်သူ အကြံပေးနိုင်တာ တစ်ခုတော့ရှိတယ်"

"ဘာလဲ အိမ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သော ယသော်ဆီ ဖုန်းဆက်ချင်ရင် မြတ်သောရဲ့ဖုန်းတစ်လုံးကို အိမ်သူနဲ့တစ်ဆင့် ယသော်ဆီကို ထည့်ပေးလိုက်၊ ဒါဆို ညဘက်တွေမှာ မြတ်သောတို့ ဖုန်းပြောလို့ရတယ်"

အခြေအနေတွေက ထိုမျှထိ တင်းမာလာမှတော့ မြတ်သော တစ်ထစ်လျှော့ရတော့မှာပင်။

"အင်း ကောင်းပြီလေ၊ ရော့ ဒီဖုန်းကိုယူထားလိုက်၊ ညကိုးနာရီလောက်ဆိုရင် ကျွန်တော်ဖုန်းဆက်မယ်လို့ ယသော်ကို ပြောပေးပါ"

မြတ်သော ကမ်းပေးသော ဖုန်းကို ဆတ်ခနဲလှမ်းယူကာ ဂါဝန်ဘောအိတ်ထဲကို ကပျာကယာထည့်လိုက်သည်။

"ကဲ ပြန်ပါတော့နော် ဒီမှာ ကြာကြာမနေပါနဲ့ ရှော့ရှိတယ်"

အတင်းပြန်နိုင်း၍သာ လှည့်ပြန်လာရသည် စိတ်ထဲမှာတော့ သိပ်ဘဝင်မကျ။

ခြံဝရောက်တော့ နန္ဒကားမောင်းဝင်လာတာနှင့် တန်းတိုးသည်။ ကားထိုးရပ်ကာ ကားပေါ်မှဆင်းလာသော နန္ဒ၏တင်းမာသောမျက်နှာကို မြတ်သော တည်ငြိမ်စွာ ကြည့်လိုက်သည်။

ရန်လိုသော အကြည့်မျိုးတော့မဟုတ်။

"မင်း ငါ့ခြံထဲကို ဘာလာလုပ်တာလဲ ဟောကောင်၊ မင်းတို့လို လူယုတ်မာတွေ ငါတို့ခြံထဲကို ဝင်လာခွင့်လည်းမရှိဘူး၊ ပတ်သက်ခွင့်လည်းမရှိဘူး ဟောကောင် မင်း ငါ့မျက်စိရှေ့က အမြန်ဒိုးလိုက်တော့"

ရင့်သီးမောက်မာလွန်းသော နန္ဒ၏စကားကြောင့် အထွတ်အ





ထိပ်သို့ရောက်လုနေသည့် ဒေါသတွေကိုမျိုချကာ

"မင်းမိဘတွေ ဘာကြောင့် ငါ့အပေါ်မှာ ပြောင်းလဲသွားတာလဲ နန္ဒ မင်းနဲ့ငါနဲ့ ဖြစ်တဲ့ပြဿနာက ယသော်ကို တွေ့ခွင့်မရလောက်အောင် အရေးမကြီးပါဘူး"

"ဒီမှာ ဟောကောင် မင်း ငါ့ဆီက ဖြေရှင်းချက်လာတောင်းနေတာလား၊ မင်းကိုဖြေရှင်းပြရလောက်အောင် ငါ့အချိန်တွေ မပေါဘူးကွ၊ ငါ ဒေါသမထွက်ခင် မင်းအမြန်ဒိုးတော့လို့ ပြောနေတယ်နော်၊ ဒီတစ်ခါ ယသော်ရှေ့မှာ မင်းနဲ့ငါ ရန်မဖြစ်ချင်ဘူး"

"ငါကလည်း မင်းလိုကျေးဇူးတရား နားမလည်တဲ့ကောင်နဲ့ ပိုတောင်မဖြစ်ချင်သေးတာပါ"

စကားနည်းရန်စဲပြောခဲ့ပြီး နန္ဒရှေ့မှ လှည့်ထွက်ခဲ့သည်။

ရင်ထဲမှာတော့ တနုံ့နုံ့နှင့် ခံရခက်လိုက်သည့်ဖြစ်ခြင်း။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ထိုပြတင်းပေါက်ကို အိမ်သူ ဖွင့်ပေးမှုဖြစ်တော့မည်။

ထို့ကြောင့် လိုက်ကာတွေကိုဆွဲတွန်းကာ ဖွင့်လိုက်ပြီး မှန်ပြတင်းတံခါးကို ဖွင့်ပေးလိုက်သည်။ ယသော် ခုတင်ထက်မှထကာ ပြတင်းပေါက်ဆီသို့ အငမ်းမရသော ခြေလှမ်းတွေဖြင့် လျှောက်လာ၏။

''မြတ်သော မြတ်သောရေ''

တိုးလျသော အသံဖြင့် မြတ်သော၏အခန်းဘက်ကို မျှော်ကြည့်၍ ခေါ်လိုက်သည်။

စိတ်ပျက်စွာ လဲလျောင်းနေသော မြတ်သော ခုတင်ထက်မှ ပေါက်ခနဲထကာ ပြတင်းပေါက်ဆီသို့ အပြေးတစ်ပိုင်းလျှောက်သွားလိုက်သည်။

## အခန်း (၄၀)

မြတ်သော၏ဖုန်းလေးကို ကိုင်ပြီး ယသော် စိတ်တွေလှုပ်ရှားနေသည်။ ချစ်သူနှင့်ဖုန်းပြောပြီး ချစ်သူ၏အသံကိုကြားခွင့်ရခဲ့မယ်ဆိုလျှင်တောင် ယသော် သေပျော်ပါပြီ။

စိတ်ဖိစီးမှုကြောင့် ချုံးကျသွားသော ယသော့်မျက်နှာလေးကို ကြည့်ပြီး ကြိတ်ကြိတ်ငိုနေရသည်က အိမ်သူပင်ဖြစ်သည်။ လူကြီးတွေ၏ အာဃာတတွေက လူငယ်တွေဆီကိုကူးလာရိုက်ဖို့တော့ မကောင်းပါဘူးဟု စိတ်ပျက်စွာတွေးမိ၏။

''အိမ်သူ ပြတင်းတံခါးဖွင့်ပေးပါလား၊ ယသော် အသက်ရှူကျပ်သလို ခံစားရလို့''

အားနည်းတိုးဖျော့သော ယသော်၏တောင်းဆိုမှုက အိမ်သူ့ရင်ကို အောင့်မျက်နှာကျင်စေသည်။ အန်တီစီက လုံးဝမဖွင့်ဖို့ တားမြစ်

www.burmeseclassic.com



ဖို့မလွယ်တဲ့အတွက် လမ်းခွဲဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ မြတ်သော ရယ်''

''ယသော် ခုတင်ပေါ်အမြန်တက် အန်တီစီနဲ့နန္ဒ လာနေပြီ''

အိမ်သူ၏အထိတ်တလန့် သတိပေးသံကြောင့် မြတ်သောနှင့် စကားပြောနေရာမှ

''မြတ်သော ညကျရင်တွေ့မယ်နော်''

''ကိုယ် လာခဲ့မယ် ယသော်''

နှစ်ယောက်သား မခွဲနိုင်သောအကြည့်ဖြင့် ကြည့်ကာ ယသော် အခန်းထဲပြန်ဝင်လိုက်သည်။ အိမ်သူ ပြတင်းတံခါးကို ခပ်မြန်မြန်ပြန်၍ ပိတ်လိုက်သည်။ လိုက်ကာတွေပါ ဆွဲပိတ်လိုက်သည်။

မြတ်သောနေရာမှာတင် ငူငူကြီးရပ်ပြီး ကျန်ခဲ့သည်။

■ ■ ■

## အခန်း (၄၁)

''ယသော် သမီး အစားလေးဘာလေး ထစားဦးလေကွယ်''

မာမီ့အသံကြားသည်နှင့် လှဲအိပ်နေရာမှ တစ်ဖက်ကိုစောင်းပြီး အိပ်လိုက်သည်။

''ဟင့်အင်း ဘာမှမစားချင်လို့မရဘူး၊ မနက်ဖြန် ခရီးထွက်ရမှာ သမီးကျန်းမာမှဖြစ်မှာပေါ့''

''ဟင် ခရီးထွက်ရမယ် ဟုတ်လား၊ ဘယ်ကိုထွက်ရမှာလဲ မာမီ၊ ယသော် ဒီမှာပဲနေမယ် ဘယ်မှမသွားချင်ဘူး''

''မသွားချင်လို့မရဘူး သမီး၊ မာမီနဲ့ဒယ်ဒီက သားနဲ့သမီးကို ဒီမှာမထားခဲ့ဘူး၊ တစ်ခါတည်း LA ကိုခေါ်သွားတော့မယ်''

ယသော့်အနားမှာ ဗုံးတစ်လုံးထပေါက်ကွဲသဖြင့် ခန္ဓာကိုယ်ကြီး အစိတ်စိတ်အမွှာမွှာဖြစ်သွားသလို ခံစားလိုက်ရသည်။ ရင်အစုံသည်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းအောင့်မျက် နာကျင်လာပြီး

"ဟင့်အင်း ယသော် မလိုက်ဘူး၊ အဲဒီကို လိုက်ရမယ့်အတူတူ ဒီမှာသေခဲ့ရမယ်ဆိုရင်တောင် ယသော် ဝိညာဉ်မဲ့ခန္ဓာကိုယ်နဲ့သေပြီး ကျန်ခဲ့မယ်၊ မာမီတို့မကောင်းဘူး ကိုကို့နဲ့မြတ်သော ပြဿနာဖြစ်တာတစ်ခုထဲနဲ့ မြတ်သောနဲ့ယသော်တို့ချစ်ခြင်းကို ခွဲတယ်၊ မာမီတို့တယ်လောက်ခွဲခွဲ ယသော်ကတော့ မြတ်သောကို ဘယ်တော့မှလမ်းမခွဲဘူး၊ မြတ်သောကိုပဲ လက်ထပ်မယ်"

"မီယသော် နင်တော့ နာတော့မှာပဲ၊ မာမီကို ဘာလို့ခံပြောနေတာလဲ၊ ငါလုပ်လိုက်ရရင်တော့ နင်ရော နင့်အကောင်ရော သေတော့မှာပဲ"

နန္ဒ အံတကြိတ်ကြိတ်ဖြင့် ကျိန်းဝါး၏။

"သတ်လိုက် သတ်လိုက်ကြ နှစ်ယောက်စလုံး သေတော့ ပိုကောင်းသေးတယ်၊ တမလွန်ရောက်သွားရင် ကိုကိုတို့ရော မာမီတို့ရော တမလွန်အထိလိုက်ပြီး ခွဲနိုင်မလားလို့ ကြည့်ချင်သေးတယ်"

ရင်ထဲမှာ နာကျင်လွန်း၍ ပြောမိပြောရာတွေဖွင့်ပြောလိုက်ခြင်းဖြစ်သည်။ မာမီ ယသော့်ဘေးမှာ လာဝင်ထိုင်သည်။

"သမီးရယ် အခု မာမီတို့က သမီးတို့ချစ်ခြင်းကို ကိုယ်ချင်းမစာလို့ခွဲတာ မဟုတ်ပါဘူးကွယ်၊ အတိတ်က ဖျက်မရတဲ့အမည်းစက်ကြီးကြောင့် သမီးတို့ ဘယ်လိုမှ ပေါင်းစည်းပေးလို့မရလို့ပါကွယ်"

"ဘာအမည်းစက်လဲ၊ အဲဒါတွေ ယသော် နားမလည်ဘူး





ယသော်တို့နဲ့လည်း မဆိုင်ဘူးလေ မာမီရဲ့"

မျက်ရည်တွေနှင့်ငိုယိုပြောနေသော ယသော့်ကိုကြည့်ပြီး မာမီ သက်ပြင်းခပ်ဖျော့ဖျော့ချသည်။

"အင်းလေ ဒီအခြေအနေရောက်မှတော့ အတိတ်ကအကြောင်းကို မပြောမဖြစ်ပြောပြရတော့မှာပေါ့လေ၊ တကယ်တော့ သမီးလေးမမွေးခင်က သမီးဒယ်ဒီက အိမ်ထောင်ရေးဖောက်ပြန်ခဲ့ဖူးတယ်"

"ရှင်"

ယသော် ခုတင်ထက်မှ ဆတ်ခနဲ ထလိုက်သည်။

"ဟုတ်တယ် ယသော် မေမေလေ အဲဒီအချိန်တုန်းက အရမ်းကို စိတ်သောကရောက်ခဲ့ရတယ်"

မျက်ဝန်းမှမျက်ရည်တို့နှင့်အတူ ယသော် အံ့သြမင်တက်သွားသည်။

"အဲဒီဖောက်ပြန်တဲ့မိန်းမဟာ ခင်ငြိမ်းချမ်းဆိုတဲ့မိန်းမပဲ သမီး၊ အခု မြတ်သောရဲ့အမေပဲ"

"ဟင် ဒါ ဒါဆိုရင် မြတ်သောက ဒယ်ဒီ့သားပေါ့ အဲဒီလိုပြောချင်တာလား မာမီ"

"အဲဒါကတော့ ကာယကံရှင်ပဲသိနိုင်မယ် သမီး၊ ဒါကြောင့် မာမီ အရမ်းမုန်းခဲ့တဲ့ အဲဒီမိန်းမနဲ့ဝေးတဲ့နေရာကို မာမီတို့သွားကြရအောင်ကွယ်နော်၊ ဒီအခြေအနေမှန်ကို သမီးသိပြီဆိုမှတော့ သမီးတို့တယ်လိုမှ ပေါင်းဖက်လို့မရဘူးဆိုတာ အဖြေကထွက်နေပြီပဲ၊ သမီးနဲ့မြတ်သောဟာ



www.burmeseclassic.com

www.burmeseclassic.com



အမေတူ အမေကွဲတွေ ဖြစ်နေနိုင်တယ်ကွဲ့"

"ဟင့်အင်း မဖြစ်နိုင်ဘူး မ မဖြစ်"

မာမီ့စကားအဆုံးမှာ ယသော်နှုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်လာကာ ဆောက်တည်ရာမဲ့စွာဖြင့် မျက်ဝန်းတို့မှေးစင်းကာ ပျော့ခွေ လဲကျသွားသည်။

"ယသော် သမီး အမလေး သားနန္ဒ အိမ်သူ ဒေါက်တာ့ဆီ ဖုန်းဆက်စမ်းပါ"

ဒေါ်စီစီကျော် သတိလစ်သွားသော ယသော့်ကိုဆွဲထူပြီး စိုးရိမ် တကြီးဖြင့် ဆရာဝန်ခေါ်ရန်ပြောတော့သည်။

နန္ဒမှာ ယသော့်ကိုကြည့်ပြီး စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ် ကာ ဆရာဝန်ဆီဖုန်းဆက်ရန် ထွက်သွား၏။

အိမ်သူမှာ ယသော့်နားမှာထိုင်လိုက်ပြီး တရှုံ့ရှုံ့ထိုင်ငိုလိုက်သည်။

■ ■ ■

## အခန်း (၄၂)

"မငိုပါနဲ့ အိမ်သူ ကျွန်တော့်ကိုပြောပါ၊ ဆရာဝန်ပင့်ရလောက် အောင် ယသော့်အခြေအနေက အရမ်းဆိုးဝါးနေသလား"

စိုးရိမ်လွန်း၍ ဖြူတ်သောပုံစံမှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ချောက်ချားပင် ယသော့်ဆီအပြေးသွားလိုက်ချင်သည်။

"စိတ်ဖိစီးမှုတွေများလို့ နှလုံးက ပုံမှန်အလုပ်မလုပ်တာလို့တော့ ပြောတယ်၊ အခု အရေးကြီးတာက သူ့တို့မိသားစုတွေ LA ကိုသွားကြ တော့မယ်"

"ဗျာ"

"ဟုတ်တယ် မြတ်သော အိမ်သူလည်း ယသော်အတွက် စိတ် မကောင်းဖြစ်မိတယ်၊ အိမ်သူ ဘာလုပ်ပေးရမလဲ၊ ဘာလုပ်ပေးနိုင်မလဲလို့



www.burmeseclassic.com

www.burmeseclassic.com



အရမ်းစဉ်းစားတယ်၊ စဉ်းစားတိုင်းအဖြေကမထွက်ဘူး၊ ခုဆိုရင် အခြေအနေကပိုပြီးဆိုးသွားပြီ၊ ရှင်တို့နှစ်ယောက် ဘယ်လိုမှဆုံစည်းလို့မရတဲ့ အခြေအနေဖြစ်သွားပြီ၊ ဒါက လောကကြီးက ချမှတ်လိုက်တဲ့ ကံကြမ္မာပဲ မြတ်သောရယ်၊ ယသော်ရော မြတ်သောရော ငြင်းဆန်ခွင့်မရှိဘူး''

''အိမ်သူ ဘာတွေပြောနေတာလဲ၊ အိမ်သူပြောနေတာတွေကို ကျွန်တော် တစ်ခုမှနားမလည်ဘူး''

''အိမ်သူ နားလည်အောင်ရှင်းပြပါ့မယ်''

အိမ်သူတစ်ယောက် ဝမ်းနည်းစွာဖြင့်ပင် ဒေါ်ခင်ငြိမ်းချမ်းနှင့် ဦးသက်တင် အတိတ်မှာပတ်သက်ခဲ့ကြပုံကို သိထားသမျှ အကုန်အစင် ပြန်၍ပြောပြလိုက်သည်။

''ဘာ''

''ဟုတ်ပါတယ် မြတ်သောရယ်၊ ယုံလိုက်ပါ''

မြတ်သော အရမ်းကိုတုန်လှုပ်သွားသည်။

မာမီက ဒီလိုမိန်းမစားမျိုးတဲ့လား။ ဒါဆိုလျှင် အိမ်သူပြောသလို ယသော်နှင့်မြတ်သောက ဖအေတူ မအေကွဲတွေပေါ့။

''မဖြစ်နိုင်ဘူး ယသော်အပေါ်မှာ ကျွန်တော် ခံစားရတဲ့ ခံစားမှုမျိုးက အဲလိုခံစားမှုမျိုးမှ မဟုတ်တာ၊ ကျွန်တော်လုံးဝ လက်မခံဘူး ကျွန်တော်ရအောင်စုံစမ်းမယ်၊ သူတို့ပြောသလို မဟုတ်ဘူးဆိုရင် ဒီည ကျွန်တော်ယသော့်ကိုလာခေါ်မယ်၊ ယသော်ကို အားတင်းထားလို့ ပြောလိုက်ပါ၊ ကျွန်တော်လည်းဖုန်းဆက်ပြီး စောင့်နေဖို့ ပြောလိုက်ပါ့မယ်''





မြတ်သော အိမ်သူ့ရှေ့မှ ထွက်လာခဲ့လိုက်သည်။

ရှေ့ဆက်ဘာတွေဆက်ဖြစ်ဦးမလဲဟု တွေးပြီး ရင်မောရသူက အိမ်သူပဲဖြစ်သည်။

သူတို့နှစ်ဦးကို ပေါင်းစည်းစေချင်သည့်ဆန္ဒက အိမ်သူ့ရင်ထဲက စစ်မှန်စွာရှင်သန်ဆဲပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ပြော ပြောလေ မာမီ၊ ကျွန်တော်က ဘယ်သူနဲ့ရတဲ့ကလေးလဲ"

အဖြစ်မှန်တွေကို သိသွားသော သား၏အရှေ့မှာ ဒေါ်ခင်ငြိမ်းချမ်း ဘယ်လိုမျက်နှာနှင့်နေရမလဲ။ ကိုယ်မသိလိုက်တဲ့ မှားခဲ့သည့်အမှားတစ်ခုက အဲဒီအချိန်ကာလမှာတင် ပြီးဆုံးသွားခြင်းမဟုတ်တဲ့နဲ့ ဒီအသက်ဒီအရွယ်ထိလိုက်ပြီး ဂယက်ရိုက်ရသလား။

"မာမီ ကျွန်တော့်ကို ဘာမှမပြောတော့ဘူးလား၊ သူတို့ပြောသလို ယသော်အဖေဦးသက်တင်ကြီးနဲ့ မာမီ တကယ်ငြိခဲ့တာလား။ ဒါဒါဆို ကျွန် ကျွန်တော်က ဦးသက်တင်နဲ့ငြိစွန်းလို့ရခဲ့တဲ့ သားလား။ ပြောပါဦး မာမီရယ် ပြောပါဦး"





ဒေါ်ခင်ငြိမ်းချမ်း လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး အရူးတစ်ယောက်လို တွင်တွင်မေးနေသော မြတ်သော၏ပုံစံမှာ စိတ်နှင့်လူနှင့်ပင်မကပ်ချင်တော့။

ဒေါ်ခင်ငြိမ်းချမ်း ရှိုက်ရှိုက်ပြီးငိုသည်။ ဒေါ်ခင်ငြိမ်းချမ်း ငိုလေ မြတ်သော၏စိုးရိမ်စိတ်တွေက အထွတ်အထိပ်ရောက်လေမို့ မြတ်သောကူကယ်ရာမဲ့စွာ ကြမ်းပြင်မှာဒူးထောက်ထိုင်ချလိုက်သည်။

"မာမီ သားကိုကယ်ပါ သား ယသော့်ကို ဆုံးရှုံးရင် မာမီလည်း သားကိုဆုံးရှုံးရလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်ဟာ ဦးသက်တင်နဲ့ရတဲ့ သားမဟုတ်ဘူးဆိုတာကို ငြင်းလိုက်ပါ မာမီရယ်"

မိခင်၏ခြေသလုံးကိုဖက်ကာ တွင်တွင်ငိုနေသော မြတ်သောကို ကြည့်ပြီး ဒေါ်ခင်ငြိမ်းချမ်း ရင်ထဲမချိတော့။ မျက်ရည်တို့မဆည်နိုင်။ အချစ်ဆိုတာ တဖန်မွေးဖွားလို့ရပါတယ် သားရယ်ဟု စိတ်ထဲကပဲ ပြောနေလိုက်သည်။ အမှန်ဆို မြတ်သောကလည်း ဒေါ်ခင်ငြိမ်းချမ်းရဲ့သားမှ မဟုတ်ခဲ့တာပဲ။ လူပျိုလို့ညာပြောခဲ့ပြီး ကိုယ့်ဆီကအချစ်ကို ရအောင်ယူခဲ့သည့် ဦးသက်တင်နှင့်အချစ်ဇာတ်လမ်းတစ်ပုဒ် ဖန်တီးနေစဉ်မှာပင် ဒေါ်စီစီကျော်ဟာ မယားကြီးအဖြစ် ဘွားခနဲပေါ်လာ၍ ပတ်ဝန်းကျင်အလည်မှာ အရှက်ကွဲခဲ့ရသည်။

ထို့နောက် ဦးသက်တင်ကို မုန်းမေ့ဖို့အတွက် မြတ်သော၏အဖေကိုဝေလင်းကို လက်ထပ်ခဲ့သည်။ လက်ထပ်စဉ်မှာပင် ခုနစ်လအရွယ် သားလေးပါလာသည်မို့ ဒေါ်ခင်ငြိမ်းချမ်းဟာ မြတ်သောကို



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်လို စောင့်ရှောက်ခဲ့သည်။ သူ့ကိုယ်သူ မြတ်သောအား ဝမ်းနှင့်လွယ်မွေးခဲ့ရသည့် မိခင်တစ်ယောက်လိုပင် အတိတ်ကအကြောင်း တွေ မေ့ပစ်ပြီး မိခင်ကောင်းတစ်ယောက်အဖြစ် ရပ်တည်ခဲ့သည်။ ဒီ လျှို့ဝှက်ချက်တွေကို မြတ်သောတစ်သက် မသိစေရဟု ကိုဝေလင်းနှင့် သဘောတူ ကတိထားခဲ့သည်။

ကိုဝေလင်း ဆုံးသွားပေမယ့် လောကကြီးထဲမှာ အမေတစ်ခု သားတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ထို့ကြောင့် သားအမေးကိုမဖြေဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ဒါဟာဝန်ခံရာလည်းရောက်သွားနိုင်သည်။

"မာမီ ဟာ သွားပါပြီကွာ၊ သား သား ဘဝကြီးက ရှင်လျက်နဲ့ သေသွားပြီ၊ မာမီတို့ရက်စက်တယ်၊ ကိုယ့်အမှားတွေကို သားသမီးတွေ အထိပါဆက်ခံအောင် လုပ်တယ်၊ အခု သားဘာလုပ်ရမလဲ၊ ယသော်နဲ့ မောင်နှမတွေဖြစ်နေမှတော့ သားဘဝကြီးကို အဆုံးစီရင်ပစ်တာပဲ ကောင်း တယ် မာမီ"

"သား သားရယ် သူ့ကိုမေ့ပစ်လိုက်ပါတော့နော်"

"ဟောဒီရင်ဘတ်ကြီးနဲ့ အပီအပြင်ချစ်ခဲ့ပြီးမှ ဘယ်လိုလုပ် မေ့ပစ်ရမလဲ"

သားဖြစ်သူကို အမှန်အတိုင်းပြောချင်ပေမယ့် သားအရင်း မဟုတ်ဘူးဆိုတာ သိသွားမှာကိုတော့ ဒေါ်ခင်ငြိမ်းချမ်း မလိုလားပါ။ မြတ်သော ခံစားနေရသည့် သောကတွေဟာ သူ့အချိန်တန်လာလျှင် ပြီးဆုံးသွားမည်မို့ ယသော်နှင့်မြတ်သော ဆုံစည်းခွင့်ရှိသည်ဆိုသည့်





အကြောင်းပြချက်အမှန်တရားတစ်ခုကို ဒေါ်ခင်ငြိမ်းချမ်း အစမဖော် လိုတော့ပါ။

ယသော်နှင့်ပေါင်းစေချင်တာနှင့် တစ်သက်လုံး သားအမိ သံယောဇဉ်ဖြင့်နေလာသည့် မိသားစုအခြေအနေလေးကို အဖျက်ဆီး မခံနိုင်။

ဒီတော့ ချော်လဲရောထိုင်လိုက်ရုံပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ဟား လောကကြီး မတရားဘူး၊ မာမီလည်း မတရားဘူး
ဦးသက်တင်ကြီးလည်း မတရားဘူး၊ အားလုံးမတရားဘူး"

ကားမောင်းရင်း သွေးရူးသွေးတန်းတွေ အော်ဟစ်ပြောနေသော မြတ်သောကို တခြားကားပေါ်မှ လူအချို့ ကြည့်သွားကြသည်။

တကယ်တော့ မြတ်သော မူးနေခြင်းမဟုတ်ပါ။ မာမီနှင့်မျက်နှာချင်းမဆိုင်ချင်တော့၍ ခြေဦးတည့်ရာကို မောင်းထွက်လာခြင်းဖြစ်သည်။

ထိုစဉ် ဖုန်းမြည်လာသည်။ မာမီ့ဖုန်းဖြစ်နေသဖြင့် ဖုန်းလုံးဝမထူး။ ဒုတိယအကြိမ် ထပ်မြည်လာသည်။ ဒီတစ်ခါဖုန်းက ဖြိုးပိုင်၏ဖုန်းဖြစ်နေ၍ စိတ်ထွက်ပေါက်တစ်ခုရလိုရငြား ဖုန်းပြန်ထူးလိုက်သည်။

"ဟဲလို ဖြိုးပိုင် ငါ ငါအရမ်းစိတ်ညစ်နေတယ်ကွာ၊ သွားပြီ





ငါ့ဘဝက ရှင်လျက်နဲ့သေသွားပြီကွ၊ ငါ ယသော်ကိုချစ်သူအဖြစ် ဆုံးရှုံးလိုက်ရပြီကွာ၊ ငါလောကကြီးထဲမှာ အသက်ဆက်မရှင်ချင်တော့ဘူး၊ ဒီဘဝမှာ ယသော်နဲ့မပေါင်းရတော့မယ့်အတူတူ နောင်ဘဝမှပဲ ပေါင်းရတော့မှာပေါ့"

ကားမောင်းရင်းတစ်ဖက်နှင့် ဖုန်းပြောနေသော မြတ်သောမှာ စိတ်တွေလှုပ်ရှားနေသဖြင့် ကားက ဘယ်ညာယိမ်းထိုးနေသည်။

"မရဘူး ခုချိန်မှာ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ငါ တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နေပါရစေ . . . . "

"ကျွီ"

"ဝုန်း"

"အား"

လမ်းချိုးမှဖြတ်ဝင်လာသော ကားကိုမြင်လိုက်ပေမယ့် မြတ်သောအဖို့ ဘယ်လိုမှရှောင်ချိန်မရလိုက်။

မြတ်သော၏အသိစိတ်တို့သည် နာကျင်မှုတို့နှင့်အတူ အမှောင်ကမ္ဘာထဲကို ရောက်ရှိသွားသည်။

ခန္ဓာကိုယ်သည် ထိုအမှောင်ကမ္ဘာထဲသို့ ငှက်မွေးလေးတစ်ခုလို ပေါ့ပါးစွာလွင့်မျောသွားသလိုလို။

ဘာတွေလဲ ငါ ဘယ်ကိုလွင့်သွားတာလဲ၊ ယသော် ယသော်ရေ ကိုယ်ဘယ်နေရာပဲရောက်ရောက် မင်းဆီကိုရောက်လာခဲ့မယ်။ ကိုယ် မင်းကိုလာခေါ်မယ်။ ကိုယ့်စိတ်က သိနေတယ်၊ မင်းနဲ့ကိုယ် မောင်နှမတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြဘူးဆိုတာပေါ့။

■ ■ ■

"အမလေး ဘုရား ဘုရား သား သားဆုံးပြီ ဟုတ်လား ဒယ်ဒီ ဒယ်ဒီရေ လုပ်ပါဦး ငြိမ်းကိုကယ်ပါဦး ဒယ်ဒီရယ်၊ ငြိမ်းဘဝထဲက သား သားထွက်သွားပြီ ဒယ်ဒီရဲ့"

အိမ်သူ့အား ဒေါ်ခင်ငြိမ်းချမ်း၏ဒိုင်ယာရီစာအုပ်ပေးပြီး ပြန်ဝင်လာသောအဘိုးမှာ ငိုကြီးချက်မနှင့်ပြောပြီး ကြမ်းပြင်ပေါ်ခွေလဲကျသွားသော သမီးဖြစ်သူကို ခပ်ကြောင်ကြောင်ကြည့်ကာ ပြေးပွေ့လိုက်သည်။

"ငြိမ်း ဘယ်သူနဲ့ဖုန်းပြောနေတာလဲ ပြောစမ်း၊ မြတ်သော မြတ်သော ဘယ်သွားလို့လဲ၊ ထ ထပါဦး နင် အဲလိုဖြစ်နေတာကို ငါလည်း မကြည့်ရက်ဘူး"

အဘိုးပါ ဒေါ်ခင်ငြိမ်းချမ်းကိုကြည့်ပြီး တဟီးဟီးနှင့်ငိုချလိုက်သည်။ ဒေါ်ခင်ငြိမ်းချမ်းကတော့ သတိလစ်နေဆဲ။

ထိုစဉ် ဖြိုးပိုင်နှင့်ကိုဖင် အိမ်ထဲကို အပြေးတစ်ပိုင်းဖြင့်ဝင်လာသည်။

"အဘိုး အဘိုး အန်တီ ဘာဖြစ်တာလဲ"

"မသိဘူး မြတ်သောက ဘာဖြစ်တယ်ဆိုလား ပြောပြီး သတိလစ်သွားတာ၊ လုပ်ပါဦး ငါ့သမီးငြိမ်းကိုကယ်ပါဦးကွာ၊ ဟိုကောင် ငါ့မြေးအစုပ်ပလုပ်လေးက ဘယ်ကိုထွက်သွားမှန်းသေိပါဘူးကွာ"

အဘိုးနှင့်အန်တီငြိမ်းချမ်းကိုကြည့်ပြီး ကိုဖင်နှင့်ဖြိုးပိုင် မျက်ရည်





တို့ကျလာသည်။

မြတ်သော ကားအက်ဆီးဒင့်ဖြစ်ပြီး နေရာမှာတင်ပွဲချင်းပြီး ဆုံးသည်ဆိုတာကို အဘိုး မသိသေးဘူးပဲ။

■ ■ ■

"ယသော် နင့်အတွက် ဝမ်းသာစရာသတင်းထူးပါတယ်"

ခုတင်ထက်မှာခပ်ယဲ့ယဲ့ လဲလျောင်းနေသော ယသော်မှာ အခန်းထဲသို့ တက်ကြွစွာဝင်လာသော အိမ်သူ့ကို အသက်မပါသလို သုမ်းကြည့်လိုက်သည်။

"ဘာလဲ ဒီညဲ မြတ်သော ငါ့ဆီလာမယ်ဆိုတဲ့အကြောင်းလာပြောမလို့မဟုတ်လား။ ငါ ငါနဲ့မြတ်သောက ဖအေတူ မအေကွဲမောင်နှမဆိုမှတော့ တို့နှစ်ယောက် ဘယ်လိုပုံစံနဲ့တွေ့ကြမလဲ အိမ်သူရယ်၊ ငါ ဒါချစ်တာ ချစ်သူတစ်ယောက်လိုချစ်ခဲ့တာ၊ မြတ်သောရဲ့ကိုယ်ငွေ့ မြတ်သောရဲ့အနမ်းတွေကို ငါ ခုချိန်ထိ ရင်ခုန်နေတုန်းပဲ"

ပြောရင်းဖြင့် ယသော် ဝမ်းနည်းစွာ ငိုရှိုက်လိုက်သည်။

"မငိုနဲ့တော့ နင်ငိုဖို့မလိုတော့ဘူး၊ နင်ဝမ်းသာမယ့်ကိစ္စပြောမှာမို့လို့ နင်ဒီည ထမင်းစားရမယ်လို့ ငါ့ကိုအရင်ဆုံး ကတိပေး"

"ယသော် ဘာမှစားချင်စိတ်မရှိတော့လို့ပါ အိမ်သူရယ်"

"ကောင်းပြီလေ ဒါဆိုရင်တော့ မပြောတော့ဘူး၊ ခုပဲ ညခြောက်နာရီကျော်ပြီဆိုတော့ နို့တစ်ခွက်လောက်သောက်ပြီး ဆေးသောက်အိပ်လိုက်တော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူ့စကားကြောင့် အိမ်သူ မြတ်သောနှင့်ပတ်သက်ပြီး ဘာပြောမည်ဆိုတာကို သိချင်လာပြန်သည်မို့

"ဟို ဟိုလေ ယသော် ထမင်းတော့ မစားချင်ဘူး ဒါပေမဲ့ မြတ်သောအကြောင်း ဝမ်းသာရမယ့်သတင်းဆိုတော့ နည်းနည်းတော့ စားမယ်၊ ဒါပေမဲ့ မစားခင်တော့ ပြောပြရမယ်"

"အဲ့ကော ဒါဆိုကောင်းပြီ ငါပြောပြမယ် ရော့ ဒီစာအုပ်ကိုဖတ်"

ကမ်းပေးသော စာအုပ်ကိုလှမ်းမယူသေးဘဲ စိတ်မသက်မသာ ပြောလိုက်သည်။

"ဩော် ဒါ မြတ်သော မာမီရဲ့ငယ်ငယ်တုန်းက ဒိုင်ယာရီစာအုပ် နင့်အဖေအကြောင်းလည်း ပါတယ်၊ မြတ်သောအဖေအကြောင်းလည်းပါတယ်တဲ့၊ ငါ့ကိုအဘိုးက တိတ်တိတ်လေး လာပေးသွားတာ"

"ဘယ်လို မြတ်သောအဖေ ဟုတ်လား"

ယသော့်မျက်နှာမှာ မျှော်လင့်ချက်တို့ဖြင့် ပြန်လည်ရွှင်ပျ လာသည်။

"ဒါဆို မြတ်သောက ယသော့်ဒယ်ဒီနဲ့ရတဲ့ သွေးသားမဟုတ် ဘူးပေါ့၊ ယသော်နဲ့မြတ်သော အဖေတူ မအေကွဲမဟုတ်ဘူးပေါ့၊ ဝမ်းသာ လိုက်တာ အိမ်သူရယ် ယသော် ဝမ်းသာလိုက်တာ"

ပြောမပြတတ်အောင် ဝမ်းသာပျော်ရွှင်နေသော ယသော့်ကို ကြည့်ပြီး အိမ်သူလည်း ပျော်ရွှင်ရပါသည်။

"ကဲ ဒါဆို ထမင်းစားရမယ်နော်၊ နည်းနည်းမဟုတ်ဘူး အများ





ကြီးကိုစားရမှာ"

"အင်းပါ စားပါ့မယ်၊ ဒါနဲ့ ဒီည မြတ်သော ယသော့်ဆီကို လာမှာပေါ့နော်"

"သူ လာမယ်လို့ ပြောထားတာပဲ လာမှာပေါ့၊ ခဏနေဦး အိမ်သူ ယသော့်အတွက် ထမင်းပွဲလေး ပြင်လာခဲ့မယ်နော်"

"အင်းပါ မြန်မြန်ယူလာခဲ့တော့ ယသော် ဗိုက်ဆာသွားပြီ"

"ကောင်းပါပြီရှင် ကောင်းပါပြီ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

သမီးယသော်အတွက် သောကပွေနေရသော ဒေါ်စီစီကျော်မှာ စိတ်သွားတိုင်း ကိုယ်မပါသူလို ဘယ်မှသွားချင်လာချင်စိတ်မရှိ၍ အခန်းထဲကကို မထွက်။

"စီ မင်းကိုယ့်ကို စိတ်ဆိုးနေတာလား"

ဦးသက်တင်၏အမေးကို မဖြေဘဲ ဒေါ်စီစီကျော် တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

"ကိုယ်မေးနေတယ်လေ စီရဲ့၊ ကိုယ်အရင်က မှားခဲ့ပေမယ့် ခုဒီတစ်ကြိမ်မှာတော့ တိုက်ဆိုင်မှုသက်သက်လို့ပဲ ပြောချင်တယ်"

"ဒါဆိုရင် မြတ်သောက ရှင်နဲ့ရတဲ့ ရှင့်ကလေး မဟုတ်ဘူးပေါ့"

"ဘုရားပေးပေး ကျမ်းပေးပေးပါကွာ၊ ကိုယ်နဲ့ငြိမ်းတို့ တွဲကြတဲ့အချိန်တိုလေးမှာ အဲဒီလောက်ထိ ရင်းနှီးပတ်သက်ခဲ့ခြင်း မရှိသေး





ပါဘူး။ ချစ်သူသမီးရည်းစားအဆင့်ပါပဲ၊ ဒါကလည်း ကိုယ့်ရဲ့မရိုးသားတဲ့ စိတ်ကြောင့် တစ်ဖက်သားခမျာ ကိုယ့်ကြောင့် ဂုဏ်သိက္ခာကျခဲ့ရတယ်"

"အို တော်ပါ၊ ခုချိန်ထိရှင့်မယားငယ်မဘက်က ကာကွယ်ပေးတုန်းလား။ ဒီမှာ ရှင်းရှင်းပဲပြောမယ်၊ မြတ်သောဟာ ရှင်နဲ့ရခဲ့သည်ဖြစ်စေ မရခဲ့ဘူးဖြစ်စေ စီစီသမီးနဲ့ လုံးဝ သဘောမတူတော့ဘူး"

"ကလေးတွေရဲ့စိတ်ခံစားမှုထက် မင်းရဲ့စိတ်ခံစားမှုကို ပိုပြီး ဦးစားမပေးသင့်ပါဘူးကွာ၊ သူတို့က တကယ်ချစ်ခဲ့ကြတဲ့ချစ်သူတွေပါ၊ မင်းလည်း ငယ်ရာကကြီးလာတာပဲ ကိုယ်ချင်းစာသင့်ပါတယ်ကွာ"

"ဘာလဲ ရှင်တို့ရဲ့ မဆက်လိုက်ရတဲ့အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သားသမီးတွေနဲ့ဆက်ခိုင်းပြီး အာသာဖြေကြတော့မလို့ပေါ့လေ ဟုတ်လား"

"စီစီ မင်းတော်တော့ကွာ ဆက်မပြောနဲ့တော့"

ဦးသက်တင် ဒေါသကြောင့် ရှူးရှူးရှားရှား ဖြစ်သွားသည်။

ထိုစဉ် စားပွဲပေါ်တင်ထားသော ယသော့်ဖုန်းမြည်လာသည်မို့ ဦးသက်တင်ကိုင်ဖို့ လက်လှမ်းရွယ်လိုက်သည်။ ဒေါ်စီစီကျော် ဦးသက်တင် လက်ကိုပုတ်ထုတ်လိုက်ပြီး

"နေပါ စီစီပဲကိုင်မယ်၊ မြတ်သောဖြစ်နေရင် တစ်ခါတည်း အပြတ်ပြောရမယ်"

"ဟဲလို ဟုတ်ပါတယ် ဒါယသော့်ဖုန်းပါ၊ ခုဆက်နေတာ ဘယ်သူလဲ မြတ်သောလား"



www.burmeseclassic.com

www.burmeseclassic.com



တင်းမာသောလေသံဖြင့် အပြတ်ဖြတ်ရန် ပြောဖို့ လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။ ထိုအချိန်မှာပင် တစ်ဖက်မှပြောလိုက်သောစကားကြောင့် ဒေါ်စီစီကျော် မျက်လုံးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားကာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး

"ဘုရား ဘုရား မြတ် မြတ်သော ကား ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးပြီ ဟုတ်လား"

ဦးသက်တင် ခန္ဓာကိုယ်မှာ ဆတ်ခနဲ မတ်သွားပြီး ဒေါ်စီစီကျော်ကို လှမ်းကြည့်သည်။

"ဂလွမ် ချလွင်"

ထိုအချိန်မှာပင် ထမင်းပွဲပြင်ပြီး ဗန်းဖြင့်ထည့်လာသော အိမ်သူ့လက်ထဲမှ ထမင်းဗန်းသည် ဒေါ်စီစီကျော်၏အထိတ်တလန့်စကားကြောင့် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။

■ ■ ■



## အခန်း (၄၆)

တစ်ကိုယ်လုံးသွေးတွေပေကျံနေသော အဝတ်အစားတွေဖြင့် မြတ်သော ယသော်တို့ခြံထဲကိုပြေးဝင်လာသည်။

"ယသော် ယသော်ရေ ယသော်"

လူရိပ်လူခြေမတွေ့ရ၍ မြတ်သောအိမ်ထဲသို့ ဝင်လာပြီး ယသော့်အခန်းရှိရာသို့ လျှောက်လာလိုက်သည်။

"ယသော် ယသော်"

မြတ်သော၏ ခပ်သဲ့သဲ့ခေါ်သံကြောင့် မြတ်သောခုံဆီသို့ ဖုန်းခေါ်နေသော ယသော်မှာ အသံကြားရာဘက်သို့ နားစွင့်လိုက်သည်။

"မြတ်သော မြတ်သောလားဟင်"

ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီး လိုက်ကာတွေဖယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးမှတစ်ဆင့် မြတ်သောအခန်းဘက်ကို ကြည့်လိုက်သည်။ မြတ်သောအခန်းတံခါးမှာ ပိတ်ထားသည်။

"ယသော်"

ခေါ်သံက ယသော့်နောက်ကျောမှ ပေါ်လာ၍ လှည့်ကြည့်လိုက်သည်။

"ဟင် မြတ်သော ဒီအခန်းထဲကို ဘယ်လိုဝင်လာတာလဲ ယသော်လေ ခုပဲ မြတ်သောဆီကို ဖုန်းခေါ်နေတာ၊ မြတ်သောနဲ့ယသော်တို့က ဖအေတူ မအေကွဲမဟုတ်ကြဘူးတဲ့ မြတ်သောရဲ့၊ ဒါကြောင့် ယသော်တို့လက်ထပ်လို့ရပြီ"

ယသော်က ဝမ်းသာနေသလောက် မြတ်သော မျက်နှာပေါ်မှာ ကြေကွဲရိပ်ကလွှဲပြီး ဝမ်းသာရိပ်မပေါက်။

"မြတ်သော ဝမ်းမသာဘူးလားလို့"

မြတ်သော လက်မောင်းကို အားမလိုအားမရ ဆုပ်ကိုင်ပြီး မေးလိုက်သည်။

"ကိုယ်တို့ချစ်ခြင်းကို ဘယ်သူမှခွဲလို့မရဘူး၊ ကိုယ်မင်းကို အရမ်းချစ်တယ်"

"ယသော်လည်း မြတ်သောကိုချစ်တယ်လေ မြတ်သောရဲ့၊ ဒါကြောင့် ယသော့်ကို ဒီကနေခေါ်သွားပါတော့နော်၊ မြတ်သောနဲ့သာ အတူနေရမယ်ဆိုရင် ဘယ်တာဝ ဘယ်လိုအခြေအနေမျိုးနဲ့ပဲနေရ နေရ နေရဲပါတယ် မြတ်သောရယ်"





"ကိုယ် မင်းကိုချစ်တယ် အဲဒီအချစ်တွေကို ဘယ်လိုမှ တားဆီးလို့မရဘူး ဒါပေမဲ့ လွတ်လပ်စွာချစ်လို့ပဲရတယ်၊ ကိုယ်တို့နှစ်ယောက် ပေါင်းဖက်ဖို့တော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ကိုယ်လာနှုတ်ဆက်တာ၊ ယသော်နဲ့အဝေးဆုံးကို ထွက်သွားရတော့မယ်"

"အို ဟင့်အင်း ယသော်တို့နှစ်ယောက်ကြားမှာ နှုတ်ဆက်တယ်ဆိုတဲ့စကား ဘယ်တုန်းကမှ မပြောကြေးလေ၊ ယသော် နှုတ်မဆက်ဘူး။ မြတ်သောကိုလည်း အဝေးဆုံးကို ပေးမသွားနိုင်ဘူး။ ယသော့်ကို ခွဲမသွားပါနဲ့ မြတ်သောရယ်၊ ယသော့်ဘဝမှာ မြတ်သော မရှိရင် သေရပါလိမ့်မယ်"

တသိမ့်သိမ့် ငိုရှိုက်ရင်းပြောနေသော ယသော်ကို ကြည့်တာ မြတ်သော မျက်ရည်တို့ပြိုဆင်း၍ကျလာသည်။

ပြီးနောက် ဘာမှမပြောတော့ဘဲ ယသော့်ရှေ့မှ လေးလံသော ခြေလှမ်းဖြင့် လှည့်ထွက်သွားသည်။

"မြတ်သော မသွားပါနဲ့ မြတ်သော မရှိရင် ယသော် ဘဝ ဆက်ရှင်သန်လို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့် ယသော်ကိုပါ တပါတည်း ခေါ်သွားပါနော်၊ အဝေးဆုံးဆိုတာ ဘယ်လောက်ဝေးဝေး ယသော် လိုက်ခဲ့ပါရစေ၊ ယသော့်ကို မြတ်သောသာထားခဲ့ရင် ယသော်တို့ ထာဝရ ဝေးရလိမ့်မယ် မြတ်သောရယ်၊ မာမီတို့ကလေ ယ ယသော့်ကို LA ကိုခေါ်သွားဖို့ စီစဉ်နေကြပြီ"

ငိုသံနှောသောအသံဖြင့် ငိုကြီးချက်မပြောနေသော ယသော်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေသည် ယိုင်နဲ့ကာ ကျောခိုင်းသွားသော မြတ်သောနောက်မှ လိုက်လာခဲ့လိုက်သည်။

"ယသော် လိုက်ပါရစေ ယသော့်ကို ခေါ်သွားပါနော်"

ငိုသံတို့သည် ကြေကွဲခြင်းတွေဖြင့် အတိပြီးကာ နှလုံးသည်းနှိုင်တွေကို တမြေ့မြေ့နာကျင်စေ၏။

မြတ်သော မခေါ်လည်း ယသော် မြတ်သောနောက်က ထကောက်ကောက်လိုက်နေမှာပါ။ မြတ်သော လက်ကမ်းမကြိုမခြင်းပေါ့

■ ■ ■



## အခန်း (၄၇)

"အိမ် အိမ်သူ သမီး အန်တီစီတို့ပြောတာတွေ ကြားသွားပြီပေါ့"

ဦးသက်တင်နှင့် ဒေါ်စီစီကျော် အသက်မဲ့သူလို တွေတွေကြီးရပ်နေသော အိမ်သူ့ကိုတွေ့သွားသည်။

"တကယ်ပဲ မြတ်သော ဆုံးသွားတာလား အန်တီစီ၊ ဒါ ဒါ တကယ်မဟုတ်ဘူးမို့လားဟင်"

မျက်ရည်အချို့ ကြမ်းခင်းပေါ်ပြန့်ကျဲနေသော ထမင်းဟင်းတွေပေါ်သို့ ပေါက်ခနဲ ကျဆင်းကုန်သည်။

"ဟုတ်တယ် ဟုတ်တယ် အိမ်သူ သူ သူတကယ်ဆုံးသွားပြီ။ ငါ့ကို ခုပဲ မြတ်သောသူငယ်ချင်းတွေ လှမ်းအကြောင်းကြားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ယသော်ကိုတယ်လိုလုပ်မလဲ၊ ဒီအကြောင်းတွေသာ ယသော်သိသွားရင် တစ်ခါတည်း အသက်ပါသွားနိုင်တယ် အန်တီစီ"

"အို သမီးကိုအသိပေးလို့ မဖြစ်ဘူး၊ သမီး မသိစေရဘူး၊ အန်တီစီတို့ ဒီနေရာကနေ အမြန်ဆုံးထွက်သွားကြရအောင် ကိုသက်တင် စီစီပြောတာ သဘောပေါက်တယ်နော်"

ဦးသက်တင် ဘာမှပြန်မပြောတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။ မြတ်သောနှင့်သမီး၏မဆုံစည်းခြင်းတွေကို စိတ်မကောင်းဖြစ်မိသည်။

ချစ်သူတိုင်း ပေါင်းစေချင်တာ ဦးသက်တင်၏ရင်ထဲက ဆန္ဒတစ်ခုပါ။ တကယ်ဆို ငြိမ်းကိုလည်း ဦးသက်တင် ရင်နှင့်အမျှ ချစ်ခဲ့ရသည်ပဲ။ သို့သော် ထိုအချစ်တွေကို ရင်ထဲမှာပဲ လူမသိသူမသိ သိမ်းဆည်းထားခွင့်ရခဲ့သည်။

မြတ်သော မှာတော့ ထိုသို့ပင် သိမ်းဆည်းခွင့်မရခဲ့ပါလား။

"အို သမီး သမီးဘာထွက်လုပ်တာလဲ"

"မာမီ ဟိုမှာ မြတ်သော ယသော့်ကို မခေါ်ဘဲ ထွက်သွားတယ်၊ ယသော် သူ့နောက်ကို လိုက်သွားပါရစေနော် မာမီ၊ သူ ဘယ်လောက်ဝေးဝေးကိုသွားသွား ယသော် သူနဲ့အတူ သွားမယ်၊ ယသော့်ဘဝမှာ သူမရှိလို့မဖြစ်ဘူး မာမီရယ်"

"သမီးစိတ်ကိုထိန်းစမ်း သမီးဘဝထဲမှာ မြတ်သော မရှိတော့ဘူး၊ မြတ် မြတ်သော ဆုံးပြီ သမီးရယ်"





ဒေါ်စီစီပြောရင်းဖြင့် ချုံးပွဲချပြီး ငိုတော့သည်။ အိမ်သူလည်း ယသော့်ကိုကြည့်ပြီး မျက်ရည်မဆည်နိုင်တော့၊ အဖြစ်အပျက်အားလုံးကို နားစွင့်နားဖျားကြားသော အန်တီနုပင် အနားသို့ သွေးရူးသွေးတန်း ရောက်လာပြီး

"ဘယ်လို မြတ်သော ဆုံးပြီ ဟုတ်လား၊ အမလေး ဘုရား ဘုရား ဖြစ်မှဖြစ်ရလေ အဖြစ်ဆိုးလှချည်လား ကလေးရယ်"

"အန်တီနု မဟုတ်တာလျှောက်မပြောပါနဲ့ မြတ်သောက ဘာလို့ဆုံးရမှာလဲ၊ ဟိုမှာလေ မြတ်သော ခုလေးတင် ယသော့်အခန်းထဲကထွက်သွားတာ၊ ဟိုမှာ ခြံဝကိုရောက်တော့မယ်၊ မြတ်သော မြတ်သော ရေ ယသော့်ကိုထားမသွားပါနဲ့ မြတ်သောနောက်ကို ယသော်ပါ လိုက်ခဲ့ပါရစေ"

ယသော့်ခြေလှမ်းတွေသည် မြတ်သောရှိရာသို့ တရှိန်ထိုး ပြေးထွက်သွားသည်။

"အမလေး လုပ်ကြပါဦး သမီး သမီးလေး"

ဒေါ်စီစီနှင့်ဦးသက်တင် ယသော့်နောက်ကို လိုက်ခေါ်သည်။ ယသော် လှည့်မကြည့်။ မြတ်သောကိုသာ တွင်တွင်ခေါ်လျက် အရှိန်သတ်ဘဲ ပြေးနေ၏။ ယသော်ပါးမှာ မျက်ရည်စတို့အလျဉ်းမပြတ်။

"မြတ်သော ကျေးဇူးပြုပြီး ယသော့်ကို မြတ်သောနဲ့အတူနေခွင့်ပေးပါ မြတ်သောရယ် ယသော့်ကို မထားခဲ့ပါနဲ့"

"သမီးလေး မြတ်သောက တကယ်သေသွားတာပါ သမီးရယ်၊



www.burmeseclassic.com

မာမီတို့ပြောတာကို ယုံပါ ပြန်လှည့်လာပါကွယ်''

''မယုံဘူး မာမီအဲလိုမပြောပါနဲ့ အားလုံးရဲ့ရှေ့မှာ မြတ်သော ရှိနေတယ်လေ မာမီတို့မမြင်ဘူးလား''

ယသော် သေခြင်းတရားကို အမှန်တရားအဖြစ်လက်မခံနိုင်ပါ။ ယသော် သိပ်ချစ်ရတဲ့ မြတ်သောက ယသော့်ရှေ့မှာ ရှိနေသည်လေ။

''ကို''

''ဒုန်း''

''အောင်မလေး သမီးလေးကို ကားတိုက်သွားပြီ၊ သမီးလေး သေပါပြီ''

ကားရှေ့တွင်ခွေခွေလေး လဲနေသော သမီးဖြစ်သူ၏မြင်ကွင်းကို ကြည့်ပြီး ဒေါ်စီစီကျော် နေရာမှာတင် ခွေခနဲလဲကျသွားသည်။

အမှောင်ကမ္ဘာထဲတွင် မြတ်သောနှင့်သမီးလေးယသော်တို့၏ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီး သတို့သား သတို့သမီးဝတ်စုံတွေဖြင့် ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသော သမီးနှင့်မြတ်သော သူ့ကို ပြုံးကြည့်နေကြသည်။

အို ကျက်သရေရှိလိုက်သည့်စုံတွဲ။ သမီးလေးအပြုံးတွေသည် အရမ်းကိုချစ်စရာကောင်းပြီး ဘယ်တော့မှ မေ့မရတော့မည့်အပြုံးမျိုး။

သမီးလေး တော်တော်ပျော်နေသည်ပဲ။

စိတ်ချပါ သမီးရယ် မာမီလေ မာမီ သမီးနဲ့မောင်မြတ်သော တို့ သေသည်အထိ ပေါင်းဖက်လို့ရအောင် ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာ





ပွဲကြီးဆင်နွဲပေးပါ့မယ်ကွယ်။

သမီးလေးပျော်ရွှင်နေတာကို မာမီ တဝကြီးကြည့်ချင်လို့ပါ။

မာမီ ကတိပေးပါတယ်။ သမီးနဲ့မြတ်သောကို မာမီ ဘယ်တော့မှ မခွဲတော့ပါဘူး။

www.burmeseclassic.com

## အခန်း (၄၈)

"ဒူဝေ ဝေ ဝေ ဝေ.. ဒူ ဝေ ဝေ ဝေ."

မရဏာကြေးစည်သံက မြတ်သောနှင့်ယသော်မေကို ကမ္ဘာ့အပြင်ဘက်ကို တွန်းထုတ်လိုက်သလို ရင်ထဲမှာ ဟာဆင်းသွားသည်။

ထူးဆန်းသော အသုဘမင်္ဂလာအခမ်းအနားသို့ ညှော်ပရိသတ်တို့သည် မစည်ကားသင့်သော သုသာန်ပြင်တွင် စည်ကားနေကြသည်။

သတို့သားနှင့်သတို့သမီးအလောင်းကို ဘေးချင်းယှဉ်၍ထားပြီး တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားစေသော မြင်ကွင်းက မြင်ရသူအဖို့ ဖြေမဆည်နိုင်အောင် မျက်ရည်မိုးများကို ရွာသွန်းစေ၏။

အနောက်တိုင်းမင်္ဂလာဝတ်စုံတို့ဖြင့် အသက်မဲ့နေသော မြတ်သောနှင့် ယသော်မေ၏ရုပ်ကလာပ် ထားရှိရာ ခပ်လှမ်းလှမ်းတစ်နေရာ





တွင် ညှော်ပရိသတ်ကြီးကို မျှော်ကြည့်နေသော ဝိညာဉ်သတို့သားနှင့် ဝိညာဉ်သတို့သမီး။

"မြတ်သော ဟိုမှာကြည့်စမ်း ယသော်ရော မြတ်သောရော မင်္ဂလာဝတ်စုံတွေနဲ့ အိပ်ပျော်နေကြသလိုပဲနော်၊ လူတွေကလည်း များလိုက်တာ မြတ်သောရယ်၊ ယသော်တို့ မင်္ဂလာပွဲကို လာကြတယ်နော်"

"ဒါပေါ့ ကိုယ်တို့ရဲ့မရဏာဘိသိက်ပွဲကို သူတို့လာပြီး ချီးမြှင့်ကြတာလေ"

"ယသော့်စိတ်ထဲမှာလေ ကြောက်သလိုလို ပျော်သလိုလိုနဲ့ ဝေခွဲမရဘူးဖြစ်နေတယ်၊ မာမီတို့ဒယ်ဒီတို့ ကိုကိုတို့ ငိုနေကြတာကို ယသော် မကြည့်ရက်ဘူး၊ အိမ်သူလည်း ယသော့်ဘေးကနေ မခွာဘူး ငိုနေလိုက်တာ သနားဖို့ကောင်းတယ်၊ သူတို့အားလုံးကို ယသော်တို့ သူတို့အနားမှာရှိတယ်ဆိုတာ အသိပေးချင်လိုက်တာ"

"မလိုတော့ပါဘူး ယသော် သူတို့နဲ့ကိုယ်တို့က ဘဝခြားသွားပြီပဲ၊ ကိုယ်တို့ကို သူတို့တမလွန်ရောက်မှ မင်္ဂလာပွဲပြုလုပ်ပေးကြတယ်၊ ဘာပဲဖြစ်ဖြစ် ကျေနပ်ပါတယ်၊ သိပ်မကြာတဲ့အချိန်ကာလတစ်ခုမှာ ကိုယ်တို့ကို မေ့သွားကြမှာပါ"

"ဟုတ်တယ်နော် ယသော်နဲ့မြတ်သောကို ဘယ်လိုအနှောင့်အယှက် အစားအသီးမျိုးမှ လာပေးလို့မရတော့ဘူးဆိုတဲ့အသိက ယသော့်စိတ်တွေကို နိုးကြားနေစေသလိုပဲ ယသော်တို့တာမှ မမြင်ရတဲ့အမှောင်ထဲမှာ ခွဲခွာသွားလို့မဖြစ်ဘူး သိလား၊ ယသော့်ဘေးမှာ မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် ယသော် ကြောက်မိမှာ၊ ငိုလည်းငိုမိမှာ''

"ကိုယ့်လက်ကိုရဲရဲသာ ဆုပ်ကိုင်ထားလိုက်ပါ ယသော်ရယ်၊ ဘယ်လောက်ပဲ မှောင်မိုက်တဲ့လမ်းတွေကိုလျှောက်ရပါစေ ကိုယ်တို့ကို ဘယ်သူမှ ခွဲလို့မရတော့လောက်အောင် လုံခြုံစေမယ့် အဲဒီအမှောင်လမ်းကို ကိုယ်ကဦးဆောင်ပြီး လျှောက်မှာပါ၊ ယသော် စိတ်မပူက်စေရအောင် ယသော့်အနားမှာ ထာဝရ အဖော်လုပ်ပေးမှာပါ၊ ကိုယ်တို့လွတ်လွတ်လပ်လပ် ချစ်ကြရအောင်၊ ဒါကြောင့် အချစ်တွေပြည့်နေတဲ့ ကိုယ့်ရင်ခွင်မှာ စိတ်ချလက်ချခိုလှုံပါတော့ အချစ်ရယ်၊ ကိုယ်တို့အနမ်းတွေ ဖလှယ်ကြမယ်၊ တစ်ယောက်ကိုတစ်ယောက် ရင်ခုန်မိန်းမောစေမယ့် စကားလုံးလှလှတွေပြောပြီး အချိန်တွေကိုကျော်ဖြတ်မယ်၊ ကိုယ်တို့ရဲ့သီးသန့်ကမ္ဘာလေးထဲမှာ ကိုယ့်မာမီနဲ့ကိုယ့်အဘိုးလည်း မရှိဘူး၊ ယသော့် ဒယ်ဒီတို့ မာမီတို့လည်းမရှိဘူး၊ နန္ဒလည်းမရှိဘူး၊ အိမ်သူနဲ့ အန်တီနုလည်း မရှိဘူး–''

ကိုယ်တို့ကမ္ဘာမှာ ကိုယ်တို့အချစ်တွေကပဲ ပြည့်နှက်နေစေရမယ်…။

အားလုံးအတွက်

နတ်သမီး

BURMESE CLASSIC

www.burmeseclassic.com